# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလဆန်း (၂) ရက် ၊ သောကြာနေ့ ၊ (12-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနား၊ မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်၌ "ထူးချင်ပူးစမ်းမြစိမ်းရောင်ပြခန်း" ဖွင့်ပွဲနှင့် (၇၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပ



**ပုသိမ် ဇန်နဝါရီ ၁၁**

ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် (၇၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၅ နာရီက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော်ပေါ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖားစည်ကိုးချက်တီးကာ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကရင်အလံတော်အား ကရင်အမျိုးသားသီချင်းဖြင့် လွှင့်ထူသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက "ထူးချင်ပူးစမ်းမြစိမ်းရောင်ပြခန်း"ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

**မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၃ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၄ ခု ခွင့်ပြုပေးခဲ့**

စာမျက်နှာ - ၃

**(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုအားလုံးကို မန္တလေးတိုင်းဒေသကြီးအသင်း ဆွတ်ခူး**

စာမျက်နှာ - ၉

**စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့်ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် လားရှိုးမြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ သာသနာ့ဝန်ဆောင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကန့်ကွက်ရှုတ်ချပွဲပြုလုပ်**

စာမျက်နှာ - ၁၉




ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများ

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့လူဦးရေအတော်များများကို ကူးစက်မှုဖြစ်ပွားကာ ရောဂါပြင်းထန်မှုကြောင့် သေဆုံးရမှုများလည်း များပြားခဲ့သည်။ သို့သော် ကာကွယ်ဆေးလျင်မြန်စွာထုတ်လုပ်နိုင်မှုနှင့် လူအများအပြားကို အချိန်တိုအတွင်း ကာကွယ်ဆေးများ ထိုးနှံပေးနိုင်မှုများကြောင့် ရောဂါပြင်းထန်မှုဒဏ်ကို ခံနိုင်ရည်ရှိကြကာ အသက်ဆုံးရှုံးမှုများကိုလည်း ကာကွယ်နိုင်ခဲ့သည်ကို တွေ့ရပေသည်။

ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေတတ်သော **SARS-CoV-2** အပါအဝင် ဗိုင်းရပ်စ်အားလုံးသည် အချိန်နှင့်အမျှ ပြောင်းလဲနေသည်။ ထို့ကြောင့် မိမိကိုယ်တိုင်နှင့် အခြားသူများကို အိုမီခရွန် ကူးစက်မခံရအောင်ကာကွယ်ဆေးထိုးနှံခြင်းအပြင် ရောဂါပိုးမကူးစက်၊ မပျံ့နှံ့စေရန် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိနှင့် သင့်လျော်သော ပါးစပ်နှင့်နှာခေါင်းစည်းကိုတပ်ဆင်ခြင်း၊ အိမ်အတွင်း လေဝင်လေထွက်ကောင်းမွန်စေရန်ထားရှိခြင်း၊ လက်များကို မကြာခဏဆေးကြောသန့်စင်ပြီး နှာချေ၊ ချောင်းဆိုးသည့်အခါ တံတောင်ဆစ်ကွေးဖြင့် ကာထားခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရန်အရေးကြီးပါသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးသုတေသနဦးစီးဌာနသည် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ပေးပို့သော ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများ၏ ဓာတ်ခွဲနမူနာ ၁၈ ခုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ မျိုးဗီဇတစ်ခုလုံးစစ်ဆေးမှု **(Whole Genome Sequencing)** ကို ဆောင်ရွက်ခဲ့ရာ ဓာတ်ခွဲနမူနာ ၁၆ ခုတွင် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများတွေ့ရှိခဲ့ရပါသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများသည် **SARS-CoV-2 Omicron Variant** များဖြစ်ပြီး စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ သုံးဦးတွင် **Omicron HV.1 ၊ JN.1** နှင့် **EG.5.1.8 Variants** တို့ကိုလည်းကောင်း၊ ပြည်တွင်း ကူးစက်ပြန့်ပွားသူ ၁၃ ဦးတွင် **Omicron JN.1** ၁၁ ဦးနှင့် **XBB.1.16.17** နှစ်ဦးတို့ကိုလည်းကောင်း အသီးသီးတွေ့ရှိရပြီး ၎င်းတို့အားလုံးသည် ကျန်းမာရေးအခြေအနေများ သက်သာကောင်းမွန်သဖြင့် သက်ဆိုင်ရာဆေးရုံအသီးသီးမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ယခုတွေ့ရှိရသော **SARS-CoV-2 Omicron Variant** များတွင် **HV.1 ၊ JN.1** နှင့် **EG.5.1.8** တို့မှာ မြန်မာနိုင်ငံတွင် အသစ်ထပ်မံတွေ့ရှိသည့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများဖြစ်ပါသည်။

သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ အသစ်တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ **JN.1** သည် **EG.5** ကဲ့သို့ပင် ပြည်သူ့ကျန်းမာရေးထိခိုက်မှုအန္တရာယ်ဖြစ်နိုင်ခြေနည်းပါးသည်။ ၎င်းဗီဇပြောင်းမျိုးကွဲပိုးသည် ကူးစက်ပျံ့နှံ့မှုမြင့်တက်လာသော်လည်း ရောဂါပြင်းထန်မှုမရှိသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသခြင်းလုပ်ငန်းများကို ပိုမိုအရှိန်မြှင့်ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါမျိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိမှုများနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်လျက်ရှိခြင်းတို့ကို ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို မပျက်မကွက်ခံယူကာ သတိပြုကာကွယ်နေထိုင်ကြရမည်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲကြီး အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၁**

ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပဲကြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူးဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲကြီးကို အိန္ဒိယနိုင်ငံက ဝယ်ယူမှုများရှိလာကြောင်း၊ ပြည်တွင်း၌လည်း ပဲကြီးများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဈေးကွက်အတွင်း၌ပါ ပဲကြီးကို ကုန်သည်များက ဝယ်ယူမှုများပြားလာခြင်းကြောင့် ပဲကြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"ပဲကြီးတွေကို အခုလက်ရှိမှာ ပြည်ပကရော ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက်ပိုပြီး အရောင်းအဝယ် ကောင်းနေတဲ့အနေအထားမှာရှိနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲကြီးဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၃၈၀၀၀၀ ပေါက်ဈေးရှိလာပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ပဲကြီးကလဲ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲအမျိုးအစားထဲမှာပါပါတယ်။ မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာလဲ ပဲကြီး အရောင်းအဝယ်ပြန်ပြီးကောင်းနေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး-ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကြည့်ရှုသော ခရီးသွားဦးရေ များပြားလာ



**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေး-ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ ကြည့်ရှုသော ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေနည်းချိန်ကာလ မန္တလေး-ကျောက်မြောင်းကြားတွင် ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို လာရောက်ကြည့်ရှုသည့် ခရီးသွားဦးရေမှာ ဇန်နဝါရီလ ဒုတိယပတ်မှစ၍ များပြားလျက်ရှိကြောင်း၊ ယခုအခါ ဧရာဝတီလင်းပိုင်များသည် အစာရေစာပေါများသည့် အင်ဒေါင်းကျေးရွာအနီးတွင် နေထိုင်ကျက်စားလျက်ရှိကြောင်းသိရသည်။

"အခု မြစ်ရေနည်းချိန်ကာလ ဖြစ်ပေမဲ့လဲ မန္တလေးဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်းကြားမှာနေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကို ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်ကြည့်ရှုမှုပြန်များလာတယ်။ အဓိကကတော့ မန္တလေး-ကျောက်မြောင်းကြားမှာရှိတဲ့လင်းပိုင်တွေနဲ့ ကျေးရွာတွေက ရေလုပ်သားတွေ အကျိုးတူပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကို ကြည့်ရှုလေ့လာကြတာ ပိုပြီးများလာပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ ဇန်နဝါရီလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၂၅၀ ကျော်သာ ရှိသော်လည်း ဇန်နဝါရီလ ဒုတိယပတ်မှစ၍ သွားရောက် ကြည့်ရှုသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၅၀ ကျော်ထိ ရှိလာကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေး ကားဈေးကွက်အတွင်း အရောင်းအဝယ်များ ပုံမှန်အတိုင်းသာရှိကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ယခုအခါ ကားဈေးနှုန်းများ ပြန်လည်တည်ငြိမ်စပြုလာပြီး ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗွစ်ရ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း၊ လျှပ်စစ်သုံးကား (EV) များကို စိတ်ဝင်စားမှု မြင့်တက်နေသော်လည်း ငွေကျပ်သိန်း ၁၃၀၀ ခန့် ပေါက်ဈေးရှိပြီး အရောင်းအဝယ်အေးနေကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၇၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၂၀၊ Auto ငွေကျပ်သိန်း ၁၅၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဖိုးဇော်ထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်လာပြီး အရောင်းအဝယ်ဖြစ်မှု နည်းပါးနေသော်လည်း တစ်ပတ်ရစ်ဘီးများ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ် (EV) ဘီးများ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိပြီး လူငယ်အများစု စိတ်ဝင်စားကာ ဝယ်ယူမှုများနေကြောင်း၊ တစ်ပတ်ရစ်ဆိုင်ကယ် အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ ပို၍ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန် ၅ သောင်းခန့်ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၃ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄ ခု ခွင့်ပြုပေးခဲ့

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှု ၁၄ ခုခွင့်ပြုပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ မင်းဇော်ဦးက ပြောပြ၍ သိရသည်။

ထိုသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄ ခုတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၃ ခုနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုတို့ ပါဝင်ကြောင်း၊ ထိုသို့ ၂၀၂၃ ခုနှစ်အတွင်း ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ စက်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးမှာ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် တစ်နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်နဲ့ ခွင့်ပြုခဲ့တဲ့ လုပ်ငန်းစုစုပေါင်း ၁၄ ခုရှိပါတယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုက ၁၃ ခုနဲ့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုက တစ်ခုဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏကတော့ မြန်မာကျပ်ငွေ သန်း ၁၇၀၀၀၀ ကျော်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၈ သန်း ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကနေ အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ မြန်မာနိုင်ငံသား လုပ်သားအယောက် ၆၅၀ ကျော်နဲ့ နိုင်ငံခြားသား လုပ်သား ၁၁ ယောက်ကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ မင်းဇော်ဦးက ပြောပြ၍ သိရသည်။

ASH

# အောင်လံမြို့နယ် ရွှေသူငွေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**အောင်လံ ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေသူငွေးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာရေကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ထိန်းသိမ်းသွားရန် ဆွေးနွေးမှာကြားသည်။

အောင်လံမြို့နယ် ရွှေသူငွေးကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၅ ဒသမ ၁၄၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် အာသာတံကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၂၀၄၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကြက်သွန်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၂၀၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူဧက ၂၅၃၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးခရိုင်မှာ ကြက်သွန်ဖြူဧက ၂၅၃၀ စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိ ၂၀၄၇ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ကြက်သွန်ဖြူကို စီးပွားဖြစ်မစိုက်ကြဘဲ အိမ်သုံးလောက်ပဲ စိုက်ကြတာများပါတယ်။ တချို့နေရာတွေမှာ ကြက်သွန်ဖြူကို စီးပွားဖြစ်စိုက်တာ ရှိပါတယ်။ ကြက်သွန်ဖြူစိုက်ပျိုးဖို့က အရင်းအနှီးများတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်ဖြူစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၅၄၅ ဧက၊ မင်းကင်းမြို့နယ်တွင် ၅၀၂ ဧက စုစုပေါင်း ၂၀၄၇ ဧက ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ဧက ၂၀၃၀၊ မင်းကင်းမြို့နယ်တွင် ဧက ၅၀၀ စုစုပေါင်း ဧက ၂၅၃၀ ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်ဖြူစိုက် တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်ဖြူကို ကြာရှည်စွာ အထားခံနိုင်စေရန် နည်းပညာပေးခြင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်ဖြူဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးခရိုင်အတွင်းရှိ ကြက်သွန်ဖြူစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းကုန်ကျပြီး တစ်ဧကလျှင် ပိဿာ ၁၅၀၀ မှ ပိဿာ ၂၀၀၀ ခန့်ထိ ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေငံရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေငံရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၄၇ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

# တောင်တွင်းကြီးမြို့နယ် ဝါးခြံကာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝါးခြံကာကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ခွင့်ပြုရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ခန်းမရေရှည်တည်တံ့စေရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဝါးခြံကာကျေးရွာ၌ အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၁ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၇ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၅ ဒသမ ၇ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**



# ပြာသိုမှာ ခွာညိုကသင်း မြင်းခင်းသဘင်နှင့် မြတ်မိခင်ပူဇော်ပွဲ

မောင်ဖြိုးသူ(ကြို့ပင်ကောက်)

**"လပြာသိုမကရမှာ၊ ကြယ်ဖုသျှယှဉ်ကာ၊**
**ထီးတစ်ရာ့ဥသျှောင်ငယ်၊ အာကာရောင်စက်သွား၊**
**ရန်တကာပယ်ရှား၍၊ တိမ်ညွန့်စားမြင်းပျံ၊**
**ရိန္နမာလုံယှဉ်ဖွဲ့ပါလို့၊ မြင်းစင်းပွဲသဘင်တော်စံ၊**
**ရံတော်မြိုင်ယံမှာ၊ ဖူးပွင့်တံညာညီရုံးလို့၊**
**မဓုဘုန်းဆင်ပါဆို၊ ပန်းမြစွာညို၊**
**ကြာနန်းမြင်းမိုရ်ရိဝယ်**
**စိတ်လိုတော်မူပဲထင့်လေး"**

**(ဦးပုညဖွဲ့ တေးထပ်)**

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် ဆယ်လမြောက် ပြာသိုလသည် ဆောင်းဥတု၏ အလယ်လဖြစ်ပြီး နေ့တာတိုကာ၊ ညတာရှည်သဖြင့် **"အချမ်းပိုသည့် လပြာသို"**ဟု ခေါ်ဆိုခဲ့ကြသည်။ ထို့ကြောင့် **"စာဆိုရှင်မယ်ခွေ"**က **"မီးပူပူကင်မဝသည့် လပြာသိုဆောင်း၊ ထည့်ပေါင်းမှ ထောင်ရာဖြူလေအေးလေ၊ ကြက်သီးတွေနှင့်"**ဟု ဖွဲ့ဆိုခဲ့သည့်နှယ် **"ထည်ကောဇွဲဖြူမနွေးပေဘူး"**ဟု တစ်သွယ်၊ လပြာသိုအအေးပိုပုံကို စာပန်းချီဖွဲ့သီခဲ့သည်။

ပြာသိုလကို မာဂဓစကားအလိုဖြင့် **"ပေါသီ"**ဟု ခေါ်ဆိုခဲ့ကြသည်။ သက္ကတဘာသာဖြင့် **"ပြောသီ"**ဟု အမည်ပေးခဲ့ကြသည်။ ရှေးဟောင်းပုဂံခေတ်ကျောက်စာများတွင် ပြာသိုလကို **"ပွသေဝ်၊ ပွသိုဝ်၊ ပွါသိုဝ်"** စသည်ဖြင့် ကမ္ပည်းရေးထိုးခဲ့ကြသည်။ **"ပြာ(ပွ)"**မှာ အနွယ်တူ တိဗက်၊ တရုတ်၊ လီဆူ၊ သဒိုချင်းနှင့် ပေါင်းရှေချင်း စသည့်ဘာသာတူတို့နည်းတူ ပျားဖယောင်း၊ ရေနံ့ဖယောင်းဟု အနက်ရသည်။ **"သို"**မှာ အဆီဟု အနက်ရသည်။ ထိုလတွင် ပျားကောင်များသည် ၎င်းတို့၏ပျားအုံများကိုစွန့်ခွာကြကာ ဝေးရာသို့ ပျံသန်းသွားကြလေ့ရှိကြောင်း၊ ထို့ကြောင့် **"ပျားသွန်လ"**ဟု ခေါ်ဆိုကြရာမှ **"ပြာသိုလ"**ဟုဖြစ်လာကြောင်း မှတ်တမ်းပြုထားခဲ့ကြသည်။

ထို့ပြင် **"ပ"**သဒ္ဒါသည် တောက်လောင်ထွန်းညှိခြင်း၊ **"လ"**သဒ္ဒါသည် **"ရိုပ်၊ ဖယောင်း"**ဟု အနက်ရသည်။ ဖယောင်း၊ ပျားဖယောင်းများကိုစုဆောင်း၍ အများဆုံးရသောလဟုလည်း သတ်မှတ်ခဲ့ကြသည်။ ရှေးအခါက မြန်မာများသည် ထိုရာသီတွင် ပျားဖယောင်းကိုမီးထွန်းကြရန် တောလုံးအနှံ့ရှာဖွေစုဆောင်းခဲ့ကြသည်ကို အစွဲပြုကာ **"ပြာသိုလ"**ဟု ခေါ်ဆိုခဲ့ကြသည်။

**"လေ့သင်းအတွင်းဝန်"**၏ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် မကရရာသီတွင် ဖုသျှနက္ခတ်နှင့်ယှဉ်သောလပြည့်နေ့ကို **"ပေါသျှီ"**ဟုလည်းကောင်း၊ **"ပေါသီ-ပြောသီ၊ ပြာသိုလ"**ဟုလည်းကောင်း အနက်ဖွင့်ဆိုခဲ့ကြသည်။ သက္ကတအလိုအရ **"ပေါသီ"**ကို **"ပြောသီ"** မှကြာလာသောအခါ **"ပြာသိုလ"**ဖြစ်လာသည်ဟုဆိုသည်။ **"ပရသီတလ"**ဟူသောပါဠိပုဒ်မှ မြန်မာဘာသာ ပြာသိုသို့ပြောင်းလဲလာကြောင်း၊ **"အခြားသောကာလများထက် ပိုလွန်ချမ်းအေးသောသမယအခါကာလ"** ဟု ဖွင့်ဆိုခဲ့ကြသည်။

**"ငွေနှင်းရိုရိုလပြာသို"**၏ရာသီအမည်က **"မကရ"**၊ စန်းပြည့်နက္ခတ်က **"ဖုသျှ"**၊ ယှဉ်တာရာက **"ပုဗ္ဗနံတာရာ"**၊ ရာသီရုပ်က **"မကာရ်(မိကျောင်း)"**၊ ရာသီပန်းက **"ခွာညိုပန်း"**၊ ရာသီပွဲက **"မြင်းစင်းပွဲ၊ ဆင်စင်းပွဲ"**၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က **"စံကားဝါပင်"** ရက်ရာဇာက **"ကြာသပတေး၊ စနေ"** ပြဿဒါးက **"ဗုဒ္ဓဟူး၊ သောကြာ"**စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

**မြင်းစင်းသဘင်ပွဲတော်**

**"ပြာသိုမှာ ဖြာရိုနှင်းရယ်နှင့်၊ ဓါအလို ခွာညိုသင်းပါဘိ၊ မြင်းစင်းမြတ်တော်သဘင်မှာ၊ ပျော်ရွှင်ကြပြည်လုံး"**ဟု **"စာဆိုတော်ဦးပြုံးချို"** ဖွဲ့ဆိုခဲ့သကဲ့သို့ ရှေးခေတ်ပြာသိုလ၏အထင်ကရပွဲတော်မှာ **"မြင်းစင်းသဘင်ပွဲတော်"**ဖြစ်သည်။

ထိုမြင်းခင်းသဘင်ပွဲတော်သည် သက္ကရာဇ် ၆၇၄ ခုနှစ်ခန့်ကပင် ပင်းယတစ်စီးရှင်သီဟသူလက်ထက်က စတင်ပေါ်ပေါက်လာခဲ့သည်ဟုဆိုကြသည်။ ဘိုးတော်ဘုရားလက်ထက်က ပညာရှိများကမူ ဒုတိယအင်းဝခေတ်အစ ညောင်ရမ်းမင်းလက်ထက်တွင် ပေါ်ပေါက်လာခဲ့သည်ဟုလည်း ဆိုခဲ့ကြသည်။

မည်သို့ပင်ဆိုကြစေကာမူ မြင်းခင်းသဘင်ပွဲတော်ကို ရှေးမင်းအဆက်ဆက်ကကြီးမှူးပြီး မင်းညီမင်းသား၊ မှူးမတ်များအားလုံးပါဝင်ကြစေကာ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စွာ ပါဝင်ယှဉ်ပြိုင်စေခဲ့သည့်ပွဲတော်ဖြစ်သည်။ ဘုရင်နှင့်မိဖုရား၊ မင်းညီမင်းသား၊ မင်းသမီးများအပါအဝင် မှူးမတ်၊ ရဲမက်၊ ပြည်သူပရိသတ်စုံညီစွာ အားပေးကြည့်ရှု၍ ဆုတော်များချီးမြှင့်သည့်ပွဲတော်ကြီးဖြစ်သည်။

**❖ တစ်ဆယ့်နှစ်လရာသီပွဲတော်များထဲမှ လများစွာက ရာသီပွဲတော်များကို ရက်ပိုင်းမျှသာ ကျင်းပခဲ့ကြသော်လည်း ပြာသိုလမြင်းခင်းသဘင်ပွဲတော်ကမူ တစ်လလုံးကျင်းပခဲ့ကြသည့် ရက်ရှည်ပွဲတော်ကြီးဖြစ်သည်။ ရှေးမြန်မာဘုရင်များသည် မြင်းခင်းသဘင်ပွဲတော်ကို ရွှေနန်းတော်ကြီး၏ မြောက်ဘက်တွင်ပြုလုပ်လေ့ရှိကြောင်း၊ ရတနာပုံမြို့နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် လွှတ်တော်ရှေ့ရှိ လဟာပြင်ကွက်လပ်၌ ပြုလုပ်လေ့ရှိကြောင်း၊ ထိုကွင်းသည် အလျားတစ်မိုင်၊ အနံနှစ်ဖာလုံခန့်ရှိကြောင်း မှတ်တမ်းပြုထားခဲ့ကြသည်။ ❖**

တစ်ဆယ့်နှစ်လရာသီပွဲတော်များထဲမှ လများစွာက ရာသီပွဲတော်များကို ရက်ပိုင်းမျှသာ ကျင်းပခဲ့ကြသော်လည်း ပြာသိုလမြင်းခင်းသဘင်ပွဲတော်ကမူ တစ်လလုံး ကျင်းပခဲ့ကြသည့် ရက်ရှည်ပွဲတော်ကြီးဖြစ်သည်။ ရှေးမြန်မာဘုရင်များသည် မြင်းခင်းသဘင်ပွဲတော်ကို ရွှေနန်းတော်ကြီး၏ မြောက်ဘက်တွင် ပြုလုပ်လေ့ရှိကြောင်း၊ ရတနာပုံမြို့နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် လွှတ်တော်ရှေ့ရှိ လဟာပြင်ကွက်လပ်၌ ပြုလုပ်လေ့ရှိကြောင်း၊ ထိုကွင်းသည် အလျားတစ်မိုင်၊ အနံနှစ်ဖာလုံခန့်ရှိကြောင်း မှတ်တမ်းပြုထားခဲ့ကြသည်။

မြင်းခင်းသဘင်ပွဲတော်ဟုဆိုသော်လည်း မြင်းခင်းတစ်ခုတည်းသာမဟုတ်။ ဆင်စမ်း၊ မြင်းစမ်း၊ လေးစမ်း၊ ဓားခုတ်၊ လှံထိုး၊ စက်ထိုး၊ ဇလီခတ်၊ သေနတ်ပစ်နှင့် သိုင်းအမျိုးမျိုးတို့ကို တစ်ပွဲပြီးတစ်ပွဲ စဉ်ဆက်မပြတ်ယှဉ်ပြိုင်သွားကြရသော ပွဲတော်ဖြစ်သည်။ မင်းညီမင်းသား၊ မှူးမတ်အားလုံး၊ ရှောင်ပုန်းနေ၍မရကြဘဲ ယှဉ်ပြိုင်ကြရသည်။ ရှောင်ပုန်းနေကြပါက ဖော်ထုတ်ရှုတ်ချ ကဲ့ရဲ့ကြလေ့ရှိသည်။ ပြိုင်ပွဲတွင် စည်းကမ်းပျက်ကြပါကလည်း အပြစ်ပေးအရေးယူခြင်းခံကြရသည်။

မြင်းခင်းသဘင်ပွဲတော်၏ ပွဲဦးထွက်ပြိုင်ပွဲမှာ **"စက်ကွင်းလှံထိုးပွဲ"** ဖြစ်သည်။ အမြင့် ၂၅ တောင်၊ အတောင် ၄၀၊ အတောင် ၆၀ ရှိ စက်တိုင်ခွက်များကို လှံကိုင်သူရဲကောင်းတို့က မြင်းနှင့်စိုင်းနှင်ရင်း တစ်ခွက်ပြီးတစ်ခွက် လှံဖြင့်ထိုးကြရသည်။ စက်ခွက်ကို လှံစွဲသည့်အခါ တစ်ကွင်းလုံးဆူညံစွာသြဘာပေးကြသည်အပြင် ထူးချွန်သူလှံသူရဲကောင်းတို့ကို မိဖုရားကြီးများက ရွှေကျင်ခတ်ပဝါများနှင့် မင်းသမီးများက ၎င်းတို့၏ ခေါင်းများတွင် ပန်ဆင်ထားကြသောပန်းများကို ပေးကမ်းချီးမြှင့်ဂုဏ်ပြုခဲ့ကြသည်။

စက်ကွင်းလှံထိုးပွဲပြီးလျှင် မြင်းစီးခြင်းအတတ်ပညာ ခုနစ်ရပ်၊ မြင်းရေး ၃၇ ရေးကို စီးပြနေကြစဉ် မြင်းရေး ၃၇ ချင်းသီချင်းကို စိန်ဆိုင်း၊ မြဆိုင်းများက တီးမှုတ်ဖျော်ဖြေကြရသည်။ သီချင်းစည်းချက်နှင့်အညီ မြင်းများကိုစီတန်းပြီး အလှည့်အဝိုက်၊ အကွေ့အဝန်း၊ လှုပ်ရှားသွက်လက်မှုညီညာလှပစွာ မြင်းရေးပြကြရသည်။

ထို့နောက် သက်စွန့်ဆံဖျားစွန့်စားကြရသည့် လှံရေးအစွမ်း ၃၇ ချင်း၊ ဓားရေး ၃၇ ရေး၊ လေးသည်တော်များစွမ်းရည်၊ သေနတ်ပစ်ပွဲ၊ တိုက်ဆင်ခေါ်ယကြာဆင်များကို ရွေးချယ်ပုံဆင်ဖမ်းပွဲများ၊ ဖန်တိုဖန်ရှည်သိုင်းပြိုင်ပွဲများနှင့် ဇလီခတ်ပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။

မြင်းခင်းသဘင်ပွဲတော်သည် ဇာတိသွေးဇာတိမာန်ထက်သန်စေပြီး သူရသတ္တိနှင့် လက်ရုံးရည်ဘက်တွင် ထူးချွန်သူတို့၏ စွမ်းဆောင်ရည်ပြိုင်ပွဲကြီးဖြစ်သောကြောင့်လည်းကောင်း၊ သူရဲကောင်းရွေးပွဲဖြစ်သောကြောင့်လည်းကောင်း၊ မှူးမတ်၊ သူဌေးသူကြွယ် သမီးရှင်များသည် သမက်လောင်းရှာဖွေပွဲ၊ သမီးတော်များကမူ ကြင်ဖက်တော်ရွေးပွဲဟုလည်းကောင်း တင်စားသတ်မှတ်ခဲ့ကြသည်။

အင်းဝခေတ်တွင်ပေါ်ပေါက်လာခဲ့သော ဇလီခတ်ပြိုင်ပွဲမှာ သရက်မြစ်ဆုံတစ်ခုကို လုံးနေအောင်ပွတ်တိုက်၍ ဂူလီသီးအဖြစ်အသုံးပြုကြသည်။ ထိုဂူလီသီးကို ထုံးဖြူရည်တွင် စိမ်ထားရသည်။ အသားမာသောသစ်သားတံကိုဂူလီတံပြုလုပ်ပြီး ဂူလီတံထိပ်တွင် ကြေးဝါဘုလုံးတစ်ခုကို စွပ်ရသည်။ ထိုဂူလီတံဖြင့် တစ်ဖက်နှင့်တစ်ဖက် ဂူလီသီးကိုလိုမ့်ကာ လုကြသည့်ကစားနည်းဖြစ်သည်။ မြင်းပေါ်မှရိုက်ကစားကြသည်လည်းရှိသည်။ ၁၀ မိုင်ခန့်အဝေးသို့ပင် ရောက်သွားကြသည်ဆို၏။

**မြန်မာ့လွတ်လပ်ရေးနေ့**

ရှေးခေတ်က မြင်းခင်းသဘင်ပွဲတော်သည် မှေးမှိန်ကွယ်ပျောက်သွားခဲ့သော်လည်း ပြာသိုလ၏အထင်ကရပွဲတော်အဖြစ် သမိုင်းတွင်ရစ်နေခဲ့သည်။ ရှေးခေတ်က ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေသော အမျိုးသားအားမာန်ကို ပျိုးထောင်ပေးခဲ့သည့်ပြာသိုလ သက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်အဖြစ် နွံနစ်ခဲ့ရသောဘဝမှ လွတ်မြောက်ခဲ့သည့် အခါသမယထူးလည်းဖြစ်သည်။ ထိုနေ့တွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြေညာစာတမ်းကိုလည်း ဂုဏ်ယူဝင့်ထည်စွာ ကမ္ဘာကို ကြေညာနိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏အထွတ်အမြတ် **"လွတ်လပ်ရေးနေ့"**ကို ပြာသိုလမှာ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။

**ပြာသိုလပြည့် အမေနေ့**

**"ကမ္ဘာ့မိခင်များနေ့"**ကို မေလဒုတိယပတ်ဟု သတ်မှတ်ထားသော်လည်း မြန်မာ့အမေနေ့ကတော့ ပြာသိုလပြည့်နေ့ဖြစ်သည်။ ခေတ်သစ်ကာလ ပြာသိုလ၏ ထူးခြားမှုပင်ဖြစ်သည်။ ကွယ်လွန်သွားရှာပြီဖြစ်သော စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာကြီး ဆရာကြီးဦးသုခ စတင်အခြေချပျိုးထောင်ပေးခဲ့သည့် **"ပြာသိုလပြည့် အမေနေ့"**ပင်ဖြစ်သည်။

၁၃၅၉ ခုနှစ် ပြာသိုလပြည့်နေ့ (၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်)က ရန်ကုန်မြို့ ရွှေတိဂုံအရှေ့မုခ်ကြားတောရလမ်း ရွှေရင်အေးမွှာရုံ၌ ရန်ကုန်မြို့ ပထမအကြိမ် အမေနေ့အခမ်းအနားကိုကျင်းပခဲ့ကြရာ အမေနေ့ကျင်းပရေးကော်မတီက ဆရာစည်သူဦးဌေးမောင်ရေးသားသည့် **"မြန်မာနိုင်ငံအမေနေ့ ကြေညာစာတမ်း"**ကို ဖတ်ကြားကြေညာခဲ့ကြသည်။ ထိုကြေညာစာတမ်းတွင် **"ဒီရိုင်းပညာရှင် တဗ္ဗဝတီဦးဝင်းမောင်"**၏ **"မြန်မာနိုင်ငံအမေနေ့သင်္ကေတ အထိမ်းအမှတ်တံဆိပ်"**ကိုပါ ဖော်ပြကြေညာပေးခဲ့သည်။

ထိုကြေညာစာတမ်းတွင် မိခင်ကျေးဇူးအထူးထူးကို ဖော်ကျူးဂုဏ်တင် ကန်တော့ပန်းဆင်၍ အမေနေ့ကို **"ပြာသိုလပြည့်နေ့"**မှာ သတ်မှတ်ရခြင်းနှင့် ပတ်သက်၍-

**"မြန်မာနိုင်ငံတွင် ဥတုသုံးလီ ရာသီ ၁၂ လ ရှိပါသည်။ နွေဥတုသည်ပူပြင်း၍ မိုးဥတုသည်စွတ်စိုကာ ဆောင်းဥတုသည် အေးမြပါ၏။ ဆောင်းဥတုတွင် ပြာသိုလကား တစ်ပါးသောလတို့ထက် ပို၍အေးမြ၏။ ပြာသိုလပြည့်နေ့ကား အေးမြမှုအပေါ် ပြည့်ဝသောကြည်လင်မှုထပ်ဆောင်းကာ မိခင်မေတ္တာကို ဥပမာပြုနိုင်သော အခါသမယဖြစ်လေသည်"**

ဗုဒ္ဓ၏ အဘိဓမ္မာတရားတော်နှင့် မေတ္တသုတ်အရလည်းကောင်း၊ ရိုးရာယဉ်ကျေးမှု **"မိသားစု"**ဟူသော ဝေါဟာရအရလည်းကောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ကျော် မြတ်စွာဘုရားပွင့်တော်မမူမီ နှစ်ပေါင်း ၁၅၀၀ ခန့်ကပြုလုပ်ကိုးကွယ်ခဲ့ကြသော မိခင်နတ်ဘုရားရုပ်တုများအရလည်းကောင်း၊ ကြေညာစာတမ်းပါညွှန်းဆိုချက်များအရလည်းကောင်း သဘာဝကျလှသည်။

ပထမအကြိမ် အမေနေ့ကျင်းပခဲ့ကြစဉ်က ဆရာချစ်စံဝင်းခေါင်းဆောင်ပြီး စာရေးသူနှင့် ဆရာမောင်ခေတ်ထွန်းတို့ အစအဆုံးပါဝင်ကူညီခဲ့ကြရသဖြင့် အမှတ်တရဖြစ်နေခဲ့သည်။ အမေနေ့ပိုစတာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေကြကာ ဆောင်းပါးပြိုင်ပွဲကျင်းပခဲ့ပြီး စာပေဆုချီးမြှင့်ပေးခဲ့သည်။ ထိုနေ့တွင် ပဲခူးမြို့ အမေနေ့အခမ်းအနားသို့ စာရေးသူတက်ရောက်ခဲ့ပြီး အမေနေ့အကြောင်း တစ်ကိုယ်တော်ဟောပြောခဲ့ရသည်။

ထိုအချိန်မှစ၍ နိုင်ငံအနှံ့အပြားတွင် နှစ်စဉ် **"ပြာသိုလပြည့်အမေနေ့"**အခမ်းအနားများ၊ စာပေပြိုင်ပွဲများ၊ စာပေဟောပြောပွဲများကို စဉ်ဆက်မပြတ်ကျင်းပခဲ့ကြသည်။ ဤမွန်မြတ်လှသော **"ကျေးဇူးကြီးလှမိနှင့်ဖ"** မိခင်နှင့်မိဘကျေးဇူးဆပ်ပွဲများကား ပြာသိုလ၏ ထူးခြားသောကောင်းမှုကုသိုလ်ပင်ဖြစ်သည်။

ပြာသိုလ၏ အနှစ်ချုပ်ဝိသေသမှာ ရှေးခေတ်က ဇာတိသွေးဇာတိမာန်ထက်သန်စေခဲ့သော မြင်းခင်းသဘင်ပွဲတော်၊ သူ့ကျွန်အဖြစ် နွံနစ်ခဲ့ရသည့်ဘဝမှ လွတ်မြောက်ခဲ့သည့်လွတ်လပ်ရေးနေ့၊ **"ကျေးဇူးကြီးလှ၊ မိနှင့်ဖ"**ကျေးဇူးဆပ်ပွဲများ၊ အမေ့ခြေရာ၊ အဖေ့ခြေရာ ပုံဖော်ရိုက်နှိပ်ပူဇော်ကန်တော့ပွဲများနှင့်ပြာသိုလပြည့်အမေနေ့ စသည်ဖြင့် ဂုဏ်ဝင့်ဂုဏ်တင့်နေစေခဲ့ပါသည်။

**ကိုးကား**

- **တစ်ဆယ့်နှစ်ရာသီဘွဲ့ ပေါင်းချုပ်**
- **ဝိသုဇ္ဇက(ပဲခူး)၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဘွဲ့**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့် ဓလေ့ထုံးစံ(?)**

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# ချစ်ခြင်းမေတ္တာငြိမ်း

- သားသမီးရေး ရှေ့ရှုတွေး၍
ချွေးစက်များသီ မေတ္တာမည်သော
ရှင်ကြည်နှလုံး လေးနက်ဆုံးဖြင့်
အပြုံးမျက်နှာ ဆင်မြန်းပါသည်
ကြင်နာသောလက် အစွမ်းထက်၏။

- သားသမီးရေး ရှေ့ရှုတွေး၍
အေးမြမှုတည် မေတ္တာမည်သော
ရှင်ကြည်နှလုံး ထပ်ဆင့်ကုံး၍
အမုန်းကင်းကွာ နားလည်ရာဖြင့်
ညင်သာသောလက် မြဲလေးနက်၏။

- သားသမီးရေး ရှေ့ရှုတွေး၍
နွေးထွေးရင်လွှာ ပုံဖော်ကာဖြင့်
သာယာအေးချမ်း ကောင်းမွန်လမ်းသို့
ကြိုးပမ်းတွန်းတင် ငြိမ်းအသွင်နှယ်
အစဉ်ခိုင်မြဲ မယိုင်လဲ၏။

- သြော်. . .
အနစ်နာခံ မေတ္တာမှန်ဖြင့်
အားမာန်စုချီ ကောင်းကျိုးရည်သော
ရှင်ကြည်အေးမြ အမိအဖကို
သိကြစေချင် ကြည့်ရှုမြင်လော့။ ။

**ဖေဒါမောင်(ပညာရေး)**

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၂၁၂၃ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၂၁၂၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၀၀၂၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးခဲ့ရာ ဇန်နဝါရီ ၁၀ ရက်တွင် ၆၂၁၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲဧက ၆၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဇန်နဝါရီ ၁၀ ရက်ထိ ဧက ၆၂၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုပြီး စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၃၃၇၉ ဧက၊ မြင်းမူမြို့နယ်တွင်ဧက ၃၀၁၅၀၊ မြောင်မြို့နယ်တွင် ၁၈၅၉၄ ဧက စုစုပေါင်း ၆၂၁၂၃ ဧကဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ဧက ၁၃၇၇၀၊ မြင်းမူမြို့နယ်တွင် ဧက ၃၀၁၀၀၊ မြောင်မြို့နယ်တွင် ၁၇၁၅၆ ဧက စုစုပေါင်း ၆၀၀၂၆ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# လှိုင်းဘွဲမြို့နယ် ကော့တာဟိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှိုင်းဘွဲ ဇန်နဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အောက်ရေပူကျေးရွာအုပ်စု ကော့တာဟိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။



ရှေးဦးစွာ လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များ၊ ကျေးရွာက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် ကော့တာဟိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၃၀၀ ကို စီမံကိန်းနှင့် အကျုံးဝင်သည့်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။

**ဆက်လှ**

# မြိတ်မြို့နယ် ဝန်ဖိုကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြိတ် ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝန်ဖိုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဝန်ဖိုကျေးရွာ၌အသေးစားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိတို့ကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ရက်အတွင်း အရင်းငွေ၊ အတိုးငွေများကို ပေးသွင်းစေလိုကြောင်း မှာကြားခဲ့သည်။

မြိတ်မြို့နယ် ဝန်ဖိုကျေးရွာရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်မည့် အဖွဲ့(၁) အားမန်အဖွဲ့ကို ငွေကျပ် ၇၅ သိန်း၊ အဖွဲ့(၂)အားပြည့်စုံအဖွဲ့ကို ငွေကျပ် ၇၅ သိန်း၊ အဖွဲ့(၃) ကောင်းထက်အဖွဲ့ကို ငွေကျပ် ၇၅ သိန်းနှင့် အဖွဲ့(၄) ကျောင်းအကျိုးပြုအဖွဲ့ကို ငွေကျပ် ၇၅ သိန်း ထုတ်ချေးပေးထားကြောင်း၊ အစုအဖွဲ့တစ်ဖွဲ့လျှင် ဝက်အကောင်ရေ ၃၀ နှုန်းဖြင့် စုစုပေါင်း CP ဝက်အကောင်ရေ ၁၂၀ မွေးမြူထားကြောင်း သိရသည်။

အဆိုပါ RBF စီမံကိန်းကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးများရရှိစေရန်၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။

**ကိုညီ**

ပလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# နိုင်ငံတကာ သတင်းများ

## တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ အာဖရိကသို့ သွားရောက်မည်

**ပေကျင်း ဇန်နဝါရီ ၁၁**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ၎င်း၏အာဖရိကခရီးစဉ်ကို ဇန်နဝါရီ ၁၃ ရက်တွင် စတင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၁၃ ရက်မှ ၁၈ ရက်ထိကြာမြင့်မည့် အဆိုပါခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အီဂျစ်၊ တူနီးရှား၊ တိုဂိုနှင့် အိုင်ဗရီကိုစ့်နိုင်ငံများသို့ သွားရောက်မည်ဖြစ်သည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်တစ်နှစ်၏ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် အာဖရိကနိုင်ငံများသို့ သွားရောက်လေ့ရှိသည်။

နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၏ ယခုနှစ် အာဖရိကခရီးစဉ်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးများက ၃၄ နှစ်မြောက် ဆက်တိုက်သွားရောက်ခဲ့သည့် အာဖရိကခရီးစဉ်ဖြစ်သည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အာဖရိကခရီးစဉ်ပြီးဆုံးချိန်တွင် ဘရာဇီးနှင့် ဂျမေကာနိုင်ငံများသို့ ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်ထိ ဆက်လက်သွားရောက်မည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် အာဖရိကနိုင်ငံများအပေါ် သြဇာလွှမ်းမိုးရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## စစ်သွေးကြွဖမ်းဆီးခံရသော ခရီးသည်များကို ကယ်တင်ရန် ဆိုမာလီယာအစိုးရ ကြိုးပမ်း

**မိုဂါဒစ်ရှူး ဇန်နဝါရီ ၁၁**

အယ်လ်ရှာဘတ် စစ်သွေးကြွများဖမ်းဆီးထားသည့် ကုလသမဂ္ဂ ရဟတ်ယာဉ်ပေါ် လိုက်ပါသွားသည့် ခရီးသည်များကို ကယ်တင်ရန် ဆိုမာလီယာအစိုးရက ကြိုးစားနေကြောင်း ယနေ့သတင်းများအရ သိရသည်။

သို့သော် ရဟတ်ယာဉ်ဖမ်းဆီးခံထားရသည့် အယ်လ်ရှာဘတ်နယ်မြေတွင်းသို့ ဝင်ရောက်လှုပ်ရှားရန် ခက်ခဲလိမ့်မည်ဖြစ်ကြောင်း ဆိုမာလီယာစစ်ဘက် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ထုတ်မှုများ ပြုလုပ်ပေးနေသော ကုလသမဂ္ဂရဟတ်ယာဉ်တစ်စင်းသည် ဇန်နဝါရီ ၁၀ ရက်တွင် စက်ပိုင်းဆိုင်ရာပြဿနာတစ်ရပ်ကြောင့် အယ်လ်ရှာဘတ်များထိန်းချုပ်ထားသည့်ဆိုမာလီယာ အလယ်ပိုင်း ကျေးရွာတစ်ရွာအနီး ဆင်းသက်ခဲ့ရသည်။

ယင်းသို့အရေးပေါ်ဆင်းသက်ခဲ့ရပြီးနောက် ဆိုမာလီယာနိုင်ငံသား နှစ်ဦးနှင့် နိုင်ငံခြားသားအချို့တို့မှာ အယ်လ်ရှာဘတ်စစ်သွေးကြွများ၏ ပြန်ပေးဆွဲခံထားရကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါရဟတ်ယာဉ်ဖြင့် လိုက်ပါသွားသူများကို ကယ်တင်ရေးအတွက် ဆိုမာလီယာအစိုးရက ကြိုးစားနေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကုလသမဂ္ဂတာဝန်ရှိသူများကလည်း ရဟတ်ယာဉ်ဖြင့် လိုက်ပါသွားသူများကို ကယ်တင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## မော်လ်ဒိုက်နှင့်တရုတ်နိုင်ငံတို့ နှစ်နိုင်ငံဆက်ဆံရေးအဆင့်မြှင့်တင်



**ပေကျင်း ဇန်နဝါရီ ၁၁**

တရုတ်နှင့် မော်လ်ဒိုက်နိုင်ငံတို့သည် ဇန်နဝါရီ ၁၀ ရက်တွင် နှစ်နိုင်ငံဆက်ဆံရေးအဆင့်မြှင့်တင်ခဲ့ကြကြောင်း သိရသည်။

မော်လ်ဒိုက်သမ္မတသစ်မူအစ်ဇူ၏ ပထမဆုံး တရုတ်နိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးအဆင့်ကို တရုတ်နှင့် မော်လ်ဒိုက်တို့က မြှင့်တင်ခဲ့ကြခြင်းဖြစ်သည်။

သမ္မတရှီကျင့်ဖျင်သည် ဇန်နဝါရီ ၁၀ ရက်တွင် မော်လ်ဒိုက်သမ္မတ မူအစ်ဇူကို ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌လက်ခံတွေ့ဆုံခဲ့ပြီး ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

တရုတ်နိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းဝင် အခွင့်အရေးတစ်ရပ်နှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း မော်လ်ဒိုက်သမ္မတနှင့်တွေ့ဆုံစဉ် တရုတ်သမ္မတက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် သမ္မတရာထူး စတင်ရယူခဲ့သည့် မော်လ်ဒိုက်သမ္မတ မူအစ်ဇူသည် အိန္ဒိယနိုင်ငံထက် တရုတ်နိုင်ငံကို ပိုလိုလားသည့် မော်လ်ဒိုက်ခေါင်းဆောင်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ သြဇာသည် မော်လ်ဒိုက်အမျိုးသား လုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်ဟု သမ္မတမူအစ်ဇူက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## လုံခြုံရေးဝန်ထမ်းများကိုဓားစာခံအဖြစ်ဖမ်းဆီးထားသည့် မူးယစ်ဂိုဏ်းများနှင့် စစ်ဖြစ်နေပြီဖြစ်ကြောင်း အီကွေဒေါသမ္မတဒန်နီရယ်နိုဘိုဝါ ပြောကြား

**ကွီတို ဇန်နဝါရီ ၁၁**

အကျဉ်းထောင်လုံခြုံရေးဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးထားသော မူးယစ်ဂိုဏ်းများနှင့် စစ်ပွဲဖြစ်နေပြီဖြစ်ကြောင်း အီကွေဒေါသမ္မတ ဒန်နီရယ်နိုဘိုဝါက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံသည် ရုပ်သံထုတ်လွှင့်မှုဌာန စီးနင်းခံရမှုအပါအဝင် အကြမ်းဖက်မှုများ ရုတ်တရက် မြင့်တက်လာချိန်တွင် မူးယစ်ဂိုဏ်းများနှင့် စစ်ဖြစ်နေပြီဖြစ်ကြောင်း အီကွေဒေါသမ္မတက ကြေညာခဲ့ခြင်းဖြစ်သည်။

အီကွေဒေါသမ္မတ နိုဘိုဝါသည် ဇန်နဝါရီ ၉ ရက်တွင် ဒုစရိုက်ဂိုဏ်း ၂၂ ဂိုဏ်းကို အကြမ်းဖက်အုပ်စုများအဖြစ်ကြေညာခဲ့ရာ အီကွေဒေါစစ်ဘက်အနေဖြင့် ယင်းဒုစရိုက်ဂိုဏ်းများကို ပစ်မှတ်ထားချေမှုန်းခွင့်ရရှိထားသည်။

နိုင်ငံ၏အလိုအရှိဆုံး ရာဇဝတ်တရားခံတစ်ဦး ဇန်နဝါရီ ၇ ရက်တွင် အကျဉ်းထောင်မှပျောက်ဆုံးခဲ့ပြီးနောက် အီကွေဒေါနိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များ၌ ပြဿနာများပေါ်ထွက်ခဲ့ရာ သမ္မတ နိုဘိုဝါက ရက် ၆၀ သက်တမ်းရှိ အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်ကြေညာထားသည်။

ထို့ပြင် ဇန်နဝါရီ ၁၀ ရက်မှစ၍ ယနေ့ထိ အီကွေဒေါနိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ အကျဉ်းထောင် လုံခြုံရေးဝန်ထမ်းဦးရေ ၁၃၀ ကျော် ပြန်ပေးဆွဲခံထားရသည်။

လက်ရှိအချိန်တွင် ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသည့်အကျဉ်းထောင်လုံခြုံရေးများကို ကယ်တင်ရေးအတွက် အစွမ်းကုန်ကြိုးစားနေသည်ဟု သမ္မတ နိုဘိုဝါက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပင်လယ်နီတိုက်ခိုက်မှုများရပ်တန့်ရန် ဟူသီသူပုန်အုပ်စုကိုတောင်းဆိုထားသည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ် လုံခြုံရေးကောင်စီ မဲခွဲအတည်ပြု

**နယူးယောက် ဇန်နဝါရီ ၁၁**

ပင်လယ်နီ နိုင်ငံတကာရေလမ်းကြောင်းများအား တိုက်ခိုက်နေမှုကိုချက်ချင်းရပ်တန့်ရန် ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုကို တောင်းဆိုထားသည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်အား ဇန်နဝါရီ ၁၀ ရက်တွင် မဲခွဲအတည်ပြုခဲ့ကြောင်း သိရသည်။



ဇန်နဝါရီ ၁၀ ရက် လုံခြုံရေးကောင်စီအစည်းအဝေးတွင်အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြပြီး ရုရှားနှင့် တရုတ်အပါအဝင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ လေးနိုင်ငံတို့က ပါဝင်မဲပေးခြင်း မရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပူးတွဲတင်သွင်းထားသည့်အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းတွင် ပင်လယ်နီ နိုင်ငံတကာ ရေလမ်းကြောင်းများအားတိုက်ခိုက်နေမှု ချက်ချင်းရပ်ရန် ဟူသီသူပုန်အုပ်စုကို တောင်းဆိုထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံဦးဆောင်သော နိုင်ငံစုံရေတပ်အုပ်စုက ပင်လယ်နီဒေသ၌ အရပ်ဘက်သင်္ဘောများအား အကာအကွယ်ပေးနေမှုကိုလည်း အဆိုပါဆုံးဖြတ်ချက်မူကြမ်း၌ သွယ်ဝိုက်သောနည်းအားဖြင့် အတည်ပြုပေးထားသည်။

ယီမင်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် အစ္စရေး၏ဂါဇာစစ်ပွဲကိုတုံ့ပြန်သည့်အနေဖြင့် ပင်လယ်နီရေလမ်းကြောင်းများကို တိုက်ခိုက်နေခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ကို စစ်ရေးအရတိုက်ခိုက်မှုများ မရပ်တန့်သရွေ့ ပင်လယ်နီရေလမ်းကြောင်းများကို ဆက်လက်တိုက်ခိုက်မည်ဖြစ်ကြောင်း ဟူသီသူပုန်အုပ်စုက ကြေညာထားသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## အိုင်စတိုင်း X-ray ရောင်ခြည်လေ့လာရေးအာကာသယာဉ်ကို ဇန်နဝါရီ ၉ ရက်တွင် တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်ခဲ့



**ပေကျင်း ဇန်နဝါရီ ၁၁**

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အိုင်စတိုင်းအမည်ရှိ X-ray ရောင်ခြည်လေ့လာရေး အာကာသယာဉ်ကို ဇန်နဝါရီ ၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ X-ray ရောင်ခြည် လေ့လာရေး အာကာသယာဉ်ကို လောင်းမတ်ချ်-၂ စီဒုံးပျံဖြင့် ရှီချန်း အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အိုင်စတိုင်း အာကာသယာဉ်သည် စကြာဝဠာ၏စွမ်းအားအပြင်း ထန်ဆုံးအရာဝတ္ထုနှင့်ဖြစ်စဉ်တချို့တို့မှထွက်ပေါ်လာသော X-ray ရောင်ခြည်များကို ရှာဖွေလေ့လာမည်ဖြစ်သည်။

အိုင်စတိုင်း X-ray ရောင်ခြည်လေ့လာရေး အာကာသယာဉ် မစ်ရှင်တွင် ဥရောပအာကာသအေဂျင်စီနှင့် ဂျာမနီနိုင်ငံ မက်စ်ပလန့်စ်အင်စတီကျူတို့ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိုင်စတိုင်း အာကာသယာဉ်သည် ကမ္ဘာမြေပြင်အထက်မိုင် ၃၇၀ ခန့်အကွာ ပတ်လမ်းပေါ်၌ နေရာယူ၍ကမ္ဘာဂြိုဟ်ကို ၉၆ မိနစ်လျှင် တစ်ပတ်ကျ လှည့်ပတ်လျက်ရှိသည်။

၎င်းအာကာသယာဉ်သည် လာမည့်ခြောက်လတာကာလအတွင်း စူးစမ်း လေ့လာရေးလုပ်ငန်းများ စတင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**


## နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က စွမ်းအားအပြင်းထန်ဆုံး ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုပေါ်ထွက်လာရာနေရာကို ဖော်ထုတ်တွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် သိပ္ပံပညာရှင်များရှာဖွေတွေ့ရှိထားသမျှ ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုများအနက် စွမ်းအားအပြင်းထန်ဆုံး ရေဒီယိုစွမ်းအင်ပေါက်ကွဲမှု ပေါ်ထွက်လာရာနေရာကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

၂၀၂၂ ခုနှစ် ဇွန် ၁၀ ရက်က နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ပတ်ဖိုင်ဒါအမည်ရှိ ရေဒီယိုတယ်လီစကုပ်ဖြင့် အလင်းအားအပြင်းထန်ဆုံး ရေဒီယိုစွမ်းအင်ပေါက်ကွဲမှု (FRBS) ကို ရှာဖွေတွေ့ရှိခဲ့ရသည်။

ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ FRBS သည် တစ်ခုနှင့်တစ်ခု ပေါင်းစည်းနေပုံရသည့် ရှေးဟောင်းကြယ်စုအစုအဝေး တစ်ခုမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။




သာမန်အားဖြင့် FRBS များသည် ကမ္ဘာမြေနှင့်နီးစပ်သည့် တစ်ခုတည်းသော ကြယ်စုများမှသာ ထွက်ပေါ်လာလေ့ရှိရာ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်၏ ရှာဖွေတွေ့ရှိမှုကြောင့် သိပ္ပံပညာရှင်များ အံ့အားသင့်ခဲ့ကြသည်။

ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသောသတင်းအချက်အလက်များအရ စွမ်းအားအပြင်းထန်ဆုံး FRBS ပေါ်ထွက်လာရာ ကြယ်စုအစုအဝေးတွင် ကြယ်စုခုနစ်ခုဖြင့် ဖွဲ့စည်းထားပြီး သက်တမ်းအားဖြင့် နှစ်ပေါင်း ငါးဘီလီယံထိရှိကြောင်း သိရသည်။

FRBS ရေဒီယိုစွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်များသည် သက်တမ်းအားဖြင့် မီလီစက္ကန့်၏အနည်းငယ်မျှသာ ကြာမြင့်တတ်သော်လည်း စွမ်းအင်လွန်စွာမြင့်မားသော စွမ်းအင်ပေါက်ကွဲမှုများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အက်စထရိုဘော့တစ်ကုမ္ပဏီ၏ Peregrine လဆင်းယာဉ်က ဆယ်ဖီစာတ်ပုံတစ်ပုံကို ကမ္ဘာဂြိုဟ်သို့ ပြန်လည်ပေးပို့နိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

အက်စထရိုဘော့တစ် ကုမ္ပဏီ၏ Peregrine လဆင်းယာဉ်သည် လပေါ်ဆင်းသက်ရေးတာဝန် ပျက်ပြားခဲ့ရသော်လည်း ဆယ်ဖီဓာတ်ပုံတစ်ပုံကို ကမ္ဘာဂြိုဟ်သို့ ပြန်လည်ပေးပို့နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

အက်စထရိုဘော့တစ် ကုမ္ပဏီသည် Peregrine လဆင်းယာဉ်ကို ဇန်နဝါရီ ၈ ရက်တွင် ULA ကုမ္ပဏီ၏ ဗော်လ်ကန်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဗော်လ်ကန်ဒုံးပျံမှ ခွာထွက်ခဲ့ပြီး မကြာမီမှာပင် Peregrine လဆင်းယာဉ်သည် လောင်စာရည် ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ လမျက်နှာပြင်ပေါ် ဆင်းသက်ရေး အစီအစဉ် ပျက်ပြားခဲ့ရသည်။

လမျက်နှာပြင်ပေါ် ဆင်းသက်ရေး အစီအစဉ် ပျက်ပြားခဲ့ရသော်လည်း Peregrine လဆင်းယာဉ်သည် လဆီသို့ဆက်လက်ခရီးနှင်နေဆဲဖြစ်သည်။

လက်ရှိအချိန်တွင် Peregrine လဆင်းယာဉ်၏ လောင်စာရည်ပမာဏမှာ ပျံသန်းချိန် ၃၅ နာရီအတွက်သာ လုံလောက်တော့ကြောင်း သိရသည်။

အက်စထရိုဘော့တစ် ကုမ္ပဏီ၏အဆိုအရ Peregrine လဆင်းယာဉ်သည် ကမ္ဘာမြေနှင့်မိုင်ပေါင်း ၁၉၂၀၀၀ အကွာတွင် ရောက်ရှိနေကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## ယခင်ကတစ်မျိုးတည်းသာမှတ်ယူခဲ့သော အယ်ဇိုင်းမားရောဂါက ပုံစံငါးမျိုးထိရှိ

**အမ်စတာဒမ် ဇန်နဝါရီ ၁၁**

ယခင်က တစ်မျိုးတည်းသာ မှတ်ယူခဲ့သော အယ်ဇိုင်းမားရောဂါသည် ယခုအခါ ပုံစံငါးမျိုးထိရှိကြောင်း နယ်သာလန် သုတေသနပညာရှင်များက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

နယ်သာလန် သုတေသနပညာရှင်များသည် အယ်ဇိုင်းမားလူနာ ၄၀၀ ကျော်၏ ဦးနှောက်နှင့် ကျောရိုးမတို့တွင်ရှိသော Cerebrospinal Fluid ခေါ် အရည်ကြည်တစ်မျိုးတည်းရှိ ပရိုတင်းများကို လေ့လာစစ်ဆေးခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ အယ်ဇိုင်းမားရောဂါသည် ရောဂါပုံစံ ငါးမျိုးထိရှိနေသည်ကို တွေ့ရကြောင်း နယ်သာလန် သုတေသနပညာရှင်များက ပြောကြားသည်။

နယ်သာလန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ယခင်က တစ်မျိုးတည်းသာရှိခဲ့ကြောင်း မှတ်ယူခဲ့ကြသည့် အယ်ဇိုင်းမားရောဂါကို ပုံစံငါးမျိုးထိ ခွဲခြားနိုင်ကြောင်း နယ်သာလန် သုတေသန ပညာရှင်များက ပြောကြားသည်။

ထိုကဲ့သို့ အယ်ဇိုင်းမားရောဂါကို ပုံစံငါးမျိုးထိ ခွဲထုတ်နိုင်မှုကြောင့် ပို၍ထိရောက်သောသီးခြားကုထုံးများ ဖန်တီးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မျှော်လင့်ထားသည်။

အယ်ဇိုင်းမားရောဂါသည် လူနာ၏မှတ်ဉာဏ်များကို တဖြည်းဖြည်းဖျက်ဆီးတတ်သည့် ဦးနှောက်ရောဂါတစ်မျိုးဖြစ်ကြောင်း နယ်သာလန် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## ပန်ကရိယကင်ဆာရောဂါ ခံစားနေရသူများ စမ်းသပ်ဆဲ Eli-002 ကာကွယ်ဆေး၏ အကျိုးကျေးဇူးများကို ရယူခံစားနိုင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၁၁**

အဖြစ်အများဆုံး ပန်ကရိယကင်ဆာရောဂါပုံစံတစ်မျိုးကို ခံစားနေရသူများအနေဖြင့် စမ်းသပ်ဆဲ Eli-002 အမည်ရှိ ကာကွယ်ဆေးတစ်မျိုး၏ အကျိုးကျေးဇူးများကို ရယူခံစားနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

Eli-002 ဟူ၍ အမည်ပေးထားသည့် အဆိုပါကာကွယ်ဆေးသည် KRAS ခေါ် ဗီဇပြောင်းကင်ဆာဆဲလ်များကို ရှင်းထုတ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Eli-002 ကာကွယ်ဆေး ပဏာမစမ်းသပ်မှု ရလဒ်များအရ အဆိုပါကာကွယ်ဆေးသည် ပန်ကရိယကင်ဆာ လူနာအများအပြားရောဂါတစ်ကျော့ပြန်ထမှုကို ရှောင်ရှားရေးအတွက် ကျေးဇူးပြုနိုင်မည့် အလားအလာရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးကို အမေရိကန်နိုင်ငံအခြေစိုက် Elicio Therapeutics ကုမ္ပဏီက ဖန်တီးထားခြင်းဖြစ်သည်။

ပန်ကရိယကင်ဆာရောဂါသည် တစ်ခါတစ်ရံ ရောဂါကျွမ်းသည့်အဆင့်ရောက်မှသာ တွေ့ရတတ်သည့်ရောဂါမျိုးဖြစ်ရာ အဆိုပါရောဂါကို အသံတိတ်လူသတ်သမားအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားသည်။

အမေရိကန်နိုင်ငံတွင် နှစ်စဉ်လူပေါင်း ၆၄၀၀၀ ခန့်တွင် ပန်ကရိယကင်ဆာရောဂါကို စစ်ဆေးတွေ့ရှိရတတ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ် ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်

ML

**ချဲလ်ဆီး Vs ဖူလ်ဟမ်**

**ကစားမည့်ရက်/အချိန် ၁၃-၁-၂၀၂၄ (ည ၀၇:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖူလ်ဟမ် ၀ - ၂ ချဲလ်ဆီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ချဲလ်ဆီး - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဖူလ်ဟမ် - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

ချဲလ်ဆီးအသင်းဟာ ဒဏ်ရာရကစားသမားများနေတာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပေမဲ့ အိမ်ကွင်းတိုက်စစ်ပိုင်း ကောင်းမွန်ပြီး နောက်ဆုံးအိမ်ကွင်း ငါးပွဲရှုံးပွဲမရှိသေးပါဘူး။ ဖူလ်ဟမ်ကတော့ကစားကွက်ပိုင်းအားနည်းချက်ရှိနေလို့ ချဲလ်ဆီးတိုက်စစ်ကို ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာမဲ့ ချဲလ်ဆီးကိုပဲရွေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၂ - ၁ ဖူလ်ဟမ်**

### အီတလီစီးရီးအေ ပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်များ

ML

**ဗီရိုနာ Vs အမ်ပိုလီ**

**ကစားမည့်ရက်/အချိန် ၁၃-၁-၂၀၂၄ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အမ်ပိုလီ ၀ - ၁ ဗီရိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ဗီရိုနာ - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| အမ်ပိုလီ - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |

ဗီရိုနာအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့အစွမ်းကုန်ကြိုးပမ်းနေတာကြောင့် ကစားပုံတိုးတက်လာတာကိုတွေ့ရမှာပါ။အမ်ပိုလီကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ အဝေးကွင်းတိုက်စစ်ပိုင်းလဲကျဆင်းနေတာဖြစ်ပါတယ်။ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ ဗီရိုနာကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဗီရိုနာ ၁ - ၀ အမ်ပိုလီ**

**မွန်ဇာ Vs အင်တာမီလန်**

**ကစားမည့်ရက်/အချိန် ၁၄-၁-၂၀၂၄ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အင်တာမီလန် ၂ - ၀ မွန်ဇာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| မွန်ဇာ - | အိမ်(ရှုံး) | ဝေး(သရေ) | ဝေး(နိုင်) |
| အင်တာမီလန် - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

မွန်ဇာအသင်းဟာ အသင်းလိုက်ကစားအားကောင်းပေမဲ့ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် အင်တာမီလန်ကိုယှဉ်ဖို့မလွယ်ပါဘူး။ အင်တာမီလန်ကတော့ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ဖို့ပြင်ဆင်လာမှာဖြစ်ပြီး လက်ရှိမှာလဲ တိုက်စစ်ပိုင်းနဲ့ ခံစစ်ပိုင်းအကောင်းဆုံးအသင်းဖြစ်နေတာကြောင့် မွန်ဇာကို အနိုင်ရမှာသေချာပါတယ်။

**အင်တာနက်ခန့်မှန်း - မွန်ဇာ ၁ - ၃ အင်တာမီလန်**

### အားကစားသတင်း အတိုအထွာများ

- နည်းပြဂျာရက် တာဝန်ယူနေသည့် အယ်အီသီဖတ်အသင်းက လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်း ခြောက်လသာကျန်ရှိတော့သည့် ခံစစ်ကစားသမား မက်တစ်နှင့်အယ်ကန်တာရာတို့ နှစ်ဦးကို လာမည့်နွေရာသီတွင်ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။
- အာဆင်နယ်အသင်းက ဂီတာဖေးအသင်းတိုက်စစ်မှူး မေရှိရယ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၂ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ဗီလာရီးရဲလ်အသင်းမှ အဲဗာတန်အသင်းတွင်အငှားစာချုပ်ဖြင့် လာရောက်ကစားနေသည့် တိုက်စစ်မှူးဒန်ဂျူးမားက ပြင်သစ်ကလပ် လိုင်ယွန်အသင်းသို့ ထပ်မံပြောင်းရွှေ့ရန်စီစဉ်ခဲ့ရာ နှစ်ဖက်သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ ML

## ခရောဖို့ဒ်ကို စိန်ခေါ်ပွဲလက်ခံသွားရန် တီအိုဖီမို ကမ်းလှမ်းမှုပြုလုပ်



**ဝါရှင်တန် ဇန်နဝါရီ ၁၁**

WBO ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံတီအိုဖီမိုသည် စူပါဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်သူ ခရောဖို့ဒ်နှင့် ထိုးသတ်ရန် ကမ်းလှမ်းမှုပြုလုပ်ထားသည်ဟု ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ခရောဖို့ဒ်သည် အဲရိုလ်စပန့်နှင့် မကျေပွဲထိုးသတ်ရန် ပြင်ဆင်ထားသော်လည်း အဲရိုလ်စပန့်သည် မျက်လုံးအတွင်းတိမ် ခွဲစိတ်ကုသမှု ခံယူထားသည့် အတွက်ကြောင့် ခရောဖို့ဒ်နှင့် ထိုးသတ်သွားမည့်စိန်ခေါ်ပွဲကို ဖျက်သိမ်းခဲ့ရသည်။

ယင်းအတွက်ကြောင့် တီအိုဖီမိုသည် စူပါဝယ်သာဝိတ်တန်းတွင် ထိုးသတ်လိုသည့် အတွက်ကြောင့် ခရောဖို့ဒ်ကို စိန်ခေါ်ခဲ့ခြင်းလည်း ဖြစ်သည်။

တီအိုဖီမိုသည် ယူကရိန်း လက်ဝှေ့သမား လိုမာချန့်ကိုအား အနိုင်ထိုးသတ်ထားသည့် လက်ဝှေ့သမားဖြစ်ပြီး စိန်ခေါ်မှုအသစ်ဖြင့် ရင်ဆိုင်လိုသည့် အတွက်ကြောင့် ခရောဖို့ဒ်ကို စိန်ခေါ်ခဲ့ခြင်းလည်း ဖြစ်သည်။

ခရောဖို့ဒ်အနေဖြင့် စူပါဝယ်သာဝိတ်တန်းတွင် ပြိုင်ဘက်ကင်းဖြစ်နေသလို မကျေပွဲထိုးသတ်ခွင့်ရထားသည့် အဲရိုလ်စပန့်သည်လည်း အနားယူရမည်ဖြစ်သည့် အတွက်ကြောင့် တီအိုဖီမို၏စိန်ခေါ်မှုကိုလက်ခံနိုင်သည့် အခြေအနေဖြစ်နေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

## ယခုနှစ်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်း ဥရောပဝင်ခွင့်နှင့်လွဲချော်ခဲ့ပါက နည်းပြပိုချက်တီနိုကို ရာထူးမှထုတ်ပယ်ရန် အသင်းပိုင်ရှင်စီစဉ်

**လန်ဒန် ဇန်နဝါရီ ၁၁**

ချဲလ်ဆီးအသင်း ပိုင်ရှင် တော့ဘိုလီက လက်ရှိတွင်အသင်းအနေဖြင့် ရလဒ်များမတည်မငြိမ်ဖြစ်နေသော်လည်း ရာသီအကုန်တွင် ဥရောပဝင်ခွင့်နှင့်လွဲချော်မည်ဆိုပါက နည်းပြပိုချက်တီနိုကို ရာထူးမှထုတ်ပယ်ပြီး နည်းပြအပြောင်းအလဲပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

ချဲလ်ဆီးအသင်းကို ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းပိုင်ရှင် တော့ဘိုလီ ပိုင်ဆိုင်ခဲ့ပြီးနောက် အသင်းကို နည်းပြအပြောင်းအလဲများပြုလုပ်ခဲ့ပြီး နည်းပြတူချယ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် နည်းပြဂရာဟမ်ပေါ်တာနှင့်အစားထိုးခဲ့သော်လည်း ရလဒ်များဆက်တိုက်ဆိုးရွားနေသည့်အတွက် ထုတ်ပယ်ခဲ့ပြီး ရာသီကုန်ထိ ယာယီနည်းပြအဖြစ် လမ်းပတ်ကိုခန့်အပ်ခဲ့သည်။

ထို့နောက် အသင်းပိုင်ရှင် တော့ဘိုလီက ရာသီကုန်ဆုံးခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြသစ်အဖြစ် ပိုချက်တီနိုကို ၂၀၂၅ ခုနှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ပြီးနောက် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက နည်းပြပိုချက်တီနို စိတ်ကြိုက်ကစားသမားများကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၅၀ကျော် အကုန်ကျခံကာ ဝယ်ယူပေးခဲ့ခြင်းဖြစ်သည်။

သို့သော် ချဲလ်ဆီးအသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ဥရောပပြိုင်ပွဲများကစားခွင့်မရရှိဘဲ ပြည်တွင်းပြိုင်ပွဲများတွင်သာ ကစားခဲ့ရသော်လည်း ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်းပွဲ ၂၀ ကစားပြီးချိန် ရှစ်ပွဲသာအနိုင်ရရှိထားပြီး လေးပွဲသရေနှင့် ရှစ်ပွဲရှုံးနိမ့်ထားသကဲ့သို့ ကွာရာဘောင်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့တွင်လည်း မစ်ဒယ်ဘရော့အသင်းကို ရှုံးနိမ့်ထားသည်။

လက်ရှိအချိန်ထိ နည်းပြပိုချက်တီနိုအနေဖြင့် ရလဒ်ပိုင်း မတည်မငြိမ် ဖြစ်နေသော်လည်း အသင်းပိုင်ရှင် တော့ဘိုလီက ရာသီကုန်ထိစောင့်ကြည့်မည်ဖြစ်ပြီး ဥရောပဝင်ခွင့်မရရှိပါက နည်းပြအပြောင်းအလဲ လုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

## ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်သို့ လာဇီယိုအသင်းနှင့် အတ္တလန်တာအသင်းတို့တက်ရောက်

**ရောမ ဇန်နဝါရီ ၁၁**

ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် လာဇီယိုအသင်းနှင့် ရိုးမားအသင်းတို့ပွဲစဉ်တွင် လာဇီယိုအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ အေစီမီလန်အသင်းနှင့် အတ္တလန်တာအသင်းတို့ပွဲစဉ်တွင် အတ္တလန်တာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်းအနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

လာဇီယိုအသင်းသည် ၁၆ သင်းရှုံးထွက်အဆင့်တွင် ဂျီနိုအာအသင်းနှင့်တွေ့ဆုံခဲ့ရာ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်သို့ ရောက်ရှိခဲ့ရာ ရိုးမားအသင်းနှင့် တွေ့ဆုံခဲ့ပြီး အိမ်ကွင်းတွင် ညှော်ခံကစားခဲ့ရသောကြောင့် ကစားကွက်ပိုင်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ရိုးမားအသင်း၏ခံစစ်ကစားပုံနှင့် တန်ပြန်တိုက်စစ်ကောင်းမွန်မှုတို့ကြောင့် ဦးဆောင်ဂိုးရရှိရန် ရုန်းကန်ခဲ့ရပြီးနောက် ပွဲကစားချိန် ၅၁ မိနစ်တွင် တိုက်စစ်မှူးဇာကာနီက ပင်နယ်တီမှတစ်ဆင့် ဂိုးရယူနိုင်ခဲ့ရာ ရိုးမားအသင်းဖိအားအောက်ရောက်ရှိခဲ့သဖြင့် ချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးစားခဲ့သော်လည်း လာဇီယိုအသင်း၏ထိန်းချုပ်ကစားနိုင်မှုကြောင့် တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အတ္တလန်တာအသင်းအနေဖြင့် ၁၆ သင်းအဆင့်တွင် ဆက်ဆူအိုလိုအသင်းနှင့် တွေ့ဆုံခဲ့သော်လည်း အိမ်ကွင်းတွင် ကစားခဲ့ရသဖြင့် ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ကစားနိုင်ခဲ့ပြီး သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်တက်ရောက်ခဲ့ပြီး အေစီမီလန်အသင်းနှင့်တွေ့ဆုံခဲ့ရာ အဝေးကွင်းတွင် သွားရောက်ကစားခဲ့ရသော်လည်း ကစားသမားများ၏ ကြိုးပမ်းမှုနှင့် အသင်းလိုက်ကစားအားကောင်းမှုတို့ကြောင့် အေစီမီလန်အသင်းက လီအို၏သွင်းဂိုးဖြင့်



ဦးဆောင်နိုင်ခဲ့သော်လည်း ကူမီနာကခြေစွမ်းပြသ၍ အသင်းအတွက် ချေပဂိုးနှင့် ဦးဆောင်ဂိုးများသွင်းယူပေးခဲ့သောကြောင့် နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်အဆင့်တွင် လာဇီယိုအသင်းသည် ဂျူဗင်တပ်နှင့် ဖရိုစီဝမ်းအသင်းတို့ပွဲစဉ်မှ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်ကာ အတ္တလန်တာအသင်းက ဘိုလော့ဂ်နာကိုအနိုင်ရခဲ့သည့် ဖီအိုရင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပွဲစဉ်များကို လာမည့် ဖေ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး စက်ဘီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုအားလုံးကို မန္တလေးတိုင်းဒေသကြီးအသင်းဆွတ်ခူး

**နေပြည်တော် ဇန်နဝါရီ ၁၁**




အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး စက်ဘီးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းပတ်လမ်းတွင်ကျင်းပခဲ့ပြီး တံခွန်စိုက်ဆုအားလုံးကို မန္တလေးတိုင်းဒေသကြီးအသင်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ အမျိုးသမီး ကိုးကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသား (၁၅)ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီးနောက် ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပခဲ့ရာ အမျိုးသမီး မီတာ(၅၀၀) တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးကလည်းကောင်း၊ အမျိုးသား မီတာ(၁၀၀၀) တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးကလည်းကောင်း၊ အမျိုးသမီးမီတာ(၃၀၀၀) တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ ဦးမြတ်သူကလည်းကောင်း၊အမျိုးသား မီတာ(၃၀၀၀)တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းကလည်းကောင်း အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီး ကိုးကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲတွင် ဆုရရှိကြသည့်အသင်းများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ အမျိုးသမီး ကိုးကီလိုမီတာပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ အမျိုးသား(၁၅)ကီလိုမီတာပြိုင်ပွဲတွင် ဆုရရှိကြသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း ဆုများအသီးသီး ပေးအပ်ခဲ့ပြီး အမျိုးသမီးတံခွန်စိုက်ဆု၊ အမျိုးသားတံခွန်စိုက်ဆုနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားများရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးအသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံက ဆုများအသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

**STA**

# စပိန်စူပါဖလားပြိုင်ပွဲ၌ အေတီကို ကိုအနိုင်ရခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်း ဗိုလ်လုပွဲတက်ရောက်

**ရီယာ့ဒ် ဇန်နဝါရီ ၁၁**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင်ကျင်းပနေသည့် စပိန်စူပါဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းက အေတီကိုအသင်းကို ငါးဂိုး သုံးဂိုးဖြင့်အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသည် ပွဲအစခြောက်မိနစ်ကတည်းက အေတီကိုအသင်းမှ ဟာမိုဆို၏သွင်းဂိုးဖြင့် ဦးဆောင်ခြင်းခံခဲ့ရပြီး ပွဲကစားချိန် မိနစ် ၂၀ အရောက်တွင် မိုဒရစ်၏ ဖန်တီးမှုမှ ရူဒီဂါက ခေါင်းတိုက်ချေပဂိုးရယူနိုင်ခဲ့သဖြင့် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ရှိခဲ့ရာ ပွဲကစားချိန် ၂၉ မိနစ်တွင် မန်ဒီက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း အေတီကိုအသင်း၏တိုက်စစ်ကစားပုံကောင်းမွန်မှုကြောင့် ပွဲချိန် ၃၇ မိနစ်တွင် ဂရစ်ဇ်မန်းက ချေပဂိုးထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် သရေရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နည်းပြဆီမွန်နီ၏ အေတီကိုအသင်းက အခွင့်အရေးများ ပိုမိုဖန်တီးနိုင်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းခံစစ်ကစားပုံ ကောင်းမွန်မှုကြောင့် ဦးဆောင်ဂိုးရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ပွဲကစားချိန် ၇၈ မိနစ်တွင် ရူဒီဂါက ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် အေတီကိုအသင်းက ဦးဆောင်ခွင့် ပြန်လည်ရရှိခဲ့ပြီး ထိန်းချုပ်ကစားရန်ကြိုးပမ်းခဲ့သော်လည်း ပွဲချိန် ၈၅ မိနစ်တွင် ကာဗာဂျယ်က ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် ရီးရဲလ်မက်ဒရစ်အသင်းက တိုက်စစ်ပိုင်းအပြောင်းအလဲပြုလုပ်၍ ကစားအားမြှင့်တင်ခဲ့ရာ ပွဲချိန် ၁၁၆ မိနစ်တွင် ဆာဗစ်၏ ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့်လည်းကောင်း၊ ပွဲချိန် မိနစ် ၁၂၀ တွင် တိုက်စစ်မှူးဘရာဟမ်ဒီယက်ဇ်၏ သွင်းဂိုးကြောင့်လည်းကောင်း အေတီကိုအသင်းကို နှစ်ဂိုးပြတ်ဦးဆောင်နိုင်ခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# ASB Classic တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အာသာဖီ တက်ရောက်

**ဝယ်လင်တန် ဇန်နဝါရီ ၁၁**

နယူးဇီလန်နိုင်ငံတွင် ကျင်းပနေသည့် ASB Classic တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ပြင်သစ်တင်းနစ်ကစားသမားအာသာဖီနှင့် ဂျာမနီတင်းနစ်ကစားသမား အက်မာလာတို့ယှဉ်ပြိုင်ကစားခဲ့ရာ အာသာဖီက(၇-၆၊ ၁-၀)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်နိုင်ငံ၏အတိုးတက်ဆုံးသောတင်းနစ်ကစားသမားတစ်ဦးဖြစ်သည့် အာသာဖီသည် ၂၀၀၄ ခုနှစ်နောက်ပိုင်း ASB Classic တင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်နောက်ပိုင်း ASB Classic တင်းနစ်ပြိုင်ပွဲ၌ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သော အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အက်မာလာအနေဖြင့် အာသာဖီကို အကောင်းဆုံးယှဉ်ပြိုင်ကစားသွားခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရပြီး အာသာဖီကို အရှုံးပေးခဲ့ရသည်။

ရာဖေးလ်နာဒယ်သည် ASB Classic တင်းနစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့စဉ်က အသက် ၁၇ နှစ်သာရှိခဲ့ပြီး ယင်းနောက်ပိုင်း အာသာဖီက အသက် ၁၉ နှစ်အရွယ်ဖြင့် ASB Classic တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အာသာဖီက "ကျွန်တော့်အနေနဲ့ ရာဖေးလ်နာဒယ်ကို လေးစားအားကျရတဲ့ကစားသမားတစ်ယောက်ပါ။ ကျွန်တော့်ရဲ့ကစားသမားသမားဘဝမှာ ရာဖေးလ်နာဒယ် စွမ်းဆောင်ခဲ့တာရဲ့ တစ်ရာခိုင်နှုန်းလောက်စွမ်းဆောင်နိုင်ရင် ကျွန်တော်ကျေနပ်တယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်လုပ်နိုင်သမျှကို အကောင်းဆုံးကြိုးစားသွားမှာပါ။ အက်မာလာနဲ့ပွဲစဉ်မှာ ကျွန်တော်လုပ်နိုင်သမျှ အကောင်းဆုံးလုပ်ဆောင်ခဲ့တယ်။ ပထမပွဲငယ်မှာကတည်းက ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားခဲ့ကာ tie-break ထိကစားခဲ့ရပြီး အနိုင်ရခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံ ဖူဆယ်နှင့်သဲသောင်ပြင်ဆပ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် MFF AYA Pay Futsal League ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ နံနက် ၈ နာရီက ထိပ်တန်းအသင်းနှစ်သင်းဖြစ်သည့် MIU FCအသင်းနှင့် VUC FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်က Dream Team FC အသင်းနှင့် Let Wel Thone Nara အသင်းတို့ ကစားခဲ့ရာ Dream Team FC အသင်းက ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက Generations FC အသင်းနှင့် Linn Latt FC အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က Winner Soccer အသင်းနှင့် Futsal 19 FC အသင်းတို့ကစားခဲ့ရာ Winner Soccer အသင်းက ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ညနေ ၃ နာရီက Futsal Chit Thu အသင်းနှင့် M2K FC အသင်းတို့ကစားခဲ့ရာ M2K FC အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# ဘိုင်ယန်မြူးနစ်အသင်းက ခံစစ်ကစားသမား ဒိုင်ယာကို ယူရို လေးသန်းဖြင့်ခေါ်ယူ

**မြူးနစ် ဇန်နဝါရီ ၁၁**

ဘိုင်ယန်မြူးနစ် အသင်းသည် စပါးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် ခြောက်လသာကျန်ရှိတော့သည့် ခံစစ်ကစားသမား ဒိုင်ယာကို ပြောင်းရွှေ့ကြေး ယူရို လေးသန်းဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ဗဟိုခံစစ်ကစားသမား ဒိုင်ယာကို ခေါ်ယူရန်ကာလရှည်ပစ်မှတ်ထားခဲ့ပြီး လက်ရှိတွင် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့သဖြင့် ကစားသမားအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဆေးစစ်မှုခံယူရန် ပြုလုပ်လျက်ရှိသည်။

အသက် ၂၉ နှစ်ရှိ ဒိုင်ယာသည် နည်းပြ ပိုချက်တီနိုလက်ထက်ကတည်းက စပါးအသင်းတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုအကြာ ကစားခဲ့ရာ ပြိုင်ပွဲစုံ ၃၆၅ ပွဲတွင် သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း ယခုနှစ် နည်းပြပိုစတီကိုဂလူလက်အောက်တွင် ပွဲကစားချိန် လျော့နည်းလာကာ ခံစစ်ပိုင်းတွင် ရှိမီယိုနှင့်ဗန်ဒီဗန်တို့၏နောက်တွင်သာ ပါဝင်ကစားခဲ့ရသည့်အပြင် အဆိုပါ ခံစစ်ကစားသမားနှစ်ဦးစလုံး ဒဏ်ရာပြဿနာကြုံတွေ့ချိန်တွင်လည်း ဗဟိုခံစစ်ပိုင်းတွင် ဒေးဗစ်နှင့် အယ်မာဆန်တို့ကိုသာ နည်းပြကအသုံးပြုခဲ့သောကြောင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်း၏ကမ်းလှမ်းမှုကိုလက်ခံခဲ့သည်။

လက်ရှိတွင် စပါးအသင်းသည် ခံစစ်ပိုင်းတွင် ဂျီနိုအာအသင်း ကစားသမား ဒရာဂူဆင်ကိုပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့်ခေါ်ယူရန် သဘောတူညီမှုရယူနိုင်ခဲ့ပြီး လိဒ်အသင်းသို့ အငှားချထားသည့် ခံစစ်ကစားသမား စပန်စီကိုလည်း အသင်းသို့ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ဆီးရီးယားနိုင်ငံ၏ပြည်တွင်းစစ်အလွန်အခြေအနေကို စေ့ငုကြည့်ခြင်း

**မောင်ဝေလွမ်း(သုတေသီ)**

ဆီးရီးယားနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ အာရှတိုက်၏အနောက်ဘက်တွင်တည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဧရိယာအားဖြင့် စတုရန်းကီလိုမီတာ ၁၈၅၁၈၀ ကျယ်ဝန်းသည်။ မြေပြင်ဧရိယာသည် စတုရန်းကီလိုမီတာ ၁၈၃၆၃၀ ရှိပြီး ရေပြင်ဧရိယာသည် စတုရန်းကီလိုမီတာ ၁၅၅၀ ရှိသည်။ အနောက်ဘက်တွင် မြေထဲပင်လယ်၊ မြောက်ဘက်တွင် တူကီယဲနိုင်ငံ၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တွင် အီရတ်နိုင်ငံ၊ တောင်ဘက်တွင် ဂျော်ဒန်နိုင်ငံ၊ အနောက်တောင်ဘက်တွင် အစ္စရေးနိုင်ငံနှင့် လက်ဘနွန်နိုင်ငံတို့တည်ရှိကြသည်။ နိုင်ငံ၏မြေအနေအထားအများစုသည် တောတောင်ထူထပ်ပြီး ဧရိယာထက်ဝက်ခန့်သည် သဲကန္တာရများဖြစ်သည်။ ဆီးရီးယားနိုင်ငံ၏ မြို့တော် ဒမတ်စကတ်ဖြစ်ပြီး ရှေးအကျဆုံးလူနေထိုင်မှုမြို့တော်ဖြစ်က ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၂၃၀၀ တွင်ရှိသည်။

**နိုင်ငံအုပ်ချုပ်မှုစနစ်**

သမ္မတသည် နိုင်ငံ့အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်သည်။ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့တွင် သမ္မတ၊ ဒုတိယသမ္မတ နှစ်ဦး၊ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများကောင်စီ (ကက်ဘိနက်)တို့ပါဝင်သည်။ ဥပဒေပြုသည့်အဖွဲ့ဖြစ်သော ပြည်သူ့ကောင်စီ ခေါ် လွှတ်တော်လည်းရှိသည်။ လက်ရှိသမ္မတ ဘာရှားအယ်အာဆတ်သည် ၎င်း၏စတုတ္ထသက်တမ်း (၂၀၂၁-၂၀၂၈)အတွက် ၂၀၂၁ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် သမ္မတအိမ်တော်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ သမ္မတသက်တမ်းသည် ခုနစ်နှစ်ဖြစ်သည်။ ပါလီမန်ရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်တွင်ပြုလုပ်ခဲ့သည်။ ဆီးရီးယားပြည်သူ့ကောင်စီတွင် အဖွဲ့ဝင်ဦးရေ ၂၅၀ ရှိရာ ၁၂၇ ဦးသည် အလုပ်သမားများနှင့်လယ်သမားများဖြစ်ပြီး ၁၂၃ ဦးကို လူထုကရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။

**လူမှုရေးဆိုင်ရာ**

ဆီးရီးယားနိုင်ငံတွင် ၂၀၂၃ ခုနှစ် ခန့်မှန်းစာရင်းအရ လူဦးရေ ၂၂ ဒသမ ၉၃ သန်းကျော်ရှိသည်။ အာရပ် ၅၀ ရာခိုင်နှုန်း၊ အာလာဝီ ၁၅ ရာခိုင်နှုန်း၊ ကာ့ဒ်နှင့်လီဗာန်တီး ၁၀ ရာခိုင်နှုန်းစီနှင့် ဒရူဇ်အပါအဝင် အခြားလူမျိုးစု ၁၅ ရာခိုင်နှုန်းရှိသည်။ ဒရူဇ်လူမျိုး ငါးသိန်းခန့်သည် ဂျာဘားဒရူဇ်၏ တောင်ဘက်ဧရိယာတွင် နေထိုင်ကြသည်။ ကာ့ဒ်(Kurds) လူမျိုးစုများသည် နိုင်ငံ၏အရှေ့မြောက်ဘက်နယ်မြေဒေသတွင် နေထိုင်ကြသည်။ ဆီးရီးယန်းတာ့ခ်မင်လူမျိုးစုအများစုသည် အလီပို၊ ဒမတ်စကတ်နှင့်လာတာကီးယားတွင် နေထိုင်လျက်ရှိပြီး လူဦးရေ တစ်သန်းခွဲခန့်ရှိသည်။ ဆီးရီးယားနိုင်ငံတွင် အာမေနီးယန်းလူမျိုး ၁၉၀၀၀၀ ခန့် နေထိုင်ကြသည်။ လူဦးရေတိုးနှုန်းသည် ၆ ဒသမ ၃၉ ရာခိုင်နှုန်းရှိပြီး မြို့ပြနေထိုင်သူ လူဦးရေသည် ၅၄ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။

**စီးပွားရေးအခြေအနေ**

ဆီးရီးယားနိုင်ငံသည် ပြည်တွင်းမငြိမ်မသက်ဖြစ်ပြီးနောက် ၂၀၁၁ ခုနှစ်ကတည်းက အနောက်အုပ်စုနိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများကိုရင်ဆိုင်ခဲ့ရသည်။ ပိတ်ဆို့အရေးယူမှု ပြုလုပ်သည့်ကာလကြာမြင့်လာရုံသာမက ပြည်တွင်းစစ်ဖြစ်ပွားမှုက နိုင်ငံ၏စီးပွားရေးကို ယိမ်းယိုင်စေခဲ့သည်။ ဂျီဒီပီသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၂၈ ဘီလီယံရှိခဲ့ပြီး ထို့နောက်ပိုင်းတွင် ဆီးရီးယား၏ စီးပွားရေးဆိုင်ရာ တိကျသည့်အချက်အလက်များကို မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ပြန်ခဲ့ခြင်း မရှိတော့ပေ။ ဂျီဒီပီတွင် ကဏ္ဍအလိုက်ပါဝင်မှုသည် စိုက်ပျိုးရေး ၂၀ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်း ၂၀ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ၆၀ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၁၅ ခုနှစ် မတိုင်မီက တစ်ဦးချင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂၀၀၀ အထက်ရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၁၈၀၀ ခန့်သာရှိကြောင်း ကမ္ဘာ့စီးပွားရေးစစ်တမ်းများက ဖော်ပြခဲ့သည်။

**ပြည်တွင်းစစ်ဖြစ်ပွားခဲ့မှုအခြေအနေ**

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်တွင်ဖြစ်ပွားသည့် နိုင်ငံအတွင်း ဆန္ဒထုတ်ဖော်မှုအပေါ် နှိမ်နင်းရာမှ ပြည်တွင်း မငြိမ်မသက်မှု စတင်ဖြစ်ပွားခဲ့သည်။ ထို့နောက်တွင် ပြည်တွင်း၊ ပြည်ပမှမြောက်ပင့်လှုံ့ဆော်မှုများကြောင့် ပဋိပက္ခများ ပိုမိုကြီးထွားလာခဲ့သည်။ ထို့နောက်တွင် လက်နက်ကိုင်ပုန်ကန်တိုက်ခိုက်မှုများ လုပ်ဆောင်လာခဲ့ပြီး ပြည်ပနိုင်ငံများ၏ နည်းလမ်းမျိုးစုံပံ့ပိုးမှုကြောင့် ပုန်ကန်သောင်းကျန်းသူများ အားကောင်းလာခဲ့သည်။ ဤသို့ဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ပြည်တွင်းစစ်အဖြစ်သို့ တရားဝင်ကူးပြောင်းသွားခဲ့သည်။ ထိုသို့ ကူးပြောင်းစဉ် IS အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုများပါ ရောနှောလာခြင်းကြောင့် ရုရှားနှင့်အမေရိကန်တို့ပါဝင်လာခဲ့သည်။ အမေရိကန်က အစိုးရဆန့်ကျင်ရေးအဖွဲ့များကိုကူညီပေးခဲ့ပြီး ရုရှားတပ်ဖွဲ့များက အစိုးရတပ်ဖွဲ့များဘက်မှ ကူညီတိုက်ခိုက်ခဲ့သည်။ ဆီးရီးယားသမ္မတ ဘာရှားအယ်အာဆတ်၏ တရားဝင်အကူအညီတောင်းခံမှုကြောင့် ဝင်ရောက်လာသည့် ရုရှားတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် ၂၀၁၇ ခုနှစ်တွင် ပြည်တွင်းစစ် အရှိန်အဟုန် ရပ်တန့်သွားခဲ့သည်။ သို့သော်လည်း ပြည်တွင်း၌ ရုရှားနှင့် အမေရိကန်တပ်ဖွဲ့များသည် ယနေ့ထိတိုင် တပ်စွဲထားသည်။ ဆီးရီးယားပြည်တွင်းစစ်တွင် စုစုပေါင်းသေဆုံးသူ ၆၁၃၄၀၇ ဦးရှိခဲ့ပြီး ၎င်းတွင် အရပ်သား ၃၀၆၈၈၇ ဦးကျော်ထိ ပါဝင်သည်။ ထို့ပြင် ပြည်တွင်းဒုက္ခသည် ၆ ဒသမ ၇ သန်းကျော်ရှိပြီး ပြည်ပသို့ထွက်ခွာသည့်ဒုက္ခသည် ၆ ဒသမ ၆ သန်းရှိကြောင်း တွေ့ရှိရသည်။

**နိုင်ငံတကာဆက်ဆံရေး**

ဆီးရီးယားနိုင်ငံသည် ၂၀၁၁ ခုနှစ် ပြည်တွင်းပဋိပက္ခနှင့် ၂၀၁၃ ခုနှစ်တွင် ပြည်တွင်းစစ်ကိုရင်မဆိုင်မီကာလတွင် ဒေသတွင်း၌ စစ်ရေးအင်အားကြီးနိုင်ငံတစ်ခုနှင့် စီးပွားရေးအတော်အတန် အင်အားကောင်းသည့် နိုင်ငံဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအများစုနှင့် ဆက်ဆံရေးကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သည်။ အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်းနှင့် OIC အဖွဲ့ဝင်နိုင်ငံဖြစ်ခြင်းကြောင့် အစ္စလာမ္မစ်နိုင်ငံများစွာနှင့် ဆက်ဆံရေးရွှေထွေးမှုများရှိခဲ့သကဲ့သို့ အမေရိကန်နှင့် ဆက်ဆံရေး ပုံမှန်တိုးတက်မှုများရှိခဲ့သည်။ သို့သော်လည်း ၂၀၁၁ ခုနှစ် ပြည်တွင်းမငြိမ်မသက်ဖြစ်ပြီး ပြည်တွင်းစစ်ကို ဆယ်စုနှစ်တစ်ခုနီးပါးခံရချိန်တွင် နိုင်ငံ့စွမ်းအား ဘက်စုံကျဆင်းက နိုင်ငံပျက်တစ်ခုနီးပါးအဆင့်သို့ရောက်ရှိခဲ့သောကြောင့် နိုင်ငံတကာဆက်ဆံရေးလည်း ယိုယွင်းလာခဲ့သည်။

> ❖ ဆီးရီးယားနိုင်ငံသည် ပြည်တွင်းမငြိမ်မသက်ဖြစ်ပြီးနောက် ၂၀၁၁ ခုနှစ်ကတည်းက အနောက်အုပ်စုနိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများကိုရင်ဆိုင်ခဲ့ရသည်။ ပိတ်ဆို့အရေးယူမှုပြုလုပ်သည့်ကာလကြာမြင့်လာရုံသာမက ပြည်တွင်းစစ်ဖြစ်ပွားမှုက နိုင်ငံ၏စီးပွားရေးကို ယိမ်းယိုင်စေခဲ့သည်။ ဂျီဒီပီသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၂၈ ဘီလီယံရှိခဲ့ပြီး ထို့နောက်ပိုင်းတွင် ဆီးရီးယား၏စီးပွားရေးဆိုင်ရာတိကျသည့်အချက်အလက်များကို မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ပြန်ခဲ့ခြင်း မရှိတော့ပေ။ ❖

ဆီးရီးယားနိုင်ငံသည် အစဉ်အလာအရ ဆက်ဆံရေးကောင်းမွန်သည့် အီရန်၊ ရုရှားနိုင်ငံတို့နှင့်ဆက်ဆံရေးတိုးမြှင့်လျက်ရှိသည်။ အခြားနိုင်ငံများဖြစ်ကြသည့် တရုတ်၊ မြောက်ကိုရီးယား၊ အန်ဂိုလာ၊ ကျူးဘား၊ ဗင်နီဇွဲလား၊ ဘိုလီးဗီးယား၊ အီကွေဒေါ၊ နီကာရာဂွါ၊ ဘရာဇီး၊ဂူယာနာ၊ အိန္ဒိယ၊ တောင်အာဖရိက၊ တန်ဇန်းနီးယား၊ ပါကစ္စတန်၊ အာမေနီးယား၊ အာဂျင်တီးနား၊ ဘယ်လာရုစ်၊ တာဂျစ်ကစ္စတန်၊ ဖိလစ်ပိုင်၊ ယူဂန်ဒါ၊ ဇင်ဘာဘွေနိုင်ငံတို့နှင့် ဆက်ဆံရေးကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အီရတ်၊ အီဂျစ်၊ အယ်လ်ဂျီးရီးယား၊ ကူဝိတ်၊ လက်ဘနွန်၊ အိုမန်နိုင်ငံတို့နှင့် ဆက်ဆံရေးကောင်းမွန်အောင် ကြိုးပမ်းလျက်ရှိသည်။

ပြည်တွင်းပဋိပက္ခဖြစ်ပွားပြီးနောက်တွင် အချို့သော အာရပ်နိုင်ငံများသည် အမေရိကန်၏ဦးဆောင်တိုက်တွန်းမှုကြောင့် ဆန့်ကျင်မှုများပြုလုပ်ခဲ့ပြီး နောက်ဆုံးတွင် အာရပ်အဖွဲ့ချုပ်တွင် ပါဝင်ခြင်းမှ ဆိုင်းငံ့ခံခဲ့ရသည်။ အနောက်အုပ်စုနိုင်ငံများက ဆီးရီးယားအပေါ် ထိုးနှက်မှုအမျိုးမျိုးဖြင့် လုပ်ဆောင်ချိန်တွင် ရုရှား၊ တရုတ်နှင့် အီရန်ကဲ့သို့သောနိုင်ငံများသည် ပုံမှန်ဆက်ဆံရေးများဖြင့် ရပ်တည်ဆောင်ရွက်ခဲ့သည်။ ဘာရှားအယ်အာဆတ်မိသားစုက နှစ်ပေါင်း ၅၀ ကြာ အုပ်ချုပ်လာမှုများသည် ယခုအချိန်တွင် ကမ္ဘာ့သမိုင်းဝင်ဖြစ်လာခဲ့ပြီး ထိုသို့ကာလရှည်ကြာမှုများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလိုလားသည့် အနောက်အုပ်စုများအတွက် မနှစ်မြို့စရာဖြစ်စေခဲ့သည်။ သို့သော်လည်း ဆီးရီးယားသမ္မတ ဘာရှားအယ်အာဆတ်သည် ကမ္ဘာ့နိုင်ငံအများစုနှင့် ဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ခဲ့ပြီး ရုရှား၊ တရုတ်ကဲ့သို့သော နိုင်ငံများသို့ ပြည်ပခရီးစဉ်များ သွားရောက်ထားသည်။ လက်ရှိအစ္စရေး-ပါလက်စတိုင်း ပဋိပက္ခဖြစ်ပွားနေစဉ်တွင် ဆီးရီးယားအနေဖြင့် တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း တွေ့ရှိရသည်။

**ရင်ဆိုင်နေရသည့်လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ**

ဆီးရီးယားနိုင်ငံသည် ပြည်တွင်းအကြမ်းဖက်တိုက်ခိုက်မှုများ၊ အယ်လ်နူဆာအကြမ်းဖက်အဖွဲ့များ၊ လွတ်လပ်သော ဆီးရီးယားတပ်ဖွဲ့ (Free Syrian Army-FSA)၊ ဆီးရီးယားအမျိုးသားတပ်ဖွဲ့ (Syrian National Army-SNA) ကဲ့သို့သော ပြည်တွင်းလက်နက်ကိုင်အဖွဲ့များ၏ ဆန့်ကျင်တိုက်ခိုက်မှုကိုလည်း ရင်ဆိုင်ရလျက်ရှိသည်။ ထို့ပြင် PKK ခွဲထွက်ရေးကဲ့သို့သော ကာ့ဒ်လူမျိုးစုများ၏ တိုက်ခိုက်မှုများကိုလည်း ရင်ဆိုင်နေရသည်။ ပြည်ပလုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအဖြစ် နိုင်ငံအတွင်း တပ်စွဲထားသော အမေရိကန်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကို ရင်ဆိုင်ရလျက်ရှိသကဲ့သို့ အစ္စရေးနိုင်ငံ၏ တိုက်ခိုက်မှုများကိုလည်း ရင်ဆိုင်ရလျက်ရှိသည်။ လက်ရှိ အစ္စရေး-ပါလက်စတိုင်း (ဟားမက်စ်) ပဋိပက္ခဖြစ်ပွားနေချိန်တွင် အီရန်၏ စစ်လက်နက်ပစ္စည်းများ ဟားမက်စ်အဖွဲ့ထံ ရောက်ရှိလာနိုင်မှုကို ကြိုတင်ကာကွယ်မှုအဖြစ် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်က အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဒမတ်စကတ်လေယာဉ်ပြေးလမ်းများပျက်စီးခဲ့ရပြီး လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရသည်ထိ ဖြစ်ပွားခဲ့သည်။ လက်ရှိတွင်လည်း အစ္စရေးတို့က လေကြောင်းတိုက်ခိုက်မှုများ မကြာခဏပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် အစိုးရအပေါ် ဆန့်ကျင်ဆန္ဒထုတ်ဖော်ရာမှ ပေါ်ပေါက်ခဲ့သော ဆီးရီးယားပြည်တွင်းစစ်သည် ဆယ်စုနှစ်ဝက်တစ်ခုကြာ ပြင်းထန်စွာဖြစ်ပေါ်ခဲ့ပြီး နိုင်ငံအတွင်းထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်။ တိုင်းရင်းသားပြည်သူများအတွင်း လက်နက်ကိုင်အဖွဲ့အစည်း များစွာကျန်ရှိနေခဲ့သည်။ နိုင်ငံ၏လုံခြုံရေး စိတ်မချရမှုများကြောင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုသည် အလုံးစုံနီးပါး ရပ်တန့်ခဲ့သည်။ နိုင်ငံအတွင်း ပြည်သူများစွာအသက်ဆုံးရှုံးခဲ့ရပြီး အခြေခံအဆောက်အအုံများ မမျှော်မှန်းနိုင်သည်ထိ ထိခိုက်ပျက်စီးခဲ့သည်။ သမ္မတဘာရှားအယ်အာဆတ် အစိုးရအနေဖြင့် နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် ကြိုးပမ်းလျက်ရှိသည့်တိုင် နိုင်ငံ၏ ယိုယွင်းပျက်စီးခဲ့သည့် အခြေအနေများကြောင့် စိန်ခေါ်မှုများစွာ ရင်ဆိုင်ရလျက်ရှိသည်။ သို့ဖြစ်၍ ဆီးရီးယားပြည်တွင်းစစ်အရှိန် ရပ်တန့်ခဲ့သည်မှာ ခြောက်နှစ်ကျော်သက်တမ်းသို့ ရောက်ရှိလာသည့်တိုင် မူလအခြေအနေ ပြန်လည်ရောက်ရှိရေးသည် နောင်ဆယ်စုနှစ်နှင့်ချီတည်ဆောက်ရမည်ကို သင်ခန်းစာယူဖွယ်ရာအဖြစ် တင်ပြလိုက်ရပါသည်။

**ကိုးကား**

- www.wikipedia.org/en/Syria

# စလင်းမြို့နယ် ကံပြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကံပြားကျေးရွာအုပ်စု ကံပြားကျေးရွာတွင် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုး ပေးဆပ်ရမည့်ကာလများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကံပြားကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းရိုး**

# သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းနှင့် အဆိုတော် ဗီဟာဟိန်းတို့က တောင်ဥက္ကလာပမြို့နယ်တွင် အိမ်ထောင်စု ၂၀၀ ကို အနွေးထည်နှင့်ငွေများပံ့ပိုးပေး



**ရန်ကုန် ဇန်နဝါရီ ၁၁**

သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်း၊ အဆိုတော် ဗီဟာဟိန်းတို့က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ် (၃) ရပ်ကွက်ရှိ အိမ်ထောင်စု ၂၀၀ ကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အနွေးထည်နှင့် ငွေများပံ့ပိုးပေးခဲ့ကြောင်း သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ပြောပြ၍ သိရသည်။

အဆိုပါအနွေးထည်နှင့်ငွေများ ပံ့ပိုးပေးခြင်းကို တောင်ဥက္ကလာပမြို့နယ် အမှတ် (၃) ရပ်ကွက်တွင် အနွေးထည် အမှန်တကယ်လိုအပ်နေသည့်အိမ်ထောင်စု ၂၀၀ ကို ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပြီး ငွေကျပ် ၅၀၀၀ ကိုလည်း ထပ်ဆောင်းပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

"ရာသီက အေးလာပြီဆိုတော့ အနွေးထည်လိုအပ်နေတဲ့ မိသားစုတွေအတွက် အမျိုးသား၊ အမျိုးသမီး၊ ကလေးဝတ် အနွေးထည် အထည် ၂၀၀ နဲ့ အိမ်ထောင်စုတစ်စုကို ငွေကျပ် ၅၀၀၀ စီ ဗီဟာဟိန်းတို့နဲ့အတူ ပံ့ပိုးပေးခဲ့ပါတယ်။ အနွေးထည်ကော၊ ငွေကော စုစုပေါင်းငွေကျပ် သိန်း ၂၀ လောက်ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ပြောပြသည်။

သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းနှင့် ရုပ်ရှင်၊ ဂီတ၊ အနုပညာနယ်ပယ်မှ မိတ်ဆွေများသည် ဇန်နဝါရီ ၂ ရက်ကလည်း နှစ်ဦးအလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ စူးသျှမ်းမိန်မတ်ရှေ့တွင် လမ်းသွားလမ်းလာပြည်သူဦးရေ ၂၀၀ ကို ဖုန်းငွေဖြည့်ကတ် ၁၀၀၀ တန် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ASH

# I Am Model Search International 2023 (Teen) ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ရှင်မေဓ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် I Am Model Search International 2023 (Teen) ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ရှင်မေဓ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်မှစ၍ ဇန်နဝါရီ ၁၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"ပထမဆုံး International ပြိုင်ပွဲပြိုင်ရတာဆိုတော့ စိတ်လှုပ်ရှားနေပါတယ်။ National Costume ပိုင်းကိုလဲ Organization ဘက်က တအား Heavy မလုပ်ဖို့ပြောလို့ ညီမဘက်က ပေါ့ပေါ့ပါးပါး တောသူမလေးပုံစံနဲ့ ပြင်ဆင်ချပြသွားမှာပါ။ ညီမဘက်ကတော့ အကောင်းဆုံးဆုတွေလဲ မျှော်မှန်းထားပါတယ်"ဟု အလှမယ် ရှင်မေဓက ပြောပြသည်။




I Am Model Search International 2023 (Teen) ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ် ရှင်မေဓသည် ၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့် Miss Myanmar Beauty Paradise (Teen) 2019 ပြိုင်ပွဲတွင် Winner ဆုရရှိထားသူဖြစ်ကြောင်း သိရသည်။

ASH

# အဆိုတော် မိစန္ဒီ၏ အပိုးတန်လူသားငယ် သီချင်း Music Video(MV) ထွက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၁**

အဆိုတော် မိစန္ဒီ၏ ကိုယ်တိုင်ရေးသားသီဆို သရုပ်ဆောင်ထားသည့် အပိုးတန်လူသားငယ် သီချင်း Music Video(MV) ကို ဇန်နဝါရီ ၁၀ ရက်က ထွက်ရှိခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။




အဆိုတော် မိစန္ဒီ၏ အပိုးတန်လူသားငယ်သီချင်း Music Video (MV) ကို ရဲဇော်မျိုးက ဒါရိုက်တာအဖြစ် ပံ့ပိုးရိုက်ကူးထားကာ လူငယ်များအတွက် နှစ်သစ်ကူးလက်ဆောင်အဖြစ် Z Productions က တာဝန်ယူထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"အပိုးတန်လူသားငယ် သီချင်းက ဘဝရဲ့အနိမ့်အမြင့် အတက်အကျတွေ၊ ကံကြမ္မာဝဲဂယက်တွေ၊ လောကဓံတွေကြား ကျင်လည်ရင်း အိပ်မက်တွေမက်ရင်း အားမလျှော့ဘဲ ကြိုးစားနေကြတဲ့ လူငယ်တွေ၊ လူသားတွေ အားလုံးအတွက် သီချင်းအသစ်လေးပါ။ မိစန္ဒီလဲ အဲဒီလိုလူသားတွေထဲက တစ်ယောက်ပါပဲ။ ဒီသီချင်းရေးတုန်းကလဲ ရှိုက်ကြီးတင်ငိုကြွေးမိတယ်။ နားထောင်တိုင်းလဲ ငိုချင်တယ်။ အင်အားတွေလဲဖြစ်စေတယ်။ ဘဝမုန်တိုင်းကြမ်းတွေကြား ဘာပဲဖြစ်ဖြစ် ကိုယ့်ဘဝအတွက် ကိုယ်ချစ်တဲ့လူတွေအတွက် ရှေ့ဆက် ကြိုးစားနေကြတဲ့သူတွေ အားလုံးဟာ အပိုးတန်လူသားငယ်တွေပါပဲ"ဟု အဆိုတော် မိစန္ဒီက ပြောပြသည်။

အပိုးတန်လူသားငယ် သီချင်း Music Video (MV)ကို အဆိုတော် မိစန္ဒီ၏ Facebook၊ YouTube နှင့် Z Production တို့တွင် နားဆင်နိုင်ရန် ထုတ်လွှင့်ပေးထားကြောင်း သိရသည်။

ASH

# The Ministry of Ungentlemanly Warfare ကို ဧပြီ ၁၉ ရက်တွင် ရုံတင်မည်

**နယူးယောက် ဇန်နဝါရီ ၁၁**

Lionsgate ရုပ်ရှင်ကုမ္ပဏီက The Ministry of Ungentlemanly Warfare ဇာတ်ကားကို ယခုနှစ် ဧပြီ ၁၉ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဝင်စတန်ချာချီ ဖွဲ့စည်းခဲ့သော အထူးတပ်ဖွဲ့တစ်ဖွဲ့၏ အကြောင်းကို ပုံဖော်ရိုက်ကူးထားသည့် ဖြစ်ရပ်မှန်အခြေခံ သူလျှိုအက်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။


အဆိုပါဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ ဂိုင်းရစ်ချီက ရိုက်ကူးပေးထားပြီး မင်းသား ဟင်နရီကာဗေးက အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

The Ministry of Ungentlemanly Warfare ဇာတ်ကားကို စာရေးဆရာ ဒါမီယန်လူးဝစ်၏ Churchill's Secret Warriors စာအုပ်ကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဟင်နရီကာဗေးနှင့်အတူ မင်းသား ဘာလန်ရစ်ချက်ဆန်၊ ကာရီအဲဝက်နှင့် မင်းသမီး အိုင်ဇာဂွန်ဇာလက် တို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# Five Nights at Freddy's နောက်ဆက်တွဲဇာတ်ကားရိုက်ကူးရန် ပြင်ဆင်နေ

**နယူးယောက် ဇန်နဝါရီ ၁၁**

၂၀၂၃ ခုနှစ်အတွင်း အောင်မြင်မှုရရှိခဲ့သည့် Five Nights at Freddy's ၏နောက်ဆက်တွဲဇာတ်ကားသစ် ရိုက်ကူးရန်အတွက် Blumhouse ကုမ္ပဏီ ပြင်ဆင်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် Five Nights at Freddy's ၏ နောက်ဆက်တွဲဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းရေးသားမှုကို စတင်နေပြီဖြစ်ကြောင်း မင်းသား ဂျိုးဟက်ချာဆန်က ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ နောက်ဆက်တွဲဇာတ်ကားကို မူလ Five Nights at Freddy's ဒါရိုက်တာ အမ်မာတမ်မီကပင် ရိုက်ကူးမည်ဖြစ်ပြီး Five Nights at Freddy's နောက်ဆက်တွဲဇာတ်ကားတွင် မင်းသား ဂျိုးဟက်ချာဆန်ကပင် အဓိကဇာတ်ကောင်အဖြစ် ပါဝင်လာမည်ဖြစ်သည်။

Five Nights at Freddy's ဇာတ်ကားသည် Blumhouse ကုမ္ပဏီအတွက် သမိုင်းတစ်လျှောက် ဝင်ငွေအများဆုံး ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၃ ခုနှစ်တွင် ရုံတင်ပြသခဲ့ရာ ကမ္ဘာတစ်ဝန်းဝင်ငွေအမေရိကန်ဒေါ်လာ ၂၉၅ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Homalin District cultivates more than 2,000 acres of groundnut this year



Photo shows a vast stretch of groundnut plantation.

**Homalin January 11**

According to the statistics of the Sagaing Region Agriculture Department, Homalin District has cultivated more than 2,000 acres of cold season groundnut this year.

In 2023-24 season, a total of 2,052 acres of croplands have been earmarked under groundnut in Homalin District, and local farmers started cultivation of 2,247 acres of groundnut in October last year.

"This year, the district earmarked to grow 2,052 acres of groundnut. So far, we have grown 2,247 acres, exceeding the target. We also provide agricultural aid to local farmers," said Head of Sagaing Region Agriculture Department U Win Hlaing Oo.

In the district, Homalin Township cultivated 2,216 acres of groundnut and Mobailut 31 acres, totalling 2,247 acres. With regard to target cultivation, Homalin plans to grow 2015 acres and Mobailut 37 acres.

Local farmers cultivated 2,052 acres of groundnut crop starting from October 2022 in the 202-23 financial year.

Staff and officials from relevant Agriculture Department provide agricultural aid to local farmers to have high yield of crop and prevention of pests. 206

# Chickpea thriving in Pwintbyu Township


**Pwintbyu January 11**

Chickpea plantations grown as cold season crop are thriving in Printbyu Township of Magway Region, according to local farmers.

Local farmers are engaged in cultivation of crops to earn incomes round the year. In cold season crop cultivation period, they grow chickpea under the Township Agriculture Department in order to get target per-acre yield.

"In our region, cold season chickpea plantations are thriving in the township this year. Township Agriculture Department provides agricultural techniques and ways to systematic use of inputs at the plantations to local farmers. The township earmarked cultivation of 21,843 acres of chickpea this year but local farmers could grow 39,201 acres on the ground. So, we exceed the target cultivation and are expected to get good prices for the crops in harvest season," said a local from Letpanwe Village of Pwintbyu Township.

Ye Win Naing (NyaungU)



A chickpea plantation.

# Jordan, Palestine, Egypt stress rejection of any Israeli plans to displace Palestinians

**Amman January 11**

Jordan, Egypt and Palestine stressed Wednesday their rejection of any Israeli plans to displace Palestinians in the West Bank and the Gaza Strip.

The rejection was reiterated during a trilateral summit held in Jordan's Aqaba, where King Abdullah II of Jordan, Egyptian President Abdel-Fattah al-Sisi, and Palestinian President Mahmoud Abbas also called for international condemnation of and actions against such plans.

They stressed the need for continuing pressure on Israel to stop its aggression on Gaza and protect the innocent civilians in the strip, according to a statement by Jordan's Royal Hashemite Court.

Meanwhile, the Egyptian president called for "a decisive stance" from the international community to push for a ceasefire in the besieged enclave and explained the efforts made by Egypt to open dialogue with all concerned parties to reach a truce agreement in Gaza.

The leaders also expressed complete rejection of any attempts to liquidate the Palestine issue and to separate Gaza and the West Bank, both of which are integral parts of the Palestinian state, the statement added.

At the summit, the three leaders reiterated the importance of ensuring sufficient delivery of humanitarian aid to Gaza to alleviate the dire humanitarian situation in the enclave.

King Abdullah II, Sisi and Abbas also voiced "complete rejection of any attempts to reoccupy parts of Gaza," stressing the necessity of "enabling the people of the Gaza Strip to return to their homes."

Noting Israel's hostilities in the West Bank, as well as its violations of Islamic and Christian sanctities in Jerusalem, the leaders warned that such actions could escalate tensions in the region.

The three heads of state agreed to continue working together in coordination with Arab and influential countries to find a political horizon for resolving the Palestine issue to achieve a just and comprehensive peace based on a two-state solution, which entails restoring the legitimate rights of the Palestinian people and ensuring the establishment of their independent and sovereign state on the 1967 border and with East Jerusalem as its capital.

Xinhua

# 34,267 acres of over 68,000 acres of monsoon paddy cultivated in Thabaung Township harvested

**Thabaung January 11**

U Win Soe, head of the Agriculture Department of Pathein District, said that 34,267 acres of paddy had been harvested in the rainy season in Thabaung Township, Pathein District, Ayeyawady Region.

During the rain crop planting season, 682 97 acres of monsoon paddy were planted in the township. Harvesting has started since October 2023, and so far, 34,267 acres have been harvested, producing 89.82 baskets per acre.

"We have been able to plant up to 68,297 acres of monsoon paddy in Thabaung Township. Now we are engaging in harvesting. To date, 34,267 acres of paddy have been harvested. In order for farmers to grow rice without difficulty, the Department of Agriculture has worked together with organizations related to agriculture to obtain inputs, improve the yield of paddy and improve its quality. When we re-harvested, the yield of paddy was found to be good. We are continuing to harvest the remaining acres," said U Win Soe.

In Thabaung Township, monsoon paddy was grown in nearly 10 villages. The Department of Agriculture conducted a ground survey to ensure that the monsoon paddy that was planted was free from pests.

Kyaw Kyaw Lin

# Sudan fighting triggers largest displacement in world: UN humanitarians

**United Nations January 11**

Military clashes in Sudan are responsible for the largest number of displaced persons on Earth and disrupting the fight against a deadly cholera outbreak, UN humanitarians said on Wednesday.

"The UN Office for the Coordination of Humanitarian Affairs (OCHA) is deeply concerned by the scale of displacement in Sudan due to the spreading conflict, which has fueled the largest displacement crisis in the world," the office said. "Since April, more than 6 million people have been displaced inside the country, including more than 500,000 due to the clashes that erupted in Aj Jazirah State last month."

The humanitarians said more than 1.3 million others fled across Sudan's borders to become refugees in the adjacent states of Chad, the Central African Republic, Egypt, Ethiopia and South Sudan.

OCHA said it is also alarmed the violence is disrupting critical humanitarian operations, including the fight against a worsening cholera outbreak.


The World Health Organization and Sudan's Federal Ministry of Health reported nearly 9,000 suspected cases, including 245 deaths, in nine states, an increase of more than 40 percent compared to the caseload one month ago.

Fighting broke out on April 15, 2023, between the Sudanese Armed Forces and the Rapid Support Forces militia in the capital of Khartoum and quickly expanded to other areas across the country.

OCHA's Relief Web said that since the conflict broke out, humanitarian needs have increased, and almost 25 million people now require assistance in Sudan.

Xinhua

# More than 12.4 million of people visit Shwedagon Pagoda in 2023



Visitors including monks seen visiting the Shwedagon Pagoda in Yangon.

**Yangon January 11**

More than 12.4 people and members of the Sangha visited Shwedagon Pagoda in 2023, according to U Boe Thin, a member of the pagoda board of trustees.

During one-year period, more than 150,000 members of the Sangha, over 70,00 nuns, more than 4.7 million men and more than 5.5 million women paid visits to the pagoda.

Likewise, a total of 80,380 international travellers visited the pagoda. Number of tourists was the largest arrival in March, then November and December. Most of them came from Thailand, China, Laos and Vietnam.

"Some 20,000 pilgrims per day visited the pagoda on weekdays and some 50,000 on weekends. A total of 5,309 tourists visited the pagoda in January, 6,162 in February, 9,414 in March, 5,355 in April, 6,315 in May, 5,850 in June, 6,681 in July, 6,442 in August, 6,115 in September, 7,080 in October, 8,218 in November, and 7,399 in December, totalling 80,380," he explained.

Currently, the pagoda board of trustees arranges visiting time for the people from 5 am to 9 pm for convenience of pilgrims.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kanbalu District places more than 50,000 acres of croplands under black bean this year

**Kanbalu January 11**

The statistics of Kanbalu District Agriculture Department showed that the district has completed cultivation of more than 50,000 acres of black bean in the cold season crop cultivation period.

The district decided to grow 50,162 acres of black bean in 2023-24 financial year and it started cultivation in October 2023. So far, local farmers have cultivated 50,269 acres of black bean, exceeding the target cultivation.

Head of District Agriculture Department U Soe Aung said, "Our district slated to grow 50,162 acres of black bean this year. Local farmers placed 50,269 acres of croplands under such a bean. Our department provides necessary agricultural techniques and ways to prevent pests to local farmers."

This year, Kanlabu Township completed growing 38,544 acres of black bean and Kyunhla Township, 11,725 acres, totalling 50,269 acres.

In the cold season crop cultivation period of 2023-24 financial year, Kanbalu Township slated to grow 38,439 acres of Kyunhla Township, 11,723 acres, totalling 50,162 acres.

In 2022-23 FY, Kanbalu District cultivated 50,162 acres of black bean from October to December.

This year, relevant township Agriculture Departments help local farmers have high per-acre yield and prevent pests in the plantations.

206



A black bean plantation.

# YeU District completes cultivation of more than 20,000 acres of sesame

**YeU January 11**

Statistics of YeU District Agriculture Department stated that the district has completed 22,118 acres of sesame as cold season crop this year.

In 2023-24 financial year, the district slated to grow 22,375 acres of sesame in cold season. So, local farmers started cultivation of sesame in October last year and have so far completed 22,118 acres.

"The district earmarked cultivation of more than 22,300 acres of sesame this year. So far, 22,118 acres have been placed under sesame. Our department gives help to local farmers to expand sown acreage, have high yield and exercise good agriculture practice," said Head of District Agriculture Department U Zaw Myint Tun.

This year, YeU Township completed cultivation of 4,521 acres of sesame, Taze Township 2,007 acres and Dabayin Township 15,590 acres, totalling 22,118 acres.

In 2023-24 cultivation season, YeU Township slated to grow 4,523 acres of sesame, Taze Township 2,243 acres and Dabayin Township 15,609 acres.

YeU District Agriculture Department assisted in cultivation of sesame with expanding sown acreage, use of agricultural techniques and quality strains of sesame seeds.

GAP system of growing sesame can yield high per-acre and good seeds to be exported for earning increased incomes of local farmers.

206

# Over 4,000 acres of butter beam cultivated in Sagaing District

**Sagaing January 11**

More than 4,000 acres of butter bean has been cultivated as cold season crop in Sagaing District of Sagaing Region, according to the Sagaing District Agriculture Department.

In 2023-24 financial year, Sagaing District slated to grow 4,119 acres of butter bean. Starting from October, local farmers cultivated butter bean on 4,054 acres of croplands.

"This year, the district planned to grow more than 4,100 acres of butter bean. So far, local farmers have cultivated more than 4,000 acres of such bean. Local farmers rely on cultivation of butter bean due to fetching good prices," said Daw Thida Lwin, Head of Sagaing District Agriculture Department.

With regard to cultivation, Sagaing Township completed cultivation of 1,599 acres of butter bean, Myinmu Township 1,957 acres and Myaung Township 498 acres, totalling 4,054 acres. But, Sagaing Township earmarked cultivation of 1,665 acres of the bean, Myinmu Township 1,953 acres and Myaung Township 501 acres, totalling 4,119.

This year, some local farmers cultivate butter bean separately but some farmers grow butter bean as mixed cropping in the district.

Relevant Township Agriculture Departments provide necessary assistance for local farmers in cultivation of pulses and beans with agricultural techniques and prevention of pests as well as systematic use of fertilizers and pesticides.

206

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အက်စ်တိုးနီးယားနိုင်ငံက ပိုလန်နိုင်ငံထံမှ ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်များ လက်ခံရရှိခဲ့



အက်စ်တိုးနီးယားနိုင်ငံသည် ယူရို ၁၀၃ သန်း (အမေရိကန်ဒေါ်လာ ၁၁၃ သန်း) သဘောတူညီချက်ဖြင့် ပိုလန်နိုင်ငံ၏ အလွယ်တကူ သယ်ဆောင်နိုင်သော Piorun ပခုံးထမ်းဒုံး လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပိုလန်နိုင်ငံ စစ်လက်နက်ကုမ္ပဏီ Mesko မှ လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပိုလန်နိုင်ငံထံမှ ဒုံးကျည်အစင်း ၃၀၀ နှင့် ဒုံးပစ်လောင်ချာအလက် ၁၀၀ ကို အက်စ်တိုးနီးယားနိုင်ငံ ကာကွယ်ရေးရင်းနှီးမြှုပ်နှံမှုဌာနချုပ်သို့ လွှဲပြောင်းပေးခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ပိုလန်နိုင်ငံစစ်လက်နက်ကုမ္ပဏီ Mesko နှင့် အဆိုပါဝယ်ယူရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ နာရီအနည်းငယ်ကြာ လေ့ကျင့်သင်တန်းပေးပြီးနောက် Piorun ပခုံးထမ်းဒုံး လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အက်စတိုးနီးယားနိုင်ငံ အရန်လေ့ကျင့်ရေးတပ်ဖွဲ့နှင့်အတူ တပ်ဖြန့် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဝယ်ယူရေးသည် အက်စ်တိုးနီးယားနိုင်ငံနှင့် ပိုလန်နိုင်ငံကြား ပထမဆုံး လက်နက်ဝယ်ယူရေး သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး ပိုလန်နိုင်ငံဘက်မှအချိန်တိုအတွင်း လွှဲပြောင်းပေးအပ်နိုင်မှုနှင့် သင့်တင့်မျှတသောဈေးနှုန်းတို့သည် ဝယ်ယူရေးသဘောတူညီမှုကို အားကောင်းစေသောအချက်များဖြစ်ကြောင်း အက်စ်တိုးနီးယားနိုင်ငံက ဖော်ပြခဲ့သည်။

Piorun ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်သည် အမြင့် ၄ ကီလိုမီတာ (၂ ဒသမ ၅ မိုင်)ထိ လေယာဉ်ကို ပစ်မှတ်ထားနိုင်သော အစိုင်အခဲလောင်စာစွမ်းအင်သုံး ဒုံးကျည်အမျိုးအစားဖြစ်သည်။ အနီးကပ်ပစ်မှတ်များကို ၎င်း၏ အနီအောက်ရောင်ခြည်သုံးအာရုံခံကိရိယာကိုအသုံးပြု၍ တစ်နာရီလျှင် အမြင့်ဆုံးအမြန်နှုန်း ကီလိုမီတာ ၂၄၀၀ (မိုင် ၁၅၀၀) ထိ ပျံသန်းတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

Piorun ပခုံးထမ်းဒုံး လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ယူကရိန်းအမျိုးသားအစောင့်တပ်ဖွဲ့က ရုရှား Su-25 တိုက်လေယာဉ်ကိုပစ်ချရန် တိုက်ပွဲတွင် ဖြန့်ကြက်အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

ပိုလန်နိုင်ငံထုတ် ပခုံးထမ်းဒုံး လေကြောင်းရန်ကာကွယ်ရေးစနစ်ကို လတ်ဗီးယား၊ ဆလိုဗက်ကီးယားနှင့် အမေရိကန်နိုင်ငံတို့အပါအဝင် အခြားနိုင်ငံများတွင်လည်း လက်ရှိအသုံးပြုလျက်ရှိကြောင်း သိရသည်။

**Estonia Receives Portable Air Defense Systems From Poland ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းတပ်ဖွဲ့ဝင်များကို စစ်ရေးလေ့ကျင့်ပေးသည့် ဂျာမနီအခြေစိုက်စခန်းများတွင် သံသယဖြစ်ဖွယ်ဒရုန်းများတွေ့ရှိ

ဂျာမနီစစ်ဘက်သည် ယူကရိန်းတပ်ဖွဲ့ဝင်များကို စစ်ရေးလေ့ကျင့်ပေးသည့် အဆောက်အအုံများအပါအဝင် ၎င်းတို့၏ အခြေစိုက်စခန်းများတွင် သံသယဖြစ်ဖွယ် ဒရုန်းများကို တွေ့ရှိခဲ့ကြောင်း ဂျာမနီနိုင်ငံပိုင် Bild သတင်းစာက ရေးသားဖော်ပြချက်အပေါ် ကိုးကား၍ ရုရှားနိုင်ငံ RT သတင်းစာက ဇန်နဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီအာဏာပိုင်များသည် အဆိုပါဖြစ်ရပ်များတွင် ရုရှားနိုင်ငံအပေါ် အပြစ်တင်ခဲ့ပြီး အခြေအနေနှင့်ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာ သက်သေပြရန်လည်းမရှိကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။

ပထမဆုံးတွေ့မြင်ခဲ့ရသည်မှာ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင်ဖြစ်ကြောင်း Bild သတင်းစာကဖော်ပြခဲ့ပြီး ဂျာမနီစစ်ဘက် အမိမြေကာကွယ်ရေးကွပ်ကဲမှုအဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး Carsten Breuer က ကျူးကျော်ဝင်ရောက်ပျံသန်းလာမည့်ဒရုန်းများကို တန်ပြန်နိုင်သည့် Juma များ အသုံးပြုကြရန် တပ်ဖွဲ့ဝင်များကို အမိန့်ပေးထားကြောင်း ဖော်ပြထားသည်။

အဆိုပါ တန်ပြန်လုပ်ဆောင်ချက်မှာ ထိရောက်မှုမရှိခဲ့ကြောင်း၊ ဒရုန်းကာကွယ်ရေးနှင့်ပတ်သက်၍ နောက်ထပ် ဘာမှဖြစ်မလာတော့ချိန်တွင် ဒရုန်းငယ်များသည် ဂျာမနီအခြေစိုက် စခန်းများပေါ်တွင် ဆက်လက်ပျံဝဲနေခဲ့ကြောင်း သတင်းစာက ထောက်ပြရေးသားခဲ့သည်။

ယူကရိန်းစစ်သားများကို လေ့ကျင့်သင်တန်းပေးနေသည့် အခြေစိုက်စခန်းများတွင် ဒရုန်းများကို အကြိမ်ကြိမ်မြင်တွေ့ခဲ့ရသည်ဟု Bild သတင်းစာက ဖော်ပြထားကြောင်း သိရသည်။

ဂျာမနီစစ်ဘက်မှ ယူကရိန်းနိုင်ငံသားများကို Leopard 1 ပင်မတိုက်ပွဲဝင်တင့်ကားများ တိုက်ပွဲဝင်အသုံးပြုလုပ်ဆောင်ရန် သင်ကြားပေးသည့် Klietz စစ်ရေးလေ့ကျင့်ရေး အဆောက်အအုံတွင် ဒရုန်းများကို ပုံမှန်တွေ့မြင်နေရကြောင်း အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည့် ဂျာမနီပါလီမန်လွှတ်တော် ကာကွယ်ရေးကော်မတီအဖွဲ့ဝင် Marcus Faber က နိုင်ငံပိုင်သတင်းစာကို ပြောကြားခဲ့သည်။

Faber ၏အဆိုအရ အခြေစိုက်စခန်းတစ်ခုတည်းတွင် ဒရုန်းအများအပြားကို တစ်ကြိမ်ထက်မက တွေ့ရှိခဲ့ရသည်ဟု သိရသည်။

Bild သတင်းစာ၏ အဆိုအရ ဂျာမနီစစ်ဘက်သည် ၎င်းသံသယများကို မျှဝေထားသော်လည်း ၎င်းတို့ကိုသက်သေပြရန် အထောက်အထားမရှိပေ။

ဂျာမနီစစ်ဘက်သည် ယခုအချိန်ထိ ဒရုန်းများထဲမှ တစ်စင်းတလေကိုမျှ ပစ်ချခဲ့ခြင်း သို့မဟုတ် ဒရုန်းအော်ပရေတာများကို ခြေရာခံ၊ ထောက်လှမ်းနိုင်ခဲ့ခြင်း မျိုးမရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ရပ်တည်ချက်ကို လွှတ်တော်အမတ်များနှင့် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ရှိသည့် အတွင်းဝန် Nils Hilmer ၏ ပြောကြားချက်ကိုကိုးကား၍ Faber က Bild သတင်းစာသို့ ပြောကြားခဲ့သည်။

ဂျာမနီစစ်ဘက်က ပထမဆုံးဒရုန်းများ ထောက်လှမ်းတွေ့ရှိခဲ့ရပြီးနောက် တစ်နှစ်ခန့်အကြာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဒရုန်းများ၏ခြိမ်းခြောက်မှုကို တန်ပြန်တိုက်ဖျက်နိုင်ရန် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ခဲ့ကြောင်း Bild သတင်းစာက ရေးသားဖော်ပြခဲ့သည်။



ထိုကဲ့သို့သော အခြေအနေများနှင့် ဒရုန်းများ ဆက်တိုက်တွေ့ရှိလာမှုများ ကြားသိရလာသည့်အချိန် လွှတ်တော်အမတ်များ၏ဝေဖန်သံများ ထွက်ပေါ်လာခဲ့သည်။ ဂျာမနီစစ်ဘက်ကို အားကောင်းမှုရှိစေရန်ရည်ရွယ်သည့် ဂျာမနီအဓိပတိ Olaf Scholz ၏ ယူရိုဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၅၈ ဘီလီယံ) ရန်ပုံငွေကို ကြီးကြပ်သည့် Bundestag ဘတ်ဂျက်ကော်မတီအဖွဲ့ဝင် Andreas Schwarz က စစ်ဘက်သည် ဒရုန်းရန် ကာကွယ်နိုင်ရေးအတွက် ယခုထက် ပိုမိုမြန်ဆန်စွာ လုပ်ဆောင်သင့်သည်ဟု ဓာဒကတတက် ဝေဖန်ပြောကြားခဲ့သည်။

"ဒရုန်းတွေနဲ့ ပြဿနာအကြီးကြီးရှိနေတာကို စစ်ဆေးရေးမှူးချုပ်က တွေ့ရှိပြီး တစ်နှစ်တာ ဘာမှဖြစ်မလာဘူး"ဟု ဂျာမနီလွှတ်တော်အမတ် Andreas Schwarz က ပြောကြားခဲ့ပြီး ဂျာမနီ၏ စစ်ရေးလေ့ကျင့်ရေးဌာနများတွင် ရုရှားကို သူလျှိုလုပ်ခွင့် မပေးသင့်ကြောင်းထောက်ပြပြောဆိုခဲ့သည်။

ဆက်လက်၍ ဂျာမနီလွှတ်တော် ဘတ်ဂျက်နှင့် ဘဏ္ဍာရေးကော်မတီအဖွဲ့ဝင် Seba- stian Schaefer က ဒရုန်းရန် ကာကွယ်ရေး မဟာဗျူဟာမရှိသည့်အတွက် စစ်ဘက်ကို ပြစ်တင်ရှုတ်ချခဲ့ကြောင်း သိရသည်။

ဂျာမနီ လွှတ်တော်အမတ်များသည် လာမည့်လအနည်းငယ်အတွင်း အထူးတပ်ဖွဲ့မှ တစ်စုံတစ်ရာ ရလဒ်များထွက်ပေါ်လာမှုကို စောင့်မျှော်နေပါသည်ဟု Faber က Bild သတင်းစာသို့ ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်း နိုင်ငံများဘက်မှ ဤဖြစ်ရပ်များအပေါ် ယခုအချိန်ထိ မှတ်ချက်တစ်စုံတစ်ရာ ပြောကြားထားခြင်း မရှိပေ။

**German military worried about 'suspicious drones' – BILD ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ၂၀၀၂ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပိုက်ဆန်လျှော်စိုက်ခင်းကိုတွေ့ရစဉ်။

**ငပုတော ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ၂၀၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ၉၀၇၇ ဧကကို ၂၀၂၃ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်လျာထား စိုက်ပျိုးခဲ့ရာ ယနေ့ထိ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ၂၀၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ပိုက်ဆန်လျှော် ၉၀၇၇ ဧကထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ပိုက်ဆန်လျှော်ကို၂၀၂၃ ခုနှစ် အောက်တိုဘာလကတည်းက စတင်စိုက်ပျိုးခဲ့တာပါ။ ဒီနေ့ထိ ၂၀၀၂ ဧက စိုက်ပျိုးပြီးပါပြီ။ စိုက်ပျိုးဖို့ကျန်တဲ့ ဧကတွေကို ဆက်လက်စိုက်နေပါတယ်။ ပိုက်ဆန်လျှော်ကို အခက်အခဲမရှိ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ စနစ်တကျ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)ကိုစိုက်ပျိုးပြီး မြေဩဇာအစားထိုးအဖြစ် ပြန်လည်ထည့်သွင်းအသုံးပြုခြင်းကြောင့် ဓာတ်မြေဩဇာများ အသုံးပြုမှုကိုလျှော့နည်းခြင်း၊ ဓာတုဓာတ်မြေဩဇာများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုသက်သာခြင်း၊ စပါးစိုက်ပျိုးသည့်အခါ ထည့်သွင်းစိုက်ပျိုးပါက စပါးများ ဖြစ်ထွန်းအောင်မြင်ခြင်း၊ စပါးအရည်အသွေးများကောင်းခြင်း၊ စားသုံးသီးနှံများဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံများ စားသုံးလာနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များကို ဆင့်ပွားထုတ်လုပ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူး များစွာရရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ၌ စိုက်ပျိုးရေအထောက်အကူပြု ဆိုလာရေတင်စနစ်ဆောင်ရွက်နိုင်ရေး စစ်ဆေး

**မြို့သစ် ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆည်ရေမရရှိသည့် လယ်များအတွက် စိုက်ပျိုးရေ အထောက်အကူပြု ဆိုလာရေတင်စနစ်ဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေပေးနိုင်ရန်အတွက် မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ၌ ဆိုလာရေတင်စနစ်ဆောင်ရွက်နိုင်ရေး ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မြို့သစ်မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသခံတောင်သူများနှင့်အတူ မြေပြင်သာကျေးရွာ၌ စိုက်ပျိုးရေအထောက်အကူပြု ဆိုလာရေတင်စနစ် ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိစိုက်ပျိုးရေသုံးစွဲမှုအခြေအနေများ၊ ရာသီအလိုက် စိုက်ပျိုးရေလိုအပ်ချက်များ၊ လက်ရှိအခြေအနေတွင် သီးနှံများစိုက်ပျိုးထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသခံတောင်သူများ၏ တင်ပြတောင်းဆိုမှုဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ၌ စိုက်ပျိုးရေအထောက်အကူပြု ဆိုလာရေတင်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အိပိုးပိုး**

# ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်(၁)ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**ဘုတ်ပြင်း ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်(၁)ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဘုတ်ပြင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဖြိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းအထောက်အကူပြုပစ္စည်းများခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

အခြေခံစက်ချုပ် သင်တန်းသို့ ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်(၁) ကျေးရွာမှ သင်တန်းသူစုစုပေါင်း ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက အင်္ကျီ၊ လုံချည်ချုပ်နည်းအမျိုးမျိုးကို စာတွေ့၊ လက်တွေ့ နှစ်မျိုးဖြင့် ဇန်နဝါရီ ၁၀ ရက်မှ မတ် ၁၀ ရက်ထိ သင်တန်းကာလ နှစ်လကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၁-၁-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မြစ်ကြီးနားမြို့ ဆမားဒူဝါဆင်ဝါးနော်ခန်းမတွင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုကို ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် ကိုဗစ်-၁၉ ရောဂါပိုးဗီဇပြောင်းမျိုးကွဲများကြောင့် ရောဂါကူးစက်မှုကာကွယ်နိုင်ရန်ရည်ရွယ်၍ ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများကို ထပ်ဆောင်းထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၈ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့ လိုက်ပါ၍ မြစ်ကြီးနားမြို့ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ မြစ်ကြီးနားမြို့ရှိ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်းအစီအစဉ်ကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဆမားဒူဝါဆင်ဝါးနော်ခန်းမတွင် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် အတွင်းရေးမှူးတို့နှင့်အတူ မြစ်ကြီးနားမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ နိုင်ငံ့ဝန်ထမ်း ၁၅၂ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ဦးရေ ၃၀ တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုအား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကူးစက်နိုင်ခြေများသည့် ကျန်းမာရေးဝန်ထမ်းများ၊ အသက် ၆၅ နှစ်အထက်ရှိသူများ၊ အသက် ၁၈ နှစ်နှင့်အထက် နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ခံအားကျဆင်းသည့် ရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များကို ဦးတည်အုပ်စုများအဖြစ် သတ်မှတ်၍ ဦးစားပေးအစီအစဉ်အလိုက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရန်အတွက် အသေးစိတ်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# (၈၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနား ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ယနေ့ကျရောက်သည့် (၈၆)နှစ်မြောက် ကရင်နှစ် ၂၇၆၃ ခုနှစ်၏ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ပြည်ထောင်စုခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဖားစည်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က နှစ်သစ်ကူးနှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းရင်းသားရေးရာဝန်ကြီးက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးရိုးမတောင်ပေါ် ကရင်တိုင်းရင်းသားတို့၏ ကရင်ရိုးရာအိုးစည်အကဖြင့်ဖျော်ဖြေပြီး ကရင်ရိုးရာ ပျားဖွပ်ပြိုင်ပွဲ၊ ကွမ်းခြံကုန်းမြို့နယ်၊ မှော်ဘီမြို့နယ်၊ လှည်းကူးပညာရေးဒီဂရီကောလိပ်၊ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာယဉ်ကျေးမှုအဖွဲ့တို့က ကရင်ဒုံးအက၊ ကရင်ရိုးရာဝါးညှပ်အက၊ ကရင်ရိုးရာကြိုးကျစ်အက၊ ကရင်ရိုးရာဝါးထောက်အက၊ မွန်ရိုးရာအက၊ ရခိုင်ရိုးရာအက၊ တိုင်းရင်းသားရိုးရာအက၊ စကောကရင်၊ အနောက်ပိုးကရင် နှစ်သစ်ကူးသီချင်းတို့ဖြင့် အသီးသီးဖျော်ဖြေကြရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း အထွေထွေအတွင်းရေးမှူး မန်းသန်းဌေးက နိဂုံးချုပ်စကား ပြောကြားသည်။

ကရင်နှစ်သစ်ကူးနေ့တွင် တိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ ကရင်ရိုးရာ ပျားဖွပ်ပြိုင်ပွဲ၊ ကရင်ရိုးရာတေးသီချင်းနှင့် ဒုံးအကများ၊ ပြည်ထောင်စုခန်းမအနီး ပေ ၄၀၀ ကွင်း၌ ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ဘောလုံးကွင်းဟောင်းတွင် DJ အကနှင့် စတိတ်ရှိုးတို့ဖြင့် ဖျော်ဖြေခဲ့ရာ ကရင်တိုင်းရင်းသားများနှင့် အများပြည်သူတို့ဖြင့် စည်ကားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တန်ဖိုးနည်း ထမင်း၊ ဟင်းများကို ရောင်းချပေးခဲ့သည့်နည်းတူ တိုင်းရင်းသားရေးရာဝန်ကြီး ဦးဆောင်သော တိုင်းဒေသကြီး ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီက ကရင်ရိုးရာထမင်း၊ ဟင်းများဖြင့် ကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများ ကြည့်ရှုအားပေး




**နေပြည်တော် ဇန်နဝါရီ ၁၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း၊ အားကစားရုံများတွင် ကျင်းပလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့အားကစားခန်းမ၌ ကျင်းပလျက်ရှိသည့် တက္ကသိုလ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှု၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ကျင်းပလျက်ရှိသည့် တက္ကသိုလ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှု၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပလျက်ရှိသည့် တက္ကသိုလ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်ထိ အားကစားနည်း ငါးမျိုးဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း၊ အားကစားရုံများ၌လည်းကောင်း၊ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်ပန်းတောင်းမြို့တွင် သာသနာရေးဆိုင်ရာများဆောင်ရွက် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၁**



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့ မြို့ဦးအောင်စေတီဓမ္မာရုံ၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ တိုင်းဒေသကြီး သံဃနာယကဆရာတော်နှင့် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များကို ဖူးမြော်ကြည်ညိုပြီး ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူစာသင်တိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဋိလထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်ထံမှ ဩဝါဒခံယူကာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆရာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ၊ ဥပ္ပါတသန္တိကျမ်းစာအုပ်များ၊ ဂီရိမာနန္ဒကျမ်းစာအုပ်များကို ဆက်ကပ်လှူဒါန်းပြီး စိတ္တပါလဂူစာသင်တိုက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနဓဇထံမှ ရေစက်ချတရားနာယူကြည်ညိုကြသည်။

ဆက်လက်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တွင် အနေကဇာတင်ပူဇော်ပြီးသော ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော် ၁၀၀၈ ဆူနှင့် ဥပ္ပါတသန္တိကျမ်းစာအုပ်များကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျောက်ပန်းတောင်းမြို့နယ်ရှိ အများပြည်သူများ ကိုးကွယ်ပူဇော်နိုင်ရန်အတွက် ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်ဇော်မိုးနှင့် မြို့မိမြို့ဖများထံ လှူဒါန်းသည်။

ယင်းနောက် ကျောက်ပန်းတောင်းမြို့နယ် ကုန်းတော်ကြီးမင်္ဂလာစေတီ၌ အသံမစဲ ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဆိုပူဇော်နေမှုကို သွားရောက်ကြည်ညိုနာယူပြီး မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် မြတ်ရွှေဂူစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုဇာတအရှင်သူမြတ်နှင့် မြို့နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တကုန္ဒကအရှင်သူမြတ်တို့ကို ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကျောက်ပန်းတောင်းမြို့အတွက် တည်ဆောက်လျက်ရှိသည့် မြို့တော်ခန်းမနေရာသို့ သွားရောက်ကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက မြို့တော်ခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောက်ပန်းတောင်းမြို့အတွက် အကျိုးရှိသော မြို့တော်ခန်းမဖြစ်သည့်အတွက် အရည်အသွေး၊ စံချိန်စံညွှန်းကောင်းမွန်စွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် တည်ဆောက်သွားရန် မှာကြားသည်။

ယင်းနောက် ကျောက်ပန်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကာဝါမြေခန်းမတွင် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ဘာသာရေးဆိုင်ရာဓလေ့ထုံးစံများကို အလေးထားစေရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် လားရှိုးမြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်



စစ်ရေးနှင့်သက်ဆိုင်ခြင်း မရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် လားရှိုးမြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

စစ်ရေးဖြင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လွတ်လပ်ရေးပန်းခြံ ကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လားရှိုးမြို့ရှိ လွတ်လပ်ရေးပန်းခြံ ကျောက်တိုင်ကွင်း၌ စုဝေးကြပြီး သံဃာတော်များနှင့် မြို့မိမြို့ဖများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန်လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက “အမျိုးဘာသာသာသနာအား ဖျက်ဆီးသည့် အကြမ်းဖက်အဖွဲ့များ အလိုမရှိ၊ ဘာသာအကျိုးဒိုသယ်ပိုး၊ အချုပ်အခြာအာဏာကို ထိပါးစော်ကားသော ပြည်ဖျက်မိစ္ဆာများအား ဆန့်ကျင်ကြ၊ အကြမ်းဖက်သမားများ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာလိမ့်မည်” ဟူသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။



စစ်ရေးနှင့်သက်ဆိုင်ခြင်း မရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် လားရှိုးမြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။

# မြစ်ကြီးနားမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

**မြစ်ကြီးနား ဇန်နဝါရီ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ ညနေပိုင်းက မြစ်ကြီးနားမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံကျောင်းရောမြစ်ဆုံခန်းမတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်ဦးစီးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းအုပ်ကြီးက ကျောင်းဆိုင်ရာကိစ္စရပ်များနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၏ အခက်အခဲ၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားသည့်အခါတွင် ဘဝအတွက် အကျိုးရှိအောင် ပညာကိုစိတ်ဝင်တစား အလေးထား သင်ကြားကြရန်လိုကြောင်း၊ သို့မှသာ အောင်မြင်သည့် လူငယ်လူရွယ်များ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံတော်က လစဉ် ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးနေပါကြောင်း၊ လိုအပ်သည့် ကျောင်းစရိတ်ကို မိဘများက ထောက်ပံ့ပေးနေသည့်အတွက် မိမိတို့မိဘများကို ကိုယ်ချင်းစာပြီး အလေးအနက်ထား ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပညာရပ်များကို ကျွမ်းကျင်အောင်လေ့လာသင်ယူပြီး ပညာရှင်များဖြစ်လာပါက အများပြည်သူကြားတွင် လေးစားစွာဆက်ဆံခံရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကို ဂရုစိုက်နေထိုင်ကြရေး၊ ယုံကြည်ရာဘာသာတရားအဆုံးအမကို အလေးထားလိုက်နာပြီး မိမိနိုင်ငံ၊ မိမိရပ်ရွာကိုအကျိုးပြုသည့် သားသမီးကောင်းများဖြစ်လာရန် ကြိုးစားရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။




ထို့အပြင် ဆရာ၊ဆရာမများအနေဖြင့် ပညာရပ်များကို ဆက်လက်ဆည်းပူးကြရေး၊ ကျွမ်းကျင်သည့် ပညာရှင်တပည့်များ မွေးထုတ်ပေးကြရေး၊ မိမိတို့၏ အဓိကဘာသာရပ်ကို ကျွမ်းကျင်မှုရှိရန် လိုအပ်သကဲ့သို့ အရန်ဘာသာရပ်များကိုလည်း စဉ်ဆက်မပြတ်လေ့လာကြရေး၊ ကျောင်းသား၊ ကျောင်းသူများ ယုံကြည်အားကိုးသည့် အတိုင်းထိုက်တန်သော အရည်အချင်းပြည့်မီအောင်ကြိုးစားကြရေး၊ ဝတ်စားဆင်ယင်နေထိုင်ပြောဆိုမှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်အောင် နေထိုင်ကြရေး၊ မိမိတပည့် ကျောင်းသား၊ ကျောင်းသူများကို သားသမီးလိုသဘောထားပြီး အခက်အခဲများကို ကူညီပေးဖြေရှင်းပေးကြရေးတို့ကို အကျယ်တဝင့်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြိတ်မြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ကျင်းပ



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီကကြီးမှူးကျင်းပသော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ မြို့မအားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၈၆) နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်း အနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး JengPhang နော်တောင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးကဖတ်ကြားခဲ့ပြီး တာဝန်ရှိသူများက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံနှင့် ကျေးဇူးတင်စကားများ အသီးသီးပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ယဉ်ကျေးမှုအဖွဲ့များမှ ကရင်ရိုးရာ ဒုံးယိမ်းအကနှင့် ကရင်အမျိုးသားတေးသီချင်းများ သီဆိုဖျော်ဖြေကပြမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။**



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။
**ကျန်းမာရေးဝန်ကြီးဌာန**

# လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှု ဟန်ချက်ညီစေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်




**နေပြည်တော် ဇန်နဝါရီ ၁၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ယမန်နေ့က ကချင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ကချင်ပြည်နယ်အတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တည်ဆောက်ရေးအထူးအဖွဲ့များတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်အတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများအပါအဝင် အရာထမ်း၊ အမှုထမ်းများနှင့် အဆင့်ဆင့်သော တာဝန်ခံများအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက တာဝန်ယူဆောင်ရွက်ရသဖြင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာ၌ ဝန်ကြီးဌာန၏ ပုံရိပ်ကိုထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထား ရှောင်ကြဉ်ရမည်ဖြစ်ပါကြောင်း။

တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးရေး သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံများက စနစ်တကျကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအချိန်သည် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများကို Work Schedule များရေးဆွဲပြီး တွန်းအားပေး ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှု ဟန်ချက်ညီစေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပြီး နိုင်ငံ့ဘဏ္ဍာရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်တို့က ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာတင်ပြချက်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် လမ်းဦးစီးဌာနက အရှည် ၈ မိုင် ၃ ဖာလုံ နန့်ပေါင်လေယာဉ်ကွင်း ရှောင်ကွင်းလမ်း ဆောင်ရွက်ထားရှိမှုနှင့် ရွှေကို-မြစ်ကြီးနားလမ်းပိုင်း ၂၂ မိုင် ၆ ဖာလုံ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ကချင်ပြည်နယ် လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတင်မောင်အုန်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လမ်းအင်္ဂါရပ်နှင့်အညီ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရန် သတ်မှတ်လမ်းအကျယ်နှင့် လမ်းနယ်ရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ၊ လမ်းအချက်ပြများအားရေးဆွဲခြင်း၊ စိုက်ထူခြင်းများကို သတ်မှတ်ထားသည့်အတိုင်း တစ်ပုံစံတည်းဖြစ်အောင် စနစ်တကျဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာကိုကြိုးစားသင်ယူပြီး မိမိအတွက်၊ မိသားစုအတွက်၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူချွန်လူကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်)မှ လေ့လာရေးခရီး လာရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆)၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီးဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်သူဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၅၃ ဦး တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းကာလ နှစ်နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်စရိတ်၊ တူညီဝတ်စုံများအပြင် စာရေးကိရိယာများ၊ အိပ်ရာ၊ ခုတင်၊ ခြင်ထောင်စသည်များကို အခက်အခဲမရှိအောင် အခမဲ့အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာနက စီစဉ်ပေးထားပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာကိုကြိုးစားသင်ယူပြီး မိမိအတွက်၊ မိသားစုအတွက်၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူချွန်လူကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြပြီး လေ့လာရေးကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားရိုးရာအကပဒေသာဖြင့် ဖျော်ဖြေပြီး ဂုဏ်ပြုညစာအတူတကွ သုံးဆောင်ခဲ့ကြသည်။

လေ့လာရေးကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ခဲ့ပြီးအလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် မော်ကွန်းပြတိုက်ကို လေ့လာကြရာ ပြခန်းတာဝန်ရှိသူတစ်ဦးက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ခဲ့သည့်မှတ်တမ်းများနှင့် တည်ထားကိုးကွယ်ထားရခြင်း၏ သမိုင်းကြောင်းကို Projector ဖြင့်ရှင်းလင်းပြသသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)သို့သွားရောက်၍ သတင်းရိုက်ကူးတည်းဖြတ် ထုတ်လွှင့်ပုံအဆင့်ဆင့်၊ တိုင်းရင်းသားရုပ်သံလိုင်း(NRC) ထုတ်လွှင့်နေမှုများ၊ စိန်ရတုပြတိုက်နှင့် ရေဒီယိုထုတ်လွှင့်ရေးအစီအစဉ်များကို လေ့လာကြပြီး လေ့လာရေးအဖွဲ့များ၏ရိုးရာအကများကို မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်စစ်သမိုင်းပြတိုက်သို့ရောက်ရှိကြပြီး ပြတိုက်အတွင်း လေ့လာရာ တာဝန်ရှိသူများက မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် တပ်မတော်သမိုင်းကို Video Projector ဖြင့် ပြသပေးပြီး ပြတိုက်အတွင်းရှိ ခင်းကျင်းပြသထားသော ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊တပ်မတော်စစ်ဆင်ရေးမှတ်တမ်းများ၊ ဗမာ့ကာကွယ်ရေး တပ်မတော်သုံးပစ္စည်းများနှင့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြခန်းများသို့ ကြည့်ရှုလေ့လာခဲ့ကြသည်။ ထို့ပြင် အမျိုးသားပြတိုက်ရှိ



ရှေးဟောင်းရုပ်ကြွင်း၊ ပန်းချီ၊ မြို့ဟောင်းပုံစံငယ်များ၊ ပလ္လင်နှင့် နန်းသုံးပစ္စည်းများ၊ လက်မှုအနုပညာများ၊ အာဆီယံပြခန်းနှင့် ကလေးသူငယ်ပညာပေးရေးအစီအစဉ်များကို သွားရောက်လေ့လာခဲ့ကြပြီး ညပိုင်းတွင် ရေပန်းဥယျာဉ်သို့သွားရောက်၍ အပန်းဖြေလေ့လာကြည့်ရှုခဲ့ကြသည်။

လေ့လာရေးခရီးစဉ်အတွင်း ယမန်နေ့နံနက်ပိုင်း၌ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)သို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)နှင့် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)တို့မှ ကျောင်းသား၊ ကျောင်းသူ ၁၁၁ ဦးတို့က သွားရောက်လေ့လာခဲ့ကြပြီး တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် လေ့လာရေးခရီးစဉ်မှ ကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ပြီး တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့ပြင် ယမန်နေ့နံနက်ပိုင်း၌ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့လည်း သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)နှင့် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)မှ ကျောင်းသား၊ ကျောင်းသူ ၄၂ ဦးတို့က သွားရောက်လေ့လာခဲ့ကြသည်။

သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးသင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်) သင်တန်းကျောင်းများအနေဖြင့် လက်မှတ်ရ စီးပွားရေးစာရင်းကိုင်ပညာ နှစ်နှစ်သင်တန်းများကို ၂၀၂၂ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အဆိုပါသင်တန်းကျောင်းများသို့ အခြေခံပညာ အဋ္ဌမတန်း (စနစ်ဟောင်း)၊ Grade 10 (စနစ်သစ်) အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး ထူးချွန်သူများအနေဖြင့် သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ သင်တန်းပထမနှစ်တွင် (Business Accounting (စာရင်းရေးစာရင်းကိုင်ပညာ)၊ Fundamentals of ICT၊ သမဝါယမပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ)ဘာသာရပ်များနှင့် ဒုတိယနှစ်တွင် Cost Accounting၊ Financial Accounting၊ Computerized Accounting၊ Business Organization and Management ၊ သမဝါယမစာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ) ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းဒုတိယနှစ်အောင်မြင်ပြီးသူများက ဘာသာစုံအောင်မှတ်ရရှိပြီး အထူးပြုဘာသာရပ်များတွင် ဂုဏ်ထူးမှတ်ရရှိသူများနှင့် သင်္ချာဘာသာဂုဏ်ထူးမှတ်ရရှိသူများသည် သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်၍ ပညာဆက်လက်သင်ယူနိုင်ခွင့်ရရှိမှာဖြစ်ပြီး သင်တန်းကာလ နှစ်နှစ်အောင်မြင်ပြီးပါက Certificate in Business Accounting လက်မှတ် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်(ရေ)မှ မြန်မာ့ပင်လယ်ပြင်တွင် ငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန် ဖမ်းဆီးရမိ



မြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**


တပ်မတော်(ရေ)မှ မြန်မာ့ပင်လယ်ပြင်တွင် ငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရေတပ်ဖွဲ့မှသိရသည်။

ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီခွဲတွင် တပ်မတော်(ရေ)မှ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၏ အရှေ့တောင်ဘက် ၁၃၅ မိုင်ခန့်အကွာ ပင်လယ်ပြင်(ခန့်မှန်း မြောက်လတ္တီတွဒ် ၁၄ ဒီ ၀၀ မိနစ်၊ အရှေ့ လောင်ဂျီကျု ၉၅ ဒီ ၂၁ ဒသမ ၉ မိနစ်)၌ အလျား ၅၄ ပေ ၁၀ လက်မ၊ အနံ ၁၁ ပေ၊ ရေစူး လေးပေခန့်အရွယ်(သစ်သားကိုယ်ထည်) ရန်လင်းကျော်(၄)အမည်ရှိ စက်လှေအား စစ်ဆေးရှာဖွေရာ အဆိုပါစက်လှေပေါ်တွင် အောင်သိန်း(ခ)ဝတုတ်၊ တူးနိုင်၊ မောင်ဇော်နှင့်ဖိုးလပြည့်တို့ လေးဦးနှင့်အတူ ဒေသကာလတန်ဖိုးငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ဇန်နဝါရီ ၇ ရက် ည ၁၁ နာရီခွဲတွင် အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ စိုးကျော်(ခ)စိုးစိုးကျော်အား တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ကမ်းနီးတံတားတိုဆိပ်ကမ်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ဟိုင်းကြီးကျွန်းမြို့၏ အရှေ့တောင်ဘက် ၁၃၅ မိုင်ခန့်အကွာ ပင်လယ်ပြင်မှ ကော့သောင်းရေပိုင်နက်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ပြည်ပသို့ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် အိုက်စ်(မက်သ်အဖက်တမင်း)များ တာဝန်ခံသယ်ဆောင်သူများဖြစ်သည့် ချစ်ထူးနိုင်(ခ)ဆရာချစ်နှင့် ကျော်ဇင်ဦးတို့ပါ တရားခံ ခုနစ်ဦးတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိုက်စ်(မက်အဖက်တမင်းများ) ဖမ်းဆီးရမိသည့် နေရာပြမြေပုံ

ဟိုင်းကြီးကျွန်းမြို့၏ အရှေ့တောင်ဘက် ၁၃၅ မိုင်ခန့်အကွာ မြန်မာ့ပင်လယ်ပြင်၌ ငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန် ဖမ်းဆီးရမိမှု သယ်ဆောင်ရာလမ်းကြောင်းပြမြေပုံ




## ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် အရပ်သား သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ဇန်နဝါရီ ၉ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းကာအဖြစ် ခေါ်ဆောင်သွားသည့် အရပ်သား သုံးဦးကိုပစ်သတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရာတွင် ချမှတ်ထားသည့် စစ်ပွဲဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကာ စစ်ရေးရည်မှန်းချက်များကိုသာ တိုက်ခိုက်ပြီး အရပ်သားပြည်သူများကို လူ့အခွင့်အရေးများနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများကို ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားကာ ဒွေးခွဲသပ်လျှိုလျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အရပ်သားများသတ်ဖြတ်ခြင်း၊ နေအိမ်များမီးရှို့ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချလျက်ရှိကြောင်း သတင်းရရှိသည်။







## မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆောက်ချုံပေါက်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့သဖြင့်နေအိမ် ၁၀ လုံးကျော် မီးလောင်ခဲ့ကြောင်း ကောလာဟလသတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆောက်ချုံပေါက် ကျေးရွာအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၉ ရက်တွင် ပစ်ခတ်ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးခြင်းကြောင့် နေအိမ် ၁၀ လုံးကျော် မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက ကောလာဟလသတင်းမှားများကို လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၉ ရက်တွင် ဆောက်ချုံပေါက်ကျေးရွာနှင့် အနီးဝန်းကျင်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းများ မရှိကြောင်း၊ ကောလာဟလ သတင်းမှားများသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် ကောလာဟလသတင်းများကို လုပ်ကြံရေးသားပြီး ပြည်သူများကို ကြောက်ရွံ့ထိတ်လန့်စေရန် သတင်းအဆိပ်ခတ်ခြင်းနှင့် အကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာရန်လှုံ့ဆော်ရေးသား ဝါဒဖြန့်ခြင်းတို့ဖြင့် နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ထိခိုက်စေရန် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသား နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။





သဇင်(FM)
အသံလွှင့်အစီအစဉ်

၁၂-၁-၂၀၂၄ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ်(ကာလပေါ်) |

# ကိုလံဘီယာနိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား



**ဘိုဂိုတာ ဇန်နဝါရီ ၁၁**

ကိုလံဘီယာနိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် သစ်တောကြိုးဝိုင်းများ၌ တောမီးလောင်ကျွမ်းမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် ကိုလံဘီယာအာဏာပိုင်အဖွဲ့အစည်းက တောမီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ကိုလံဘီယာနိုင်ငံတွင် အပူချိန်မြင့်တက်မှုသည် ပြီးခဲ့သည့် ရက်သတ္တပတ်က စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုလံဘီယာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲ အများဆုံးသော နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါက မလိုလားအပ်သည့်ပြဿနာများဖြင့် ရင်ဆိုင်ရနိုင်သည့်အတွက် မီးမပေါ့ဆကြရန်နှင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်လက္ခဏာများ မြင်တွေ့ရပါက သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့ထံသို့ အသိပေးအကြောင်းကြားရန်လည်း ကိုလံဘီယာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဆူဇန်နာမူဟာမက်က ပြောကြားခဲ့သည်။

“လက်ရှိဖြစ်ပေါ်နေတဲ့ အယ်လ်နီညိုရာသီဥတုဟာ အားကောင်းလွန်းပါတယ်။ ကိုလံဘီယာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့ဖူးတဲ့ အယ်လ်နီညိုရာသီဥတုတွေထဲမှာ လက်ရှိဖြစ်နေတဲ့ အယ်လ်နီညိုရာသီဥတုက အားအကောင်းဆုံးလို့ သတ်မှတ်နိုင်ပါတယ်။ အယ်လ်နီညိုရာသီဥတုဟာ အခြေခံအဆောက်အအုံတွေပေါ်မှာ တော်တော်လေးကို ရိုက်ခတ်မှုကြီးမားပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်နေတယ်။ အပူချိန်မြင့်တက်မှုက ပြီးခဲ့တဲ့ရက်သတ္တပတ်ကတည်းက စတင်ခဲ့တာဖြစ်ပြီးတော့ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒေသခံတွေအနေနဲ့လဲ မီးမပေါ့ဆဖို့ အထူးသတိပေးအပ်ပါတယ်”ဟု ဝန်ကြီး ဆူဇန်နာမူဟာမက်က ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလအတွင်း ကိုလံဘီယာနိုင်ငံ၌ တောမီးလောင်ကျွမ်းမှု ၆၂ နေရာထိဖြစ်ပေါ်နေပြီး ၎င်းတို့အနက် ၅၈ နေရာကို ထိန်းချုပ်နိုင်ပြီဖြစ်ပြီး နေရာတချို့ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တောင်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ သုံးမီလီယံ ကူညီပံ့ပိုးပေးသွားမည်

**တိုကျို ဇန်နဝါရီ ၁၁**

တောင်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ သုံးမီလီယံ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံ၌ ဇန်နဝါရီ ၁ ရက်က ငလျင်လှုပ်ခတ်မှုကြောင့် လူဦးရေ ၂၀၀ ကျော်သေဆုံးမှုဖြစ်ပွားခဲ့ပြီး လူဦးရေ ၂၆၀၀၀ ကျော်ထိ အိမ်ခြေရာမဲ့ဖြစ်ခဲ့ရာ ဂျပန်အစိုးရက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ဂျပန်ငလျင်ဒဏ်သင့်ပြည်သူတွေအတွက် တောင်ကိုရီးယားနိုင်ငံရဲ့ကူညီပံ့ပိုးပေးလာမှုကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ ဂျပန်နိုင်ငံနဲ့တောင်ကိုရီးယားနိုင်ငံရဲ့ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ပြသလာတဲ့ တောင်ကိုရီးယားနိုင်ငံရဲ့ ကူညီပေးမှုအတွက် ကျေးဇူးတင်ပါတယ်”ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုကိုကာမီကာဝါက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ငလျင်ဒဏ်သင့်



ပြည်သူများကို အရေးပေါ်ကူညီပံ့ပိုးရေး အစီအစဉ်အတွက် အမေရိကန်နိုင်ငံ အပါအဝင် တရုတ်နိုင်ငံနှင့်လည်းဆွေးနွေးခဲ့ပြီး အခြားသော နိုင်ငံများ၏ ကူညီပံ့ပိုးမှုကိုလည်း လက်ခံရယူသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဂျပန်အစိုးရက ငလျင်ဒဏ်သင့်ဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေးနှင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ပြည်သူများ နေရပ်သို့အမြန်ဆုံးပြန်နိုင်ရေးအတွက် အလေးထားဆောင်ရွက်နေကြောင်း ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# အင်္ဂလန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် အီသန်ကောလိပ် ယာယီပိတ်ထားရ

**လန်ဒန် ဇန်နဝါရီ ၁၁**

အင်္ဂလန်နိုင်ငံ ဝင်ဆောကက်စတယ်မြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အီသန်ကောလိပ် ယာယီပိတ်ထားရကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဝင်ဆောကက်စတယ်မြို့ရှိ သာမတ်စ်မြစ်ရေ လျှံတက်မှုကြောင့် ရေကြီးရေလျှံမှုအခြေအနေ ဆိုးရွားခဲ့ခြင်းဖြစ်ပြီး အီသန်ကောလိပ်ဝင်းတစ်ခုလုံး ရေလွှမ်းနေသည့်အခြေအနေဖြစ်နေကြောင်း၊ အီသန်ကောလိပ်သည် ပုဂ္ဂလိကပိုင်ကောလိပ်ဖြစ်ပြီး တစ်နှစ်လျှင် ကျောင်းသားတစ်ဦးအတွက် ကျောင်းလခမှာ စတာလင်ပေါင် ၄၆၀၀၀ ထိ ပေးချေရသည့်ကျောင်းဖြစ်ကြောင်း၊ စာသင်ကျောင်းကို မဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် အီသန်ကောလိပ်အာဏာပိုင် အဖွဲ့အစည်းက ကျောင်းသားမိဘများထံ တောင်းပန်စာများ ပေးပို့ခဲ့ရကြောင်း သိရသည်။

“သာမတ်စ်မြစ်ရေ လျှံတက်မှုကြောင့် ကောလိပ်ဝင်းအတွင်း ရေလွှမ်းနေပါတယ်။ ဒါကြောင့် ကောလိပ်ကို ယာယီပိတ်ထားရတယ်။ ကောလိပ်အနီးပတ်ဝန်းကျင် လမ်းမကြီးတွေလဲ ရေမြုပ်နေတဲ့အတွက် ကောလိပ်ဖွင့်ဖို့က ဘယ်လိုမှအဆင်မပြေနိုင်ပါဘူး။ သာမတ်စ်မြစ်ရေကျဆင်းသွားမှ ကောလိပ်ပြန်ဖွင့်နိုင်မဲ့ အခြေအနေဖြစ်ပါတယ်။ ကျောင်းပိတ်ထားရတဲ့အတွက်ကြောင့် ကျောင်းသားမိဘတွေကို တောင်းပန်ပါတယ်”ဟု အီသန်ကောလိပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံ၏ အကောင်းဆုံးကောလိပ်စာရင်းတွင် ပါဝင်နေသည့် အီသန်ကောလိပ်ကို ရေဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားရသည်မှာ သင်ရိုးညွှန်းတမ်းများ နောက်ကျကာ ကျောင်းသားများအတွက် ထိခိုက်နစ်နာစေနိုင်သည့်အခြေအနေမျိုး မဖြစ်စေရန် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့်ကာလအတွင်း Online မှတစ်ဆင့် စာပေသင်ကြားမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။







၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။





၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# နောင်ကြိုးလျှော့ချိန်

ဝိုင်ဝိုင်



(၁)

“ဟင်း”

“ပုမေ သက်ပြင်းချသံကြီးကလဲ ကဲပါ ညှပ်ပြီနော်”

ဆံပင်ညှပ်ဆိုင်က ခုံပေါ်ထိုင်ကာ မှန်အတွင်း မှမြင်နေရသည့် ပိန်ခြောက်ခြောက်မည်းညစ်ညစ်နှင့် ကိုယ့်ရုပ်သွင်ကို ကြည့်မိရင်း ပုမေ သက်ပြင်းချမိခြင်း ပင်။ ကတ်ကြေးကိုင်ထားသည့် ဆံပင်ညှပ်ဆရာမလေး အေးစုကို ခေါင်းအသာညိတ်ပြမိ၏။ ဆံပင်ဖြူရော နေသည့် တင်ပါးကျော်သည်ထိ ရှည်လျားသော ဆံပင် များကို မညှပ်ချင်၍မရတော့။ အရွယ်ကောင်းစဉ် အခါက ထူထဲနက်မှောင်သော ဆံပင်များက ငှက်ဖျား ရောဂါဖြစ်ပြီးကတည်းက အဆုပ်လိုက်ကျွတ်ပြီးပါး လျလျနှင့် ဆံပင်ဖြူများက အများအပြား။ ယခုလို အရွယ်မှာတော့ ဘာမှမက်မောစရာမရှိတော့သည်ကို နားလည်သည်။

သည်ဆံနွယ်များကို သိပ်ကိုမြတ်နိုးတန်ဖိုးထားခဲ့ သည်။ သည်ဆံနွယ်များကပဲ ပုမေကို အအိုဖြစ်ရမည့် ဘဝမှကယ်တင်ခဲ့သည်။ ပုမေကို တစ်ခုလပ်မ ဟု လူ အများကသိနေကြသော်လည်း ယင်ဖိုမသန်းဖူးသည့် အပျို စစ်စစ်ဆိုသည်ကို ပုမေ၏ကိုယ်စောင့်နတ် အသိဆုံးပင်ဖြစ်သည်။

(၂)

“အမေကလဲ ပုမေ ကိုတိုးကြီးကို မယူနိုင်ဘူး။ ပုမေ ယောကျ်ားကို မယူချင်တာ။ အမေ မရှိတော့ရင် ပုမေ က ရာသက်ပန်တရားရိပ်သာဝင်နေတော့မှာ”

“ယူလိုက်ပါ သမီးရယ်။ ညည်းတူလေးကို မိထွေး လက်ထဲ မထားချင်ပါနဲ့အေ။ တိုးကြီးက ပြောတယ် ညည်းက သူ့ကို မယူရင် သူ့သားခေါ်ပြီး ထွက်သွား မယ်တဲ့။ အမေ မြေးလေးနဲ့ မခွဲပါရစေနဲ့”

သည်စကားကိုပြောသာပြောနေရသည် သမီးပျို လေးကို သမက်မုဆိုးဖို၏လက်တွင်းသို့ ထည့်ပေးချင် စိတ် အမေ့ထံရှိမနေသည်ကို ပုမေ နားလည်သည်။

“ဟင် တူးတူးလေးကို ခေါ်သွားမယ် ဟုတ်လား။ အမယ်လေး မထည့်နိုင်ပါဘူး”

ပုမေ ရင်ထဲတွင် တူးတူးလေးနှင့် ခွဲရရန် အရေးကို တွေးပင် မတွေးနိုင်ပါ။ ကိုတိုးကြီးက အကျပ်ကိုင်ချေ ပြီ။ ပုမေ၏ အစ်မ မနု ဆုံးသွားစဉ်က တူးတူးလေး ခြောက်လသားအရွယ်ပင်ရှိသေး၏။ ထိုစဉ်ကတည်း က တူလေး တူးတူးကို ပုမေပင် နို့ဘူးတိုက်ကာ မွေးခဲ့ရ သည်။ ပုမေတို့က စစ်ကိုင်းတောင်ရိုး အရှေ့ဘက် ရောဝတီမြစ်ကမ်းအနီးရှိ ရှင်ဖြူရှင်လှရွာတွင် နေထိုင် ကြသည်။ ပုမေ ငယ်စဉ်ကတည်းက ရှင်ဖြူရှင်လှ ဘုရားရှေ့တွင် ဘုရားပန်းရောင်းသည်။

(၃)

ပုမေလည်း တူးတူးလေးကိုမခွဲနိုင်၍ ကိုတိုးကြီးနှင့် လက်ထပ်ရသည်။ ရွာထဲရှိဆွေမျိုးမိတ်ဆွေများကို ဖိတ်ကြားကာ မင်္ဂလာဆွမ်းကပ်သည်။ ညအချိန်ရောက် လာမည်ကို ပုမေ သိပ်ကြောက်သည်။ တူးတူးလေးကို ဖက်ကာ ပုမေ အိပ်ချင်ယောင်ဆောင်နေ၏။ ချဉ်စူးစူး အနံ့နှင့်အတူ ကိုတိုးကြီး ခြင်ထောင်ထဲသို့ဝင်လာသည်။ ပုမေ အသက်ကိုအောင့်ထားမိသည်။

“ပုမေ ပုမေ အိပ်မပျော်သေးဘူးမလား။ သားကော အိပ်သွားတာကြာပြီလား”

လက်မောင်းကိုလာကိုင်ပြီး နားနားကပ်ကာ မေး လိုက်သော ကိုတိုးကြီး စကားကြောင့် ပုမေ ဝုန်းခနဲ ထထိုင်လိုက်သည်။

“ဟာ အမယ်လေး ဘယ်လိုကြီးတုံး”

မျက်လုံးကြီးပြူးကာ အထိတ်တလန့်အော်ဟစ်ပြီး ခြင်ထောင်အတွင်းမှ ကိုတိုးကြီး ထွက်သွားသည်။ ပုမေ စိတ်မောသက်သာစွာ ပြုံးလိုက်မိသည်။ မျက်ကွင်းများ ညိုနေစေရန် မျက်ဝန်းတစ်ဝိုက်ကို ကာချယ်အမည်း ရောင်အနည်းငယ်ပွတ်ထားသည်။ ပြည့်ပြည့်ဖူးဖူးနှုတ် ခမ်းကို အညိုရင့်ရင့်နှုတ်ခမ်းနီ ဆိုးထားသည်။ ရုတ် တရက်ထထိုင်လိုက်တော့ ထူထဲနက်မှောင်နေသည့် ဆံနွယ်များက ဝဲဖြာကာ တစ်ကိုယ်လုံးကိုအုပ်ကျ သွားသည်။ ဆံပင်ဖားလျား မျက်ကွင်းညိုညို နှုတ်ခမ်း ညိုပုပ်ပုပ်နှင့် စားမတတ်ဝါးမတတ်အံကြိတ်ကာ စိုက် ကြည့်လိုက်သော ပုမေကို ကိုတိုးကြီး လိပ်ပြာလွင့် မတတ်ကြောက်လန့်သွားချေပြီ။ ပုမေ ကိုတိုးကြီး လက်ကလွတ်ချေ၏။ နောက်ရက်တွင်တော့ ကိုတိုးကြီး က ပုမေနှင့်အတူ လာမအိပ်ရဲတော့။ ကိုတိုးကြီး ပုမေ အနားမကပ်ချင်အောင် စကားတစ်ခွန်းမျှမပြောဘဲ အသွင်အပြင်မတင့်တယ်ခြင်းဖြင့် ပုမေ ရှောင်ရှား နိုင်ခဲ့သည်။ အပျိုဖော်ဝင်စအရွယ်ကတည်းက ယောကျ်ားသားများကို ပုမေက စိတ်မဝင်စားပါ။ အစ်မ မနု ကိုတိုးကြီးနှင့် လက်ထပ်သွားပြီးနောက် မိခင်မုဆိုး မကြီးနှင့် ပုမေတို့သားအမိဈေးရောင်းကာအေးချမ်း စွာနေခဲ့သည်။ အိမ်ထောင်ကျပြီးသူများကိုကြည့်မိပြီး ဒုက္ခနွံထဲသို့ ဆင်းသက်နေကြသူများဟုသာ မြင်တတ် ခဲ့သည်။ မိခင် မရှိတော့သည့်နောက်ဆိုရင်တော့ ပုမေ ရာသက်ပန် တရားရိပ်သာဝင်ကာနေမည်ဟု ဆုံးဖြတ် ထားသည်။ အပျိုစင်ဘဝကိုတန်ဖိုးထားသည့် ပုမေ တစ်ယောက် တူလေးကိုချစ်သည့် သံယောဇဉ်ကြောင့် အိမ်ထောင်သည် အမည်ခံယူလိုက်ရခြင်းပင်။ ပုမေကို ထိတ်လန့်စိတ်ကုန်သွားသော ကိုတိုးကြီးက မန္တလေး တွင် အလုပ်သွားလုပ်မည်ဟုဆိုကာ အိမ်မှထွက်သွား တော့သည်။ များမကြာခင် ကာလအတွင်းမှာပဲ မန္တလေးသူနှင့် နောက်အိမ်ထောင်ထူသွားသည်။ “မကိုခင်မှ ဥကိုခင်သည်” ဟူသောဆိုစကားက ကိုတိုး ကြီးအတွက် ဆိုထားသလိုပင်။ သားလေးတူးတူးအတွက် ကလေးစရိတ်ထောက်ရန်မဆိုနှင့် လာ၍ပင်မတွေ့ အဆက်အသွယ်ဖြတ်သွားတော့သည်။ ပုမေက ကိုတိုးကြီးလုပ်ရပ်ကို သိပ်ကျေနပ်ခဲ့သည်။ သားတစ်ဦး မိခင် တစ်ခုလပ်ဘဝနှင့် ရိုးသားအေးဆေးစွာဖြင့် ဘုရားပန်းရောင်းကာ အမေနှင့် တူးတူးလေးကို ကျွေးမွေးပြုစုခဲ့သည်။

❖ ဆံပင်ညှပ်ပြီးသွားတော့ ပုမေ ဧရာဝတီမြစ်ကမ်းနံဘေးက စစ်ကိုင်း-မင်းကွန်း ကားလမ်းလေးအတိုင်း လမ်းလျှောက်လာသည်။ မော်တန်းရပ်ဟု ခေါ်တွင်ခဲ့သည့် သည်အရပ်လေးက သိပ်ကိုလှပသည်။ စစ်ကိုင်းတောင် ဂူနီချောင်ကနေ ပတ်ကွေ့ဖောက်ထားသည့် ကားလမ်း လေးကို တစ်ဖက်ကဧရာဝတီမြစ်ကမ်းကို ပန်းခုံများ၊ လက်ရန်းများဖြင့် ခြားနားထားသည်။ မန္တလေးမြို့ကြီးကို လှမ်းမြင်နေရခြင်းကလည်း ရှုချင်သဖွယ် ❖

“သမီး ဦးမှတ်ကြီးသား မောင်ကျော်သန်းက ညည်း ကို လက်ထပ်ချင်သတဲ့။ တူးတူးကိုလဲ သားအရင်းလေး လို သဘောထားပါ့မယ်လို့ အမေ့ကို လာပြောနေတယ်”

“လက်မခံပါနဲ့ အမေ။ သမီးအိမ်ထောင်မပြုချင်တာ အမေသိပါတယ်။ တူးတူးလေးကို ပညာတတ်အောင် သမီး ကြိုးစားရှန်းကန်ပေးမှာပါ”

“အဟွပ် အဟွပ် အဟွပ် လက်ခံလိုက်ပါအေ။ ကိုယ့်တစ်ရွာထဲသားချင်းလေ။ တစ်ခုလပ်ဘဝက မတင့်တယ်ပါဘူး။ အမေ့ကျန်းမာရေးကလဲ ကောင်း တာမဟုတ်ဘူး။ ညည်းနဲ့ တူးတူးကို စိတ်မချလို့ပါ။ အားကိုးအားထားအဖြစ် လက်ခံလိုက်ပါ”

“တစ်ခုလပ်ဆိုလဲ သမီး တစ်ခုမှမလပ်အောင် ကြိုးစားနေမှာပါ။ ကိုယ့်ခန္ဓာဖြစ်စဉ်ကို သတိပြု ဝေဒနာကိုရှု တရားနှလုံးသွင်းပြီးသာ နေပါအမေ။ အမေ့ကို ဆေးကောင်းကောင်းကုပေးနိုင်အောင် သမီး ကြိုးစားပြီးဈေးရောင်းနေတာပါ။ ကဲ သမီး ဈေးရောင်း သွားတော့မယ်နော်”

မိခင်ကြီး ဒေါ်မြခင်မှာ အဆုတ်ရောဂါ ခံစားနေ ရသည်။ ဆေးမြီးတိုလေးများဖြင့်သာ ကုသနေရ၏။ ပုမေ အမေ့ကို ဆေးကောင်းကောင်းကုပေးချင်သည်။ ဘုရားပန်းရောင်းရသည်မှာလည်း စားလောက်ရုံသာ ရသည်။ နောက်နှစ်ဆို ကိုးတန်းကျောင်းသားဖြစ်မည့် တူးတူးကို မြို့ထဲရှိ အထက်တန်းကျောင်းသို့ပို့ရမည်။ ပုမေ အမေနှင့်တူးတူးအတွက် အားကိုးရာသည့်အနေ ဖြင့် ကိုကျော်သန်းကို လက်ထပ်ရမည်လား။ ပျိုစင်နေ သည့်ခန္ဓာကို အထိခိုက်မခံနိုင်သည့်အတွေးများဖြင့် စိတ်ရှုပ်နေရ၏။

(၄)

“အို အမေ အမေရယ် ဖြစ်ရလေ။ အဟင့် ဟင့်”

အသက်မဲ့နေသောမိခင်ကိုဖက်ကာ ပုမေ ဝမ်း နည်းပက်လက်ငိုချလိုက်သည်။ တူးတူးလေးကလည်း တရှုပ်ရှုပ်ငိုကြွေးနေ၏။

“ပုမေ စိတ်ထိန်းပါဟာ။ ညည်းအမေ မမာနေတာ ကြာပြီလေ။ ဝေဒနာခံစားနေရတာ ဝဋ်ကျွတ်သွားပြီ လို့သဘောထားပါ။ လူတိုင်း ဒီလမ်းသွားရမှာပဲ။ ညည်း အမေ ခွဲဆို့ပြီး အသက်ပါသွားတာနေမှာပါ”

ဦးကြီးမောင်လှ၏ နှစ်သိမ့်စကားက ပုမေကို ပို၍ ဝမ်းနည်း နောင်တရစေသည်။ တကယ်ဆိုလျှင်ဖြင့် ကိုယ်မနိုင်သည့်ဝန်ကို ထမ်းပေးမည့်သူထံသို့ ကိုယ့် ဘဝအပျိုစင်မှုကို အပ်လိုက်သင့်သည်။ ယခုတော့ အမေ့ကို ပုမေ လက်လွှတ်ရပါပြီ။ တူးတူးလေးကို ပွေ့ ဖက်ကာ ရှေ့ဆက်ရမည့် ဘဝခရီးအတွက် အားမာန် တင်းလိုက်သည်။

“ပုမေမေ ထမင်းက ဒါအကုန်လား။ တူးတူးစား လိုက်ရင် ပုမေမေက ဘာစားမှာလဲ”

“စား စား တူးတူး အကုန်စား။ ပုမေက ဗိုက် အောင့်နေလို့ ထမင်းမစားချင်လို့”

“ဟာ မဖြစ်သေးပါဘူး”

“ဟဲ့ ဘယ်လဲ တူးတူး”

ပုမေမေ အော်မေးသည်ကို လှည့်မကြည့်ဘဲ အိမ် ပေါ်မှ တူးတူး ပြေးဆင်းသွားသည်။ ဆယ်တန်းဖြေ ထားသော လူပျိုပေါက်အရွယ် တူးတူးက သိပ်ကိုလိမ္မာ ၏။ ခဏအကြာတွင် နွားနို့ဘူးလေးကိုင်ကာ တူးတူး ပြန်ရောက်လာသည်။

“ရော့ ပုမေမေ နွားနို့သောက်နော်။ တူးတူး ဘကြီးမောင်လှတို့ နောက်လိုက်ပြီး ပန်းရန်လုပ် မလို့ပြောထားပြီးသား။ ဒီရက်တွေ ပုမေ အိမ်မှာနား။ ဈေးရောင်းမထွက်နဲ့”

သိတတ်လွန်းသော တူးတူးကို ကြည့်ပြီး ပုမေ ပီတိ မျက်ရည်ကျမိသည်။ အိမ်ထောင်သားမွေးခြင်းဆို သည်ကို ဒုက္ခနွံကြီးလို့ မှတ်ယူခဲ့သော်လည်း လူသားမျိုး နွယ်စုများအတွက် မျိုးဆက်များရှိသင့်သလို ဖေးမတွဲ

စာမျက်နှာ ၂၅ သို့ ➤

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၁၈၉၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၁၈၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၄၇၉၁ ဧကကို၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၈၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ငရုတ်များ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ် ၄၇၉၁ ဧက လျာထားစိုက်ပျိုးနေပါတယ်။ ဒီနေ့ထိ ငရုတ်ဧက ၁၈၉၀ စိုက်ပျိုးပြီးပါပြီ။ စိုက်ပျိုးဖို့ကျန်တဲ့ဧကတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်။ ငရုတ်လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပေါင်းစပ်လုပ်ဆောင်နေပါတယ်။ ငရုတ်ကို ဈေးကွက်ဝင် အထွက်နှုန်းကောင်း ဒေသရာသီဥတု၊ မြေအနေအထားနဲ့ ကိုက်ညီတဲ့ သီးနှံအမျိုးအစားကို ရွေးချယ် စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဆက်လက်ပြီးလဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ငရုတ်အပါအဝင် ဆောင်းသီးနှံများအားလုံး အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ အရည်အသွေးကောင်း သီးနှံများထွက်ရှိလာစေရန် စသည့်နည်းပညာပေးလုပ်ငန်းများကို ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေပြင်ထိ ကွင်းဆင်းပညာပေးလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းခတ်မြို့နယ်၌ Box Culvert တံတားနှစ်စင်း တည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းတော် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန်နှင့် လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ မိုင်းခတ်မြို့နယ် ဖာလိုင်းကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ Box Culvert တံတားနှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးနှင့် တာဝန်ရှိသူများက ဖာလိုင်းကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ Box Culvert တံတားနှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားမှုရှိ၊ မရှိ တိုင်းတာစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဖာလိုင်းကျေးရွာ ကုန်ထုတ်လမ်းပေါ်၌ အရှည်ငါးပေ၊ အကျယ် ၂၂ ပေနှင့် အမြင့် ငါးပေရှိ Box Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၁၇ ဒသမ ၅ သန်းအသုံးပြု၍ ၂၀၂၃ ခုနှစ် စက်တင်ဘာလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မိုင်းခတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးသူ**



➤ စာမျက်နှာ ၂၄ မှအဆက်

ကူခြင်းဟူသော အစုန်အဆန်မေတ္တာတရားလည်းရှိနေကြောင်းကို ပုမေ နားလည်လာသည်။ တူးတူးလေးကို မွေးဖွားပေးခဲ့သည့် အစ်မ မနုကို ကျေးဇူးတင်စွာ သတိရနေမိသည်။ ပုမေ ဈေးရောင်းမနားပါ။ တူးတူးကလည်း တက္ကသိုလ်တက်ရန်စောင့်ရင်း ရသည့်အလုပ် လိုက်လုပ်သည်။

သည်လိုနှင့် ရက်၊လ၊နှစ်များပြောင်းလာပြီး တူးတူးလေးဘွဲ့ရကာ နယ်စပ်စည်ပင်ဌာန၌ အလုပ်ဝင်ပြီး ကချင်ပြည်နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ရသည်။ ပုမေကို အတူလိုက်ခဲ့ရန် တူးတူးက ခေါ်သော်လည်း မလိုက်နိုင်ပါ။ တူးတူးဘဝလေး တင့်တယ်သွားပြီဖြစ်၍ တစ်ခုတည်းသော သံယောဇဉ်ကြိုးလေးကို ဖြေလွှတ်လိုက်ကာ ပုမေ ကိုယ့်ဆန္ဒကိုအကောင်အထည်ဖော်တော့မည်။

(၅)

အသွားထက်လှသော ကတ်ကြေးက ပုမေ၏ မလှပတော့သည့်ဆံဖြူဆံနက်များကို ညှပ်ချနေသည်။ ခေါင်းပေါ်တွင် ရှိနေစဉ်သာ တန်ဖိုးထားနိုင်သော ဆံပင်များက ဖြတ်စညှပ်စအဖြစ် ကြမ်းပြင်တွင် ခကြရသောအခါ မြင်ရသူအတွက် မသတီစရာပင်ကောင်းနေသေးတော့၏။

"ကဲ ပုမေ ညှပ်ပြီးပြီနော်။ ပုမေ ခေါင်းလေးပေါ့သွားပြီမလား"

"အင်း"

ပုမေ အသက် ၅၀ ကျော်သည်ထိ ထိန်းသိမ်းလာသည့် ဆံပင်များကိုလည်း မမက်မောတော့ပါ။

ငယ်စဉ်ကသိပ်လှသည့်ဆံပင်ကိုဖြတ်နိုးခြင်းကြောင့် ခေါင်းတုံးတုံးကာ သီလရှင်တော့ဖြင့်မဝတ်လို။ဆံပင်ညှပ်ပြီးသွားတော့ ပုမေ ဧရာဝတီမြစ်ကမ်းနံဘေးက စစ်ကိုင်း-မင်းကွန်း ကားလမ်းလေးအတိုင်း လမ်းလျှောက်လာသည်။

မော်တန်းရပ်ဟု ခေါ်တွင်ခဲ့သည့် သည်အရပ်လေးက သိပ်ကိုလှပသည်။ စစ်ကိုင်းတောင် ဂူနီချောင်ကနေ ပတ်ကွေ့ဖောက်ထားသည့် ကားလမ်းလေးကို တစ်ဖက်ကဧရာဝတီမြစ်ကမ်းကို ပန်းခုံများ၊ လက်ရန်းများဖြင့် ခြားနားထားသည်။ မန္တလေးမြို့ကြီးကို လှမ်းမြင်နေရခြင်းကလည်း ရှုချင်သဖွယ်။ ဧရာဝတီမြစ်ရေတိုးချိန်ဆိုလျှင် သည်နေရာလေးရှိ သဘာဝအလှတရားများက ဖမ်းစားနိုင်လွန်း၍ လူအများတကူးတကလာကြည့်ကြ၏။ ငေးမောကာ လမ်းလျှောက်လာရင်း သဘာဝတရားကြီးက ဖန်ဆင်းပေးထားသည့်လောကကြီးတွင် အချိန်ယန္တရားကြီးက မရပ်မနားခုတ်မောင်းနေခြင်းကြောင့် တစ်ခုလပ်အမည်ခံအပျိုစင်နေသည့် ပုမေ၏ ခန္ဓာကိုယ်က အိုရွယ်ကာ ဇရာဖိစီးလာခြင်းကိုတော့ ရှောင်လွှဲ၍မရနိုင်ကြောင်းကို ဆင်ခြင်သုံးသပ်ပြီး ရာသက်ပန်တရားအားထုတ်ရန် တရားရိပ်သာဆီသို့သာ တရွေ့ရွေ့လျှောက်လှမ်းနေပေတော့သည်။

## လမြတ်ပြာသို

\- ဆောင်းဟေမန္တ အေးမြချိန်တွင်
မြိုင်စုံမြနန်း နုစိမ်းစိုလွင်
စိတ်မှာကြည်ရွှင် ဘဝင်မှာအေး
နုစိမ်းစိုစို ပန်းခွာညို
ပြာသိုလတွင်း ကြူမွှေးသည်တည့်လေး။

\- သော်တာငွေလ ဝင်းပကြည်သာ
ဖုသျှကြယ်မင်း ငွေအဆင်းရောင်ဝါ
ရာသီရုပ်မှာ ကောင်းခြင်းဖြာလို့
မြန်းကြွခိုက်ကြုံ ဝလာဘုံ
ရိပ်မြုံသာနန်း ရေးထမ်းသည်တည့်လေး။

\- ရှင်တစ်ထောင်နေ့ မမေ့အစဉ်လာ
နိဗ္ဗာန်ရည်မှန်း လျှောက်လှမ်းလှူကာ
သုံးတန်သဒ္ဓါ ရည်စူးကာဖြင့်
မေတ္တာပေးဝေ တောင်းဆုခြွေ
ခေါ်စေသာဓု ထူးမြတ်သည်တည့်လေး။

\- ဟိုးရှေးနန်းတွင်း ပွဲကျင်းပြည်တစ်ခွင်
မြင်းခင်းအလှ ကျင်းပအစဉ်
မိန်းညိုတန်ဆာ ဝတ်ဆင်ကာ
ဝင့်ကာလှုံလေး မာန်ကြွသည်တည့်လေး။

\- နန်းရေးအသွင် စည်ပင်ဝပြောတော့သည်။
ချမ်းအေးအစဉ် ကြည်လင်သာမောပေါ့အတည်။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

# ငဖဲမြို့နယ် လေးအိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပင်ဦးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လေးအိမ်စုကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၄ ဦးကို ငွေကျပ် ၄၆၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

**ငင်မာ**

# စုပ်ခွက်ငါး၏ သဘာဝနှင့် အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)

စုပ်ခွက်ငါးကို အင်္ဂလိပ်အမည် Sucker Mouth Catfish ဟုခေါ်ဆိုကြပြီး သိပ္ပံအမည်မှာ Hypostomus Plecostomus ဟုအမည်တွင်ကာ မြန်မာလိုငါးခူမျိုးစိတ်တစ်မျိုးဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံ၏ ဒေသတချို့တွင် စုပ်ခွက်ငါးကို မြွေပွေးငါးခူဟုလည်းခေါ်သည်။ စုပ်ခွက်ငါးသည် ရေညှိရေမှော်များကိုစားသောကြောင့် အလှမွေးငါးကန်များကို သန့်ရှင်းပေးသောငါးဟုလည်း ထင်ရှားသည်။

**စုပ်ခွက်ငါး၏ ပုံသဏ္ဌာန်နှင့် မူရင်းဒေသ**

ရေချိုအလှမွေးငါးကန်နံရံများတွင် တွယ်ကပ်ပြီး ထူးခြားသည့်သက်ရှိသတ္တဝါတစ်မျိုးဖြစ်သည်။ စုပ်ခွက်ငါး၏ပုံသဏ္ဌာန်မှာ စုပ်ခွက်ပုံစံပါးစပ်၊ သံချပ်ကာပုံစံ ငါးခူမျိုးစိတ် တစ်မျိုးဖြစ်ပြီး အပူပိုင်းဒေသမှ ဆင်းသက်လာသော စုပ်ခွက်ငါးများကို အလှမွေးငါးအဖြစ် စီးပွားဖြစ်မွေးမြူကြသည်ကို တွေ့ရှိရသည်။ စုပ်ခွက်ငါးများကို Plecos သို့မဟုတ် Algae Eater အမည်ဖြင့် မူရင်းဒေသ တောင်အမေရိကမှ အခြားနိုင်ငံများသို့ လူကြိုက်အများဆုံးရေချိုအလှမွေးငါးအဖြစ် ရောင်းဝယ်ခဲ့ကြသည်။ မျိုးစိတ်အားလုံးသည် အော်ဂဲနစ်ပစ္စည်းများနှင့် မြေအောက်ကြမ်းပြင်အလွှာမှရေညှိများစုပ်ယူရန်အတွက် ကျယ်ဝန်းသောပါးစပ်ပိုင်ဆိုင်ထားခြင်းကြောင့် စုပ်ခွက်ငါးအဖြစ် အမည်ပေးခေါ်ဆိုကြသည်။ ၎င်းငါးများသည် ငါးမွေးမြူရေးကန်များတွင် သဘာဝအတိုင်းပေါက်ဖွားရှင်သန်နိုင်ကြသည်။

**စုပ်ခွက်ငါး၏ ဇီဝဗေဒအချက်အလက်များ**

စုပ်ခွက်ငါး၏ ခန္ဓာကိုယ်သည် ရှည်မျောမျောရှိပြီး ကြမ်းတမ်းမာကျောသည့်အကြေးခွံများဖြင့် ဖုံးအုပ်ထားသည်။ သံချပ်ဝတ်တန်ဆာကဲ့သို့ မာကျောသောကြေးခွံများကြောင့် ချပ်ဝတ်ငါးခူဟုလည်းခေါ်ကြသေးသည်။ ထို့ပြင် စုပ်ခွက်ငါးများ၏ကျောပေါ်တွင်ရှိသောဆူးတောင်မှာ မာကျောရုံသာမက အဆိပ်လည်းရှိသည်။ ဆူးတောင်များနှင့်ထိခိုက်မိပါက နာကျင်မှုကို ခံစားရတတ်သည်။ သို့သော်လည်း လူ့အသက်အန္တရာယ်ကိုထိခိုက်စေနိုင်သည်ထိ အန္တရာယ်မများပေ။ စုပ်ခွက်ငါးများ၏ ဝမ်းဗိုက်သည် ဖြူလွလွအရောင်ရှိပြီး ကျန်ခန္ဓာကိုယ်တစ်ခုလုံးသည် အညိုရင့်ရင့်တွင် အဖြူအစက်၊ အနက်စက်လေးများရှိတတ်ကြသည်။ အဖြူရောင်၊ လိမ္မော်ရောင်၊ ရွှေအိုရောင်စသည်ဖြင့် အရောင်ကွဲအနေဖြင့်လည်း တွေ့မြင်နိုင်ပါသေးသည်။ ထို့ပြင် ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ အရောင်ပြောင်းလဲနိုင်စွမ်းလည်းရှိကြသည်။

စုပ်ခွက်ငါး၏ပါးစပ်သည် ကြမ်းပြင်နှင့် တစ်ပြေးညီရှိနေပြီး ရေအောက်ကြမ်းပြင်ရှိ ရေညှိ၊ ရေမှော်များကို စုပ်ယူစားသောက်လေ့ရှိကြသည်။ မှန်ကဲ့သို့ချောမွတ်နေသောမျက်နှာပြင်မျိုးတွင်လည်း ၎င်းငါးများသည် သေသေချာချာတွယ်ကပ်ပြီး နေနိုင်စွမ်းရှိကြသည်။ ထို့ကြောင့် မှန်ကပ်ငါးဟုလည်း နာမည်ကြီးသည်။ စုပ်ခွက်ငါးများသည် ရေအောက်မှ ဒေါင်လိုက်ကူးခပ်ပြီး ရေမျက်နှာပြင်အထက်သို့ တက်ကာအသက်ရှူလေ့ရှိကြသည်။

**စုပ်ခွက်ငါး၏နေထိုင်မှုအလေ့အထ**

စုပ်ခွက်ငါးသည် အမျိုးမျိုးသော ရေအရည်အသွေးအခြေအနေပေါ်တွင် ခံနိုင်ရည်ရှိပြီး ရေသွက်တွင်နေထိုင်ရန် နှစ်သက်ကြသော်လည်း ရေစေးသောနေရာများတွင်လည်း အလိုက်သင့်ပြောင်းလဲနေထိုင်နိုင်ကြသည်။ အက်စစ်ဆန်သောရေနှင့် ထုံးဓာတ်များသောရေတွင် အသက်ရှင်နေထိုင်နိုင်သကဲ့သို့ အငန်နှုန်းအနည်းငယ်ရှိသောနေရာများတွင်လည်း နေထိုင်ကျက်စားနိုင်ကြသည်။

စုပ်ခွက်ငါးများ၏ အစာခြေလမ်းကြောင်းသည် အသက်ရှူအင်္ဂါတစ်ခုကဲ့သို့တည်ရှိပြီး ညစ်ညမ်းသောပတ်ဝန်းကျင်တွင် ခံနိုင်စွမ်းရှိကာ အသက်ရှင်နေထိုင်နိုင်ကြသည်။ စုပ်ခွက်ငါးသည် အူနံရံများမှတစ်ဆင့် အောက်ဆီဂျင်ထုတ်ယူရှူသွင်းနိုင်၍ စိုစွတ်သောနေရာများနှင့် ရေမစီးသောမြစ်၊ ချောင်းများ၌ပင် အသက်ရှင် နေထိုင်နိုင်သည်။ စုပ်ခွက်ငါးအမများသည် တွင်းတူးဥချကြရာ အထီးများမှာ ဥနှင့်မျိုးအောင်ပြီးသော သားလောင်းများကို စောင့်ရှောက်ကြသည်။ ထို့ပြင် ခန္ဓာကိုယ်ဖွဲ့စည်းမှု၏ဆဲလ်တစ်ခုစီတွင် မျိုးဗီဇပမာဏများစွာပါဝင်သောကြောင့် ဇီဝဖြစ်စဉ်ကို ထိန်းညှိပေးသကဲ့သို့ ခန္ဓာကိုယ်အရည်ဖွဲ့စည်းပြောင်းလဲမှုများနှင့် အောက်ဆီဂျင်အလုံအလောက်မရရှိနိုင်သောနေရာ သို့မဟုတ် မိုးခေါင်သောကာလအတွင်း ဆိုးရွားသော ပတ်ဝန်းကျင် အခြေအနေများတွင်လည်း ခံနိုင်ရည်ရှိကြသည်။ စုပ်ခွက်ငါးများ၏ ဇီဝကမ္မသည်



ဒေသရင်းငါးများထက် ခံနိုင်ရည်ရှိသော အားသာချက်တစ်ခုကြောင့် ကမ္ဘာတစ်ဝန်းရှိနေရာများတွင် နေထိုင်ရန်အတွက် အခွင့်အရေးတစ်ခုဖြစ်သည်။

**မျိုးပွားခြင်းနှင့် အစာစားခြင်းအလေ့အထ**

စုပ်ခွက်ငါးအမများသည် မျိုးပွားချိန်တွင် ရေအောက်ကြမ်းပြင်ကို ကျင်းအဖြစ်တူးကာ ဥချတတ်ကြပြီး စုပ်ခွက်ငါးအမတစ်ကောင်သည် ဥတစ်ကြိမ်ဥလျှင် ဥပေါင်း ၂၀၀၀ ခန့် ဥ ဥလေ့ရှိပြီး စုပ်ခွက်ငါးများ၏ သက်တမ်းမှာ နှစ် ၂၀ မှ ၃၀ ထိ အသက်ရှည်ကြသည်။ စုပ်ခွက်ငါးများသည် ရေညှိ၊ ရေမှော်ပင်၊ ကြာပင်နှင့် ကန်စွန်းရွက်ကဲ့သို့ အရွက်များကိုလည်း နှစ်ခြိုက်စွာ စားသုံးလေ့ရှိသည်။ ထို့ပြင် အခြားရေသတ္တဝါငယ်လေးများ၊ အင်းဆက်သားလောင်းများနှင့် ငါးသားလောင်းလေးများကိုလည်း စားသောက်ကြသည်။ အရိအခွဲများကို အလွန်နှစ်သက်သဖြင့် အခြားငါးများ၏ခန္ဓာကိုယ်တွင် ကပ်နေသည့် အရိအခွဲများကိုလည်း အတင်းတွယ်ကပ်ပြီး စုပ်ယူစားသောက်တတ်ကြသဖြင့် စုပ်ခွက်ငါး၏စုပ်အားကြောင့် အခြားငါးများမှာ ဒဏ်ရာအနာတရဖြစ်ကြသလို စူးရှမာကျောသောဆူးတောင်များ၊ အကြေးခွံများနှင့် ထိုးမိသည့်အတွက်လည်း ဒဏ်ရာရတတ်ကြသည်။ စုပ်ခွက်ငါးသည် အရွယ်အစားအားဖြင့် အထီး ၁၆ လက်မ၊ အမ ၁၈ လက်မခန့်ရှိပြီး သဘာဝရေပြင်တွင် လက်မ ၂၀ မှ ၂၄လက်မ ထိကြီးထွားနိုင်ကြကာ အလေးချိန် သုံးပေါင်ထိ ရှိနိုင်သည်။

**စုပ်ခွက်ငါးနှင့် ဂေဟစနစ်**

မြန်မာနိုင်ငံတွင် နှစ်နှစ်၊ သုံးနှစ်ကြာမှ တစ်ကြိမ်ရေခန်းငါးထုတ်ဖော်ခြင်း၊ ရာသီဥတုကြောင့် အပူချိန်မြင့်မားပြီး ငါးကန်အောက်ခြေတွင် ရေညှိရေမှော်များ၊ အော်ဂဲနစ်အဆွေးများ ပိုမို၍ အစုအပုံဖြစ်နေစေခြင်းမှာ စုပ်ခွက်ငါးများ ရှင်သန်ပေါက်ဖွားရန် အခြေအနေကောင်းများကို ဖြစ်ပေါ်စေသည်။ စုပ်ခွက်ငါးသည် တွေ့ကရာအကုန်စားပစ်တတ်သည့် အလေ့အထရှိသောကြောင့် အခြားရေနေသတ္တဝါများအတွက် အစာဂေဟစနစ်ကို ပျက်စီးစေနိုင်သည်။ ငါးသားလောင်းများကိုလည်း ဖမ်းယူစားသောက်တတ်သကဲ့သို့ အချို့ငါးမျိုးစိတ်များကိုလည်း ဖမ်းယူစားသောက်တတ်သည်။ အပင်များတွင်ကပ်ပြီး ဥချထားသောဥများကိုလည်း စားသောက်ကြသည့်အတွက် မျိုးသုဉ်းခြင်းကို ဖြစ်စေနိုင်သည်။ ရေပေါ်နှင့် အခြားအင်းဆက်အပင်များ၊ ရေအောက်ရှိ အပင်အမျိုးမျိုးကိုလည်း ကိုက်ဖြတ်စားသောက်တတ်သောကြောင့် ရေဝပ်ဒေသ၏ ရေအရည်အသွေးကိုလည်းကျဆင်းစေပြီး အခြားသောငါးများအတွက်လည်း အစာကွင်းဆက်ပြတ်ပြီး အစာရေစာရှားပါးမှုကိုလည်းဖြစ်ပေါ်စေသည်။

စုပ်ခွက်ငါးများသည် နေရာဒေသအမျိုးမျိုး၌ အံဝင်ခွင်ကျနေနိုင်ပြီး ခံနိုင်ရည်မြင့်မားလွန်းလှသည်။ နောက်ကျိလွန်းသောဗွက်ရေထဲတွင်လည်း ရှင်သန်နိုင်ကြသကဲ့သို့ စုပ်ခွက်ငါး၏မာကျောသည့်အကြေးခွံများကြောင့် အသားစားကြူးသည့် အခြားငါးမျိုးစိတ်များကပင် စုပ်ခွက်ငါးကို ဖမ်းမစားကြပေ။ စုပ်ခွက်ငါးများသည်မျိုးပွားနှုန်းမြန်သောကြောင့် ရေချိုသယံဇာတအတွက်မူ အန္တရာယ်ရှိလှပေသည်။ စုပ်ခွက်ငါးများကြောင့် မွေးမြူရေးငါးများအစာလုံလောက်မှုမရှိခြင်း၊ မွေးမြူရေးငါးများ၏နေရာကို ခွဲဝေယူထားသဖြင့် ရေရှည်အတွက် စုပ်ခွက်ငါးကို မွေးမြူရေးငါးများ၏ ငါးစာအဖြစ်ပြုပြင်အသုံးချခြင်း၊ စုပ်ခွက်ငါးကိုစားသုံးရန် တီထွင်လမ်းကြောင်း ဖော်ထုတ်ခြင်း၊ စုပ်ခွက်ငါးများ၏ အာဟာရတန်ဖိုးကို စစ်ဆေးတိုင်းတာခြင်း၊ စားသုံးရန် ပညာပေးလှုံ့ဆော်ခြင်းတို့ဆောင်ရွက်ရမည်ဖြစ်သည်။

**စုပ်ခွက်ငါးအန္တရာယ်မှ ကာကွယ်ခြင်း**

ငါးမွေးကန်များတွင် စုပ်ခွက်ငါးအန္တရာယ်မှ ကာကွယ်ရန် ကန်အောက်ခြေရှိ အပုပ်အဆွေးများကို ပုံမှန်ရှင်းလင်းပေးခြင်း၊ ကန်အောက်ခြေရှိရေကိုတစ်ပေမှ နှစ်ပေခန့် လစဉ်ရေသစ်လဲပေးခြင်း၊ ပိုက်စိပ်ဖြင့် ငါးကန်အောက်ခြေကြမ်းကိုတိုက်ဆွဲပြီး စုပ်ခွက်ငါးကြီး၊ ငါးသေးများအားလုံးကို ဖမ်းယူဖယ်ရှားခြင်းဖြင့် ရှင်းလင်းနိုင်သည်။ အကောင်းဆုံးမှာ ငါးကန်ကိုရေခန်းပြီး ငါးအားလုံးကိုရှင်းလင်းခြင်း၊ ကန်ကိုအခြောက်လှန်းခြင်း၊ ရေသစ် သွင်းသည့်အခါ ဆန်ခါစိပ်ဖြင့် အဆင့်ဆင့်စစ်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်သည်။ အဆိုပါငါးမျိုးကို ကန်ထဲရောက်မှ ရှင်းလင်းခြင်းထက် ကန်ထဲမရောက်လာစေရန် ကြိုတင်ကာကွယ်ခြင်းက ပိုထိရောက်သည်။

**အသိပညာပေးခြင်း**

စုပ်ခွက်ငါးများကို အလှမွေးငါးအဖြစ်မွေးမြူရန်နှင့် အလှမွေးငါးကန်များတွင် ရေညှိ၊ ရေမှော်များရှင်းလင်းရန်အတွက် ပြည်ပမှတင်သွင်းလာသည့် စုပ်ခွက်ငါးများသည် ယခုအခါ မြန်မာနိုင်ငံ၏မြစ်၊ ချောင်းများတွင် ပျံ့နှံ့ရုံသာမက ငါးမွေးမြူရေးကန်များအတွင်းရောက်ရှိကာ အဓိကထားမွေးမြူထားသောငါးများနှင့်အပြိုင် အစာလုယူစားသုံးနေသဖြင့် အစာပိုမိုကုန်ကျပြီး လုပ်ငန်းရှင်များအရှုံးပေါ်ခြင်း၊ စုပ်ခွက်ငါး၏ဆူးတောင်မှာ မွေးမြူရေးငါးများ၏ခန္ဓာကိုယ်အရေပြား၊ အကြေးခွံများကို ဒဏ်ရာအနာတရဖြစ်စေ၍ ရောဂါဖြစ်ပေါ်ခြင်း၊ နေထိုင်သည့်ဓလေ့ကြောင့် ကန်အောက်ခြေများပျက်စီးစေပြီး ရေရှည်တွင် မြန်မာ့ဒေသရင်းငါးမျိုးစိတ်များနှင့်ရေမြေသဘာဝကိုပါ ထိခိုက်ပျက်စီးစေနိုင်ကြောင်း တွေ့ရှိရသည်။

သို့ပါသောကြောင့် စုပ်ခွက် ငါးကိုမွေးမြူမည်ဆိုပါက ပြင်ပသို့လွတ်ထွက်စေခြင်းမရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် စုပ်ခွက်ငါးများကို သဘာဝရေပြင်တွင်တွေ့ရှိပါက ရေသတ္တဝါအစားထိုးကုန်ကြမ်းအဖြစ် အသုံးပြုကြရန် သို့မဟုတ် သင့်လျော်သောနည်းလမ်းဖြင့် ဖယ်ရှားဖျက်ဆီးပါရန် ငါးလုပ်ငန်းဦးစီးဌာနကလည်း အသိပညာပေးထားသည်။

**စုပ်ခွက်ငါးအသုံးဝင်ပုံ**

စုပ်ခွက်ငါးများသည် အသားဓာတ်အထွက်နှုန်းနည်းပါးခြင်း၊ ပြာမှုန့်ပါဝင်မှုမြင့်မားခြင်း၊ အပြင်ဘက်အခွံမာကျောခြင်းကြောင့် ကိုင်တွယ်ရခက်ခဲခြင်းတို့ကြောင့် အခြောက်လှန်း၍ တိရစ္ဆာန် အစာအဖြစ် ပြင်ဆင်မှုတွင် ငါးစာမှုန့်အဖြစ်အသုံးပြုခြင်း၊ အခွံနှင့်အရိုးများသည် ကယ်လ်စီယမ်ဓာတ်ပါဝင်မှုများခြင်းကြောင့် ဖြည့်စွက်အစာ အစားထိုးကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ပေသည်။ ကယ်လီဖိုးနီးယားပြည်နယ်မှ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် စုပ်ခွက်ငါးများကို ခွေးစာနှင့် ကြောင်စာပြုလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်သည့်အချိန်တွင် အဆိုပါစုပ်ခွက်ငါးပြဿနာမှာ အတော်လေးပြေလည်သွားခဲ့သည်။ စုပ်ခွက်ငါးကိုအသားလွှာပြီး ၎င်းအသားလွှာများကို ငါးအသားခြောက်ရသည်ထိ အဆင့်ဆင့်ပြုလုပ်ရသည်။ ထို့နောက် အဆိုပါ ငါးအသားခြောက်များကို သေသပ်စွာထုပ်ပိုးပြီး တိရစ္ဆာန်အစာရောင်းသောဆိုင်များတွင် တင်သွင်းကြသည်။ စုပ်ခွက်ငါးကို ငါးအသားခြောက်အဖြစ် ရောင်းရသည်က ပိုအဆင်ပြေသည်ဟု သိရသည်။ စုပ်ခွက်ငါးအသားခြောက်ကို ၂၀၂၁ ခုနှစ်က တိရစ္ဆာန်အစာအဖြစ်စထုတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတွင် အဆီပါဝင်မှုနည်းပါးသောကြောင့် ခွေးနှင့် ကြောင်များ ကြိုက်နှစ်သက်ကြပြီး အများအပြားရောင်းရသည်ဟု သိရသည်။

အချုပ်အားဖြင့်ဆိုရသော် ဒေသရင်းငါးမျိုးမဟုတ်သည့်စုပ်ခွက်ငါးများသည် သဘာဝရေပြင်အတွင်းသို့ လွတ်မြောက်ခဲ့သော် သို့မဟုတ် လွတ်မည်ဆိုပါက သဘာဝအရင်းအမြစ်များကို ပျက်စီးစေနိုင်ပြီး အန္တရာယ်ရှိသောငါးမျိုးစိတ်ဖြစ်သည်။ သို့သော်လည်း စုပ်ခွက်ငါးသည် အလှမွေးငါးကန်များကိုသန့်ရှင်းပေးသောငါးအဖြစ်လူသိများပြီး စားသုံးမည်ဆိုပါက စားသုံး၍လည်းရသည့်အပြင် တိရစ္ဆာန်အစာကုန်ကြမ်းအဖြစ် အသုံးဝင်သဖြင့် လူ့အကျိုးပြုငါးမျိုးစိတ်တစ်မျိုးလည်းဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**


၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)၊ အပိုင်း(က)
၂။ ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊အမှတ်(၂)
၃။ Fish Base of Myanmar
၄။ Inland Fisheries of Myanmar

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ ၁၄၂၁၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ ၁၄၂၁၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံမျိုးစုံ ၁၄၂၁၃ ဧက လျာထားစိုက်ပျိုးရာတွင် မတ်ပဲ ဧက ၉၂၈၀၊ ပဲတီစိမ်း ဧက ၄၇၈၀၊ ပိုလ်ကိတ်ပဲ ၁၀၄ ဧက၊ မြေပဲ ၄၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပဲသီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲသီးနှံမျိုးစုံ ၁၄၂၁၃ ဧကထိ လျာထားစိုက်ပျိုးမှာ ဖြစ်ပါတယ်။ ဆောင်းသီးနှံပဲတွေကို လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနအပြင် အခြားနှီးနွယ်ဌာနတွေနဲ့ ချိတ်ဆက်ကူညီပံ့ပိုးဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနကနေ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ပို့ချသင်ကြားပေးထားပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပဲသီးနှံများ အထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုမရှိစေရန်၊ အပင်အားဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည်တို့ကို စနစ်တကျ သုံးစွဲတတ်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မကွေးမြို့နယ် သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မကွေး ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာဇောင်းကန်ကျေးရွာအုပ်စု သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုနှင့် တစ်နာရီလျှင် လီတာ ၅၀၀ ထွက်သော ရေသန့်စင်စက်တပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် သံဘိုရွာသစ်ခေတ်မီစံပြကျေးရွာတွင် အလျား ပေ ၅၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုနှင့် တစ်နာရီလျှင် လီတာ ၅၀၀ ထွက်သော ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာစီမံကိန်း (Smart Village) ရန်ပုံငွေကျပ်သိန်း ၃၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၇ သိန်း အသုံးပြုပြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်က ပြောပြ၍ သိရသည်။

**ယယ်လေး**

ခရီးသွားဆောင်းပါး

# ဂုဏ်ရည်အဖုံဖုံမွေးပျံ့သင်းထုံ မြို့ချောင်းဆုံ

သက်နိုင်(မြင်ဦးလွင်)

မွန်ပြည်နယ် ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်ကို ရောက်ရှိနေကြပြီဖြစ်တဲ့ မိမိတို့ခရီးဖော်တွေ ကမာမို ရွာမှာလေ့လာပြီး ရွာလွတ်ရွာကိုဆက်လက်ထွက်ခွာ လာခဲ့ကြပါပြီ။ သံလွင်မြစ်တစ်ဖက်ကမ်း မော်လမြိုင် မြို့ကနေ ဘီလူးကျွန်းပေါ်ကို စတင်ရောက်ရှိခဲ့တဲ့ ကညော်ရွာ၊ မုဒွန်းရွာ၊ ကမာမိုရွာတွေမှာ အလွန်စည် ကားဖွံ့ဖြိုးနေပြီး ခေတ်မီတိုက်တာအိမ်ခြေအဆောက် အအုံတွေကလဲ ကျွန်းပတ်လမ်းတစ်လျှောက်လုံး အဆက် မပြတ်အများအပြား တည်ရှိနေကြတာကို တွေ့မြင် ခဲ့ရပေမဲ့ ရွာလွတ်ရွာကို လာတဲ့လမ်းမှာ အိမ်ခြေတွေ၊ ရွာစဉ်ရွာတန်းတွေ နည်းပါးလျော့ကျသွားတာကို သတိထားမိနေတယ်။ ကျွန်းပေါ်အရောက် လမ်း တစ်လျှောက်မှာ မတွေ့မမြင်ခဲ့ရတဲ့ တောတန်းလေး တွေ၊ လယ်ကွင်းလယ်ကွက်တွေ၊ စိုက်ခင်းပျိုးခင်းတွေကို တွေ့မြင်လာရတယ်။ မြို့တွင်း၊ ရွာတွင်းကနေ မြို့ပြင်၊ ရွာပြင်ကိုရောက်ရှိလာရသလို တိတ်ဆိတ်ခြောက်ကပ် သွားတာပါ။

ကမာမိုရွာနဲ့ရွာလွတ်ရွာက အလှမ်းမဝေးတာ ကြောင့် ကားမောင်းချိန်မိနစ်အနည်းငယ်အတွင်း မှာ ရွာလွတ်ရွာကို ရောက်ရှိလာတယ်။ ပထမဆုံး အနေနဲ့ ရွာအဝင်မှာ စိုက်ထူထားတဲ့ဆိုင်းဘုတ်ကြီး ကို ညာဘက်လမ်းဘေးမှာ ရုတ်တရက်တွေ့မြင် လိုက်ရတယ်။ ရွာအဝင်ဆိုင်းဘုတ်မှာ “ရွာလွတ်ရွာ၊ စက်မှုလက်မှုနယ်မြေမှ ကြိုဆိုပါ၏”ဆိုတဲ့စာသား တွေကို မြန်မာဘာသာ၊ မွန်ဘာသာတွေနဲ့ ရေးထိုး ထားတဲ့အပြင် ကလပ်ပေါ်တင်ထားတဲ့ဆေးတံကို စက်သွားပုံခွေးသွားစိပ်နဲ့ဝိုင်းရံထားတဲ့ သစ်ချပ်ဖော်ပုံ တစ်ခုကိုလဲ ထည့်သွင်းရေးဆွဲထားတယ်။ ဘီလူး ကျွန်းကို အမိကလာရောက်ချင်တဲ့အကြောင်းရင်း က ဆေးတံတွေထုတ်လုပ်တဲ့ ရွာလွတ်ရွာနဲ့ဆေးတံ လုပ်ငန်းတွေကို မြင်တွေ့လေ့လာချင်တာပါ။ ဘီလူးကျွန်းနဲ့ပတ်သက်ပြီး ဆေးတံတွေ ထုတ်လုပ်တဲ့ ရွာလွတ်ရွာဆိုတာကိုသာ သိရှိထားတယ်။

ငယ်စဉ်ကလေးဘဝက မြန်မာ့အသံရေဒီယိုက ထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းပမာ နားဆင်စရာ အစီအစဉ် မှာ နိုင်ငံခြားတိုင်းပြည်ကြီးတစ်ခုကို ရောက်ရှိသွားတဲ့ မြန်မာလူကြီးတစ်ယောက်အကြောင်း၊ အဲဒီလူကြီးက နိုင်ငံခြားတိုင်းပြည်ကိုရောက်ရှိနေပြီး မြန်မာနိုင်ငံကို ပြန်လာတော့မဲ့အချိန်မှာ အိမ်အပြန်လက်ဆောင် အဖြစ် လှပသေသပ်ကောင်းမွန်တဲ့ တန်ဖိုးကြီးဆေးတံ တစ်ချောင်းကို ဝယ်ယူခဲ့ကြောင်း၊ နိုင်ငံခြားကတန်ဖိုး ကြီးဆေးတံကို ဝယ်ယူလာရတဲ့အတွက် အလွန်ဂုဏ်ယူ ဝမ်းမြောက်ပျော်ရွှင်နေကြောင်း၊ ဝယ်ယူလာခဲ့တဲ့ ဆေးတံနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကိုပြန်လည်ရောက် ရှိလာမဲ့အချိန်မှာ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်း တွေကို ကြွားဝါဂုဏ်ယူပြောဆိုမည်ဖြစ်ကြောင်း၊ ဒါပေ မဲ့ တည်းခိုနေတဲ့ဟိုတယ်ကို ပြန်လည်ရောက်ရှိလာပြီး ဆေးတံကို သေသေချာချာကြည့်မိတဲ့အခါ မိတ်အင် ရွာလွတ်ဆိုတဲ့စာကိုတွေ့ရှိလိုက်ရတာကြောင့် ကိုယ့် နဖူးကိုယ်ပြန်ရိုက်ရတဲ့အထိ ဖြစ်သွားရကြောင်း စတဲ့ အကြောင်းအရာတွေပါတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို မှတ်မိနေတယ်။ လွန်ခဲ့တဲ့ လေး၊ ငါးနှစ်လောက်က ဘုတလင်မြို့ကိုလေ့လာရေးနဲ့ အလည်အပတ်ခရီး ရောက်ရှိချိန်မှာ ခရီးဖော်အဖြစ်အတူလိုက်ပါခဲ့တဲ့ ဆရာမောင်ကြည်သော်(ကောလင်း)က အဲဒီဆရာကြီး သိန်းဖေမြင့်ပေါ့ကွ၊ ဂျာမနီနိုင်ငံကိုသွားရင်း တကယ် ဖြစ်ခဲ့တာဆိုတာကို ပြောဆိုရှင်းပြခဲ့ဖူးပါတယ်။ အခု အချိန်မှာ ဆရာကြီးသိန်းဖေမြင့်ကော၊ ဆရာ မောင်ကြည်သော် (ကောလင်း)ပါ မရှိကြတော့ဘဲ ကွယ်လွန်သွားခဲ့ကြပါပြီ။ ဒါပေမဲ့ ရွာလွတ်ရွာကို ရောက်ရှိနေတဲ့အချိန်မှာ ဆရာကြီးနှစ်ယောက်စလုံးကို သတိရမိနေတယ်။

ရွာလွတ်ရွာအဝင်ဆိုင်းဘုတ်ကိုတွေ့တာနဲ့ ကား ရပ်ပြီး မှတ်တမ်းဓာတ်ပုံတွေရိုက်ယူကြရသလို လွန်ခဲ့ တဲ့ အနှစ်နှစ်ဆယ်လောက်ကတည်းက လာရောက်ဖို့ကြိုးစား ထားတဲ့ ရွာလွတ်ရွာကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိ လာလို့လဲ ဝမ်းသာလိုက်ရတယ်။ ဓာတ်ပုံတွေရိုက်ပြီး တာနဲ့ ရွာအဝင်ဆိုင်းဘုတ်ကနေ ဆက်လက်ထွက်ခွာ လာခဲ့ကြတာ ဆေးတံရုပ်ကြီးရှိတဲ့ ရွာလယ်အဝိုင်းပတ် လမ်းဆုံနေရာကို မကြာခင်မှာ ရောက်ရှိလာကြ တယ်။ လမ်းဆုံနေရာရောက်တာနဲ့ ဆေးတံရုပ်ကြီးကို ဓာတ်ပုံရိုက်ချင်တာရယ်၊ ဘယ်လမ်းအတိုင်း ဆက်လက် သွားရောက်ရမယ်ဆိုတာကို မသိတာရယ်ကြောင့် ကားကိုလမ်းဘေးချရပ်လိုက်ရတယ်။ ကားရပ်ပြီးတာ နဲ့ လှလှပပသေသေသပ်သပ် ပြုလုပ်ထားတဲ့ အဝိုင်းပတ်အပါအဝင် ဆေးတံရုပ်ကြီးကို မှတ်တမ်း ဓာတ်ပုံတွေ ရိုက်ယူနိုင်ကြရတာနဲ့အတူ လမ်းဘေး မှာရှိနေတဲ့ ဒေသထွက်ကုန် အရောင်းဆိုင်တစ်ဆိုင်




ကိုလဲ တွေ့မြင်လေ့လာနိုင်ကြရတယ်။ အရောင်းဆိုင် က ရွာလွတ်ရွာမှာ အကြီးဆုံးဆိုင်ကြီးတစ်ဆိုင်ဖြစ်နေ သလို ဒေသထွက်ကုန်တွေဖြစ်တဲ့ ကမ္ဘာကျော်ဆေးတံ တွေအပါအဝင် သစ်သားထွက်ပစ္စည်း၊ ဝါး၊ နှီး၊ ကြိမ်၊ အုန်း၊ ချည်၊ ပိုးထွက်ကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ် ရောင်းချနေတာ တွေ့ရတယ်။

အရောင်းဆိုင်တာဝန်ခံရဲ့ပြောပြချက်အရ သမဝါ ယမအသင်း၌ာနပိုင် ဆိုင်ကြီးတစ်ဆိုင်ဖြစ်ကြောင်းနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဒေသထွက်ကုန် ပစ္စည်းတွေကို မြန်မာနိုင်ငံ မြို့၊ ရွာအနှံ့ တင်ပို့ရောင်း ချပေးနေရတဲ့ ဆိုင်ကြီးဖြစ်ကြောင်း သိလိုက်ရတယ်။ ဆိုင်အတွင်းမှာလဲ ထုတ်လုပ်ရောင်းချနေတဲ့ ဒေသ ထွက်ကုန်အမျိုးမျိုးကို အများအပြားတွေ့မြင်ရတယ်။ ပစ္စည်းတွေအားလုံးက လိုချင်စွဲမက်ကြိုက်နှစ်သက်စရာ တွေပါ။ ဒါပေမဲ့ မိမိတို့အသုံးဝင်မဲ့ပစ္စည်းတချို့နဲ့ အိမ် အပြန်လက်ဆောင်အဖြစ် သင့်တော်တဲ့ပစ္စည်းတချို့ကို သာ ရွေးချယ်ဝယ်ယူခဲ့ကြရတယ်။ အဝိုင်းပတ်လမ်းဆုံ နဲ့ အရောင်းဆိုင်နေရာက ရွာလွတ်ရွာရဲ့ အဓိကနဲ့ အစည်ကားဆုံးနေရာတစ်ခုဖြစ်ပြီး အိမ်ကြီးအိမ်ကောင်း တိုက်တာအဆောက်အအုံတွေ ဝိုင်းရံနေတာကိုလဲ တွေ့မြင်နေရတယ်။ အရောင်းဆိုင်မှာ လေ့လာ ကြည့်ရှုဝယ်ယူပြီးကြတာနဲ့ ဆေးတံလုပ်ငန်းတွေရှိရာကို သွားရောက်လေ့လာကြဖို့ မေးမြန်းစုံစမ်းတဲ့အခါ ဆိုင်လုပ်ငန်းတွေ ခေတ္တရပ်နားထားကြောင်း၊ ရွာမှာ ရှိတဲ့လူတွေအားလုံးနီးပါးလဲ လှေပြိုင်ပွဲရှိရာကို သွား ရောက်နေကြပြီဖြစ်ကြောင်း သိလိုက်ရတယ်။ ဆိုင် လုပ်ငန်းတွေ ခေတ္တရပ်နားထား၊ ရွာမှာလဲ လူတွေမရှိ တာကြောင့် ဆေးတံလုပ်ငန်းတွေကို လေ့လာကြည့်ရှု ကြဖို့ လွဲချော်ကြရပြန်ပါပြီ။ ဒါကြောင့် ရွာလွတ်ရွာ ကနေထွက်ခွာလာကြပြီး ဆည်ပလာရွာမှာရှိတဲ့ သဘာဝပင်လယ်ကမ်းခြေကိုသွားရောက်ကြဖို့ စီစဉ် ကြရတယ်။

ရွာလွတ်ရွာလယ်ကနေ စတင်ထွက်ခွာမောင်းနှင် လာတာနဲ့ ကတ္တရာခင်းလမ်းမဟုတ်တော့ဘဲ ကျောက် ခင်းလမ်းဆိုးဆိုးကြမ်းကြမ်းကို တွေ့မြင်ရင်ဆိုင်လာရ တယ်။ ဘီလူးကျွန်းပေါ်ရောက်ရှိလာပြီး ဖြတ်သန်းလာ ခဲ့တဲ့ ရွာစဉ်တစ်လျှောက်မှာ ကတ္တရာခင်းလမ်းချော လမ်းကောင်းတွေကိုသာ တွေ့မြင်မောင်းနှင်လာခဲ့ရပေ မဲ့ ရွာလွတ်ရွာကထွက်တာနဲ့ လမ်းတွေဆိုးတော့တာပါ။ ရွာလွတ်ရွာကြီးက ရွာလယ်တစ်ဝိုက်မှာသာ ဖွံ့ဖြိုး စည်ကားနေပြီး ကျန်တဲ့နေရာတွေမှာ သာမန်ရွာငယ် လေးတစ်ရွာအဖြစ်နဲ့ တွေ့မြင်တည်ရှိနေသလို လမ်း တွေမကောင်းတာကလဲ ထူးဆန်းအံ့ဩဖွယ်ကောင်း နေတယ်။ လမ်းဆိုးဆိုးအတိုင်း တဖြည်းဖြည်း မောင်းနှင်လာရင်း လမ်းဘေးတစ်လျှောက်က အိမ်ငယ်၊ တဲငယ်လေးတွေကို သတိထားမိနေတယ်။ လမ်းမှာ ရင်ဆိုင်ရသမျှ ကားတွေ၊ ဆိုင်ကယ်တွေကို ဖုန်တထောင်းထောင်းထအောင် ရှောင်လိုက် မောင်း လိုက်နဲ့ မိနစ်အတန်ကြာတဲ့အချိန်မှာ ရွာလွတ်ရွာမှ နှုတ်ခွန်းဆက်သပါ၏ဆိုတဲ့ ဆိုင်းဘုတ်ကို လမ်းဘေး အောက် လယ်ကွင်းအစပ်မှာ တွေ့မြင်လိုက်ရတယ်။ ဆိုင်းဘုတ်လေးကို ဓာတ်ပုံရိုက်ယူဖို့အတွက် လယ် ကွက်ထဲထိ ဆင်း၊ ကျင်းတွေ၊ ချိုင့်တွေရှောင်၊ ရေတွေ ကို ခက်ခက်ခဲခဲရှောင်ရှားပြီးမှ ရိုက်ယူခဲ့ရတယ်။

ရွာလွတ်ရွာကိုကျော်လွန်ပြီးတာနဲ့ လမ်းအခြေ အနေက တဖြည်းဖြည်းနဲ့ ကောင်းမွန်ချောမွေ့လာသလို မကြာခင်မှာ ချောင်းဆုံမြို့အဝင် ဆိုင်းဘုတ်ကို တွေ့မြင် လိုက်ရတယ်။ ဒါပေမဲ့ မြို့အဝင်ဆိုင်းဘုတ်က သပ်သပ် ရပ်ရပ် ခံ့ခံ့ညားညားမဟုတ်ဘဲ အင်္ဂတေတွေ ပဲ့တဲ့ နေရာကပဲ့၊ စာလုံးတွေ ကွာတဲ့နေရာကကွာ၊ ဆေးတွေ ပျက်တဲ့နေရာကပျက်နဲ့ အရုပ်ဆိုးအကျည်းတန်နေရ တယ်။ ဆိုင်းဘုတ်က မလှမပနဲ့ အရုပ်ဆိုးနေပေမဲ့ မှတ်တမ်းဓာတ်ပုံတွေကို မဖြစ်မနေရိုက်ယူခဲ့ရတယ်။ ဒီအကြိမ်မှာတော့ လယ်ကွင်းထဲ၊ ကျင်းတွေ၊ ချိုင့်တွေ ထဲ၊ ရေတွေထဲ ဆင်းစရာမလိုတော့ပါဘူး။

ရွာလွတ်ရွာမှာ လူသွားလူလာ ရှင်းလင်းနေ သလောက် ချောင်းဆုံမြို့နားကို ရောက်လာတာနဲ့အမျှ အသွားအလာများပြားလာတာကို တွေ့မြင်နေရတယ်။ မြို့အဝင်ဆိုင်းဘုတ်မှာ ဓာတ်ပုံရိုက်အပြီး ပြန်ထွက်လာ တာနဲ့ ကားတွေ၊ ဆိုင်ကယ်တွေသာမက လမ်းလျှောက် သွားလာနေကြတဲ့လူအုပ်စုတွေကို ရှောင်ရှားစောင့် ဆိုင်း မောင်းနှင်နေရင်း တစ်နေရာအရောက်မှာ အလွန်များပြားတဲ့လူအုပ်ကြီးကို ထပ်မံတွေ့ရှိရပြန် တယ်။ ဘာဖြစ်ကြတာလဲ၊ ဘာတွေလုပ်နေကြတာလဲ လို့ စူးစမ်းလေ့လာကြည့်မှ လှေပြိုင်ပွဲပြုလုပ်ကျင်းပ နေတာဖြစ်ကြောင်း သိလိုက်ရတယ်။ ဆည်ပလာရွာက သဘာဝပင်လယ်ကမ်းခြေကို မသွားခင် ရောက်တုန်း ရောက်ခိုက်၊ ကြုံခေါင့်ကြုံခဲ လှေပြိုင်ပွဲကို ဝင်ရောက် ကြည့်ရှုလေ့လာကြရအောင် ကားကိုသစ်ပင်ရိပ်တစ်ခု အောက်မှာ ရပ်လိုက်ပြီး လှေပြိုင်ပွဲကျင်းပနေတယ်ဆို တဲ့ လူအုပ်ကြီးရှိရာကို တိုးဝှေ့ဝင်ရောက်လာကြရတယ်။ လူအုပ်ကြီးက ကားလမ်းဘေးတစ်လျှောက်မှာကော၊ လှေပြိုင်ပွဲကျင်းပနေတဲ့ ကန်ပေါင်ပေါ်မှာပါ အပြည့်ပါ။ ကန်ပေါင်ပေါ်ကိုရောက်ရှိလာတာနဲ့ လှေပြိုင်ပွဲမြင်ကွင်း ကို တွေ့မြင်ကြရပါပြီ။ လှေပြိုင်ပွဲကို ကြည့်ရှုနေရတာက ကန်ပေါင်ပေါ် နေပူကြီးထဲမှာဖြစ်တဲ့အပြင် နောက်ထပ် ခရီးဆက်စရာနေရာတွေ ကျန်ရှိနေသေးတာကြောင့် အချိန်ကြာကြာ ဆက်မကြည့်နိုင်ကြတော့ဘဲ ကားရှိရာ ကို ပြန်လာခဲ့ကြရတယ်။

ဒါပေမဲ့ ပင်လယ်ကမ်းခြေရှိတဲ့ ဆည်ပလာရွာက ၁၀ မိုင်ကျော်ဝေးပြီး လမ်းမကောင်းကြောင်း၊ ပင်လယ်ပြင်ကြီးသာရှိပြီး ဘာမှမရှိကြောင်း၊ တံငါရွာ လေးတစ်ရွာဖြစ်နေတာကြောင့် ငါးပိ၊ ငါးခြောက်တွေ ဝယ်ယူနိုင်ကြောင်း စတာတွေကို စုံစမ်းသိရှိလိုက်ရလို့ ခရီးဖော်တွေအားလုံး စဉ်းစားတိုင်ပင်ကြရတယ်။ ဆည်ပလာရွာကို သွားမလား၊ မသွားဘူးလားဆိုတာပါ။ နောက်ဆုံးမှာ စက်စဲပင်လယ်ကမ်းခြေကိုလဲ ရောက်ရှိ ခဲ့ပြီးဖြစ်၊ ငါးပိ၊ ငါးခြောက်တွေကိုလဲ ပြည့်ပြည့်စုံစုံ ဝယ်ယူခဲ့ကြပြီးဖြစ်သလို ဆည်ပလာရွာကိုမသွားကြ တော့ဘဲ ချောင်းဆုံမြို့မှာ လေ့လာကြည့်ရှုလည်ပတ် ရင်း နေ့လယ်စာ ထမင်းစားသောက်ပြီးတာနဲ့ မော်လမြိုင်ကို ပြန်ကြဖို့ ဆုံးဖြတ်လိုက်ကြရတယ်။

ဒီလိုဆုံးဖြတ်အပြီးမှာ ဒေသခံတစ်ဦးက ဘီလူး ကျွန်းမှာ လည်ပတ်လေ့လာစရာ ကော့ရွဲစေတီ ရှိတယ်။ မုဒွန်းရွာမှာ ကျောက်သင်ပုန်းလုပ်ငန်းတွေ ရှိတယ်။ ရွာလွတ်ရွာမှာ ဆေးတံလုပ်ငန်းတွေရှိတယ်။ သွားရောက်လေ့လာလည်ပတ်လို့ရတယ်ဆိုပြီး စေတနာ နဲ့ပြောကြားလာတာကြောင့် ဒီနေရာတွေအားလုံးကို ရောက်ရှိခဲ့ပြီးကြောင်း၊ ဒါ့ပြင် ကမာမိုရွာကိုလဲရောက်ရှိ ခဲ့ကြောင်း ပြန်ပြောလိုက်ရတယ်။ ဒီအခါမှာ ဒေသခံက ကမာမိုရွာကိုလဲ ရောက်ခဲ့ကြတာလား။ ကမာမိုရွာကို သင်္ကြန်ပွဲတော်ကာလတွေမှာ လာရောက်ကြရမှာဖြစ် ကြောင်း၊ သင်္ကြန်ပွဲတော်ကာလမှာ ကမာမိုရွာက လာသမျှလူအားလုံးကို သိသိ၊ မသိသိ မွန်ရိုးရာသင်္ကြန် ထမင်းနဲ့ဧည့်ခံကြတာ ရွာရှိအိမ်တိုင်းကဖြစ်ကြောင်း၊ ရွာသူရွာသားအားလုံးက မိမိတို့အိမ်ကို ဧည့်သည်တွေ ထမင်းလာစားရင် အလွန်ဝမ်းသာပျော်ရွှင်ကြကြောင်း၊ ဧည့်သည်အများဆုံးလာစားတဲ့အိမ်က ဂုဏ်ရှိကြောင်း၊ ဂုဏ်ယူမဆုံး တပြုံးပြုံးဖြစ်ကြောင်း စတာတွေကို ပြောပြနေလို့ ရောက်ရှိခဲ့ပြီးဖြစ်တဲ့ ကမာမိုရွာအကြောင်း ကို သိရှိလိုက်ရတယ်။ အခွင့်အခါသင့်ပြီး အကြောင်း တိုက်ဆိုင်တဲ့အချိန်ကာလ သင်္ကြန်ပွဲတော်ရက်တွေမှာ ကမာမိုရွာကို ထပ်မံလည်ပတ်သွားရောက်ဖို့ စဉ်းစား ထားလိုက်တယ်။

လှေပြိုင်ပွဲပြုလုပ်ကျင်းပနေတဲ့နေရာကနေ ထွက် လာကြပြီး မကြာခင်မှာ ချောင်းဆုံမြို့တွင်းကို ရောက်လာကြတယ်။ အစီအစဉ်က ချောင်းဆုံမြို့ မှာ လေ့လာလည်ပတ်ကြရင်း နေ့လယ်စာထမင်း စားသောက်ကြဖို့ပါ။ ဒါပေမဲ့ ချောင်းဆုံတစ်မြို့လုံးမှာ လဲ ဆိုင်တွေပိတ်၊ လူတွေမရှိနဲ့ တိတ်ဆိတ်ခြောက်ကပ် နေတာကို တွေ့မြင်ကြရတယ်။ ထမင်းဆိုင် ဒါမှမဟုတ် စားသောက်ဆိုင်တစ်ဆိုင်ဆိုင်ကို တွေ့ရလိမ့်နိုးနိုးနဲ့ ကားကိုတဖြည်းဖြည်းမောင်းနှင်လာခဲ့တာ နောက်ဆုံး မှာ ထမင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေကို မတွေ့ရ ဘဲ မြို့ပြင်ဆိုင်းဘုတ်ကြီးရှိရာကို ရောက်လာကြတော့ တယ်။ ဒီတစ်ခါ တွေ့မြင်ရတဲ့မြို့အဝင်ဆိုင်းဘုတ်က မနက်တုန်းက တွေ့မြင်ခဲ့ရတဲ့ ဆိုင်းဘုတ်ကြီးလို မလှမပ မသေမသပ်မဟုတ်ဘဲ လှလှပပ သေသေ သပ်သပ် ခံ့ခံ့ညားညားနဲ့ တွေ့မြင်နေရတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဘီလူးကျွန်းပေါ်က ချောင်းဆုံမြို့နယ် ချောင်းဆုံမြို့ဆိုတာ ဆေးတံကောင်းတွေထွက်ရှိရာ၊ ကျောက်သင်ပုန်းနဲ့ ကျောက်တံတွေထွက်ရှိရာ ဒေသ တစ်ခုဖြစ်နေတဲ့အတွက် ဂုဏ်ရည်အဖုံဖုံ မွေးပျံ့သင်းထုံ မြို့ချောင်းဆုံလို့ တင်စားခေါ်ဆိုမယ်ဆိုရင် မှားမှာ မဟုတ်ပါဘူး။ ချောင်းဆုံမြို့ပတ်ဝန်းကျင်ကိုတော့ ရသမျှလေ့လာကြည့်ရှုလိုက်ပါအုံးမယ်။

# စနေနေ့ညကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက အိမ်ကွင်းနိုင်ပွဲရှာဖို့ကြိုးပမ်းရမဲ့ နယူးကာဆယ်အသင်း၊ ဂျီနိုအာအသင်း၊ ဘက်တစ်အသင်းတို့ကို အားပေးရမှာပါ



ဒီတစ်ပတ်မှာတော့ အမှတ်ပေးပြိုင်ပွဲအားလုံး ပြန်လည်ကစားမှာဖြစ်ပြီး ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာဖြစ်ပါတယ်။ ပရီးမီးယားလိဂ်နဲ့ စီးရီးအေဟာ ခရစ္စမတ်အားလပ်ရက်ကာလမကြာပေမဲ့ လာလီဂါ၊ လီဂူးဝမ်းနဲ့ ဘွန်ဒက်လီဂါတို့ကတော့ အားလပ်ရက်ကာလကြာရှည်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ဆောင်းရာသီအပြောင်းအရွှေ့ကာလစတင်ခဲ့တာကြောင့် ကလပ်အများစုက ကစားသမားသစ်ခေါ်ယူ၊ ရောင်းချမှုတွေ ပြုလုပ်နေလို့ ပြောင်းလဲမှုများစွာ မြင်တွေ့ရမှာပါ။ ဒီတစ်ပတ်စနေနေ့ညမှာတော့ အိမ်ကွင်းအားသာချက်ရှိပြီး ဒုတိယရာသီဝက်အစမှာ နိုင်ပွဲရှာဖို့ပြင်ဆင်လာမဲ့အသင်းတွေကိုသာ အားပေးသွားမှာဖြစ်ပါတယ်။

## နယူးကာဆယ်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နယူးကာဆယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နယူးကာဆယ်အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ ဆန်းဒါးလန်းကို သုံးဂိုးပြတ်နဲ့ နိုင်ပွဲပြန်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အသင်းရဲ့အဓိကကစားသမားတွေ ဒဏ်ရာရပြီးချိန်မှာ ခြေစွမ်းပိုင်းကျဆင်းသွားခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲ သုံးပွဲမှာ သုံးပွဲစလုံးရှုံးခဲ့ပြီး ခံစစ်ပိုင်းကပေးဂိုး ရှစ်ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၂၀ ကစားအပြီးမှာ ရမှတ် ၂၉ မှတ်နဲ့ အဆင့်(၉) မှာရောက်ရှိနေပြီး အဆင့်(၄)က အာဆင်နယ်နဲ့ ရမှတ် ၁၁ မှတ်ကွာဟနေတာကြောင့် အခုပွဲစဉ်ကိုထပ်မံရှုံးခဲ့ရင် ချန်ပီယံလိဂ်မျှော်လင့်ချက်ဝေးကွာတော့မှာသေချာပါတယ်။ ဒါကြောင့် နည်းပြဟိုဝီဟာ အိမ်ကွင်းကစားအားနဲ့ ခံစစ်က ဘော့မန်း၊ ဖေဘီယာရှာတို့အတွဲကို အကောင်းဆုံးအသုံးချပြီး မန်စီးတီးကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ပြင်ဆင်လာနိုင်ပြီး အစ်ဆက်ခ်၊ ဂေါ်ဒွန်၊ အယ်မီရွန်တို့ရဲ့တိုက်စစ်အားနဲ့ တန်ပြန်တိုက်စစ်ကိုဦးစားပေးကစားလာနိုင်မှာပဲဖြစ်ပါတယ်။ ယခုပွဲစဉ်မှာတော့ နစ်ပုပ်၊ ဝယ်လ်ဆင်တို့အပါအဝင် ကစားသမားကိုးဦးထိ လွဲချော်မှာဖြစ်ပေမဲ့ အသင်းရဲ့ ပထမပွဲထွက်စာရင်းမှာတော့ ကစားအားတောင့်တင်းနေတာဖြစ်လို့ မန်စီးတီးအသင်းကို ပွဲချိန်ပြည့်ယှဉ်နိုင်ဖို့အခြေအနေမှာရှိနေပါတယ်။

မန်စီးတီးအသင်းဟာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလပွဲကျပ်ကာလမှာ ချဲလ်ဆီး၊ လီဗာပူး၊ စပါး၊ အေဗီလာတို့လိုခြေစွမ်းထက်မြက်နေတဲ့အသင်းတွေနဲ့ ဆက်တိုက်ကစားခဲ့ရပြီး ရမှတ်ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ၁၉ ပွဲကစားအပြီးမှာ ရမှတ် ၄၀ နဲ့ အဆင့်(၃) ထိကျဆင်းသွားခဲ့ပြီး အဆင့်(၁)က လီဗာပူးအသင်းနဲ့ ရမှတ် ငါးမှတ်ထိ ကွာဟခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ ကာလရှည်အနားယူနေရတဲ့ ဒီဘရိုင်းပြန်လည်ပါဝင်နိုင်တာကြောင့် မန်စီးတီးအသင်းရဲ့ကစားအားကောင်းလာမှာ သေချာပေမဲ့ တိုက်စစ်ပိုင်းက ဟာလန်းကတော့ ပါဝင်ဖို့မသေချာသေးတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ မန်စီးတီးအသင်းဟာ နယူးကာဆယ်အသင်းထက် ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုသာလွန်နေပေမဲ့ အကျောပေးမှုကတော့ မန်စီးတီးက တစ်လုံးနဲ့နိုင်ရင် ဘာမှမဖြစ်နိုင်တဲ့အခြေအနေက မန်စီးတီးကို အကြိုက်တွေ့စေနိုင်တာကိုသတိပြုရမှာပါ။ နယူးကာဆယ်အနေနဲ့ မန်စီးတီးကိုဧည့်ခံကစားရတဲ့ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့သလို လက်ရှိကစားသမားအစုအဖွဲ့က မန်စီးတီးကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်စွမ်းရှိနေသေးတာကြောင့် အိမ်ရှင်အသင်းဖြစ်တဲ့နယူးကာဆယ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၁ | - | ၁ | နယူးကာဆယ် |
| လူတန် | ၁ | - | ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၁ | - | ၃ | နော်တင်ဟမ် |
| လီဗာပူး | ၄ | - | ၂ | နယူးကာဆယ် |
| ဆန်းဒါးလန်း | ၀ | - | ၃ | နယူးကာဆယ် |

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အူရာဝါဒိုင်းမွန်း | ၀ | - | ၃ | မန်စီးတီး |
| မန်စီးတီး | ၄ | - | ၀ | ဖလူမီနန်စီ |
| အဲဗာတန် | ၁ | - | ၃ | မန်စီးတီး |
| မန်စီးတီး | ၂ | - | ၀ | ရှက်ဖီး(U) |
| မန်စီးတီး | ၅ | - | ၀ | ဟတ်ဒါဖီး |

## ဂျီနိုအာအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဂျီနိုအာအသင်းနဲ့ တိုရီနိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျီနိုအာအသင်းဟာ အခုနှစ်တန်းတက်လာတဲ့အသင်းတွေထဲမှာ ရလဒ်ပိုင်းကောင်းနေတဲ့အသင်းဖြစ်သလို နောက်ဆုံးငါးပွဲဆက်မှာလဲ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်သာရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီငါးပွဲမှာ ဂျူဗင်တပ်၊ အင်တာမီလန်၊ ဘိုလော့နာတို့လို ကစားသမားအင်အားတောင့်တင်းပြီး ခြေစွမ်းပိုင်းကောင်းနေတဲ့အသင်းတွေကို ရမှတ်ခွဲယူခဲ့တဲ့ ခြေစွမ်းပိုင်းက အားရစရာဖြစ်နေပါတယ်။ နောက်ဆုံးအိမ်ကွင်းငါးပွဲဆက်မှာလဲ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့ပြီး ရှုံးပွဲမရှိအောင်ကစားနိုင်တဲ့ဂီလာဒီနိုရဲ့နည်းစနစ်ပိုင်းကတော့ သတိထားရမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၃-၅-၂ ကစားကွက်နဲ့ပွဲထွက်လေ့ရှိပြီး ဒီကစားကွက်မှာ ကစားသမားတွေရဲ့ အသင်းလိုက်ကစားအားကောင်းမှုက နည်းပြရဲ့နည်းစနစ်ပိုင်းပြောင်းလဲမှုကို အထောက်အကူဖြစ်ခဲ့ပြီး ရလဒ်ပိုင်းကောင်းမွန်စေခဲ့တာဖြစ်ပါတယ်။

တိုရီနိုအသင်းကလဲ နောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နာပိုလီအသင်းနဲ့ ပွဲစဉ်မှာလဲ အိမ်ကွင်းမှာ ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်ခဲ့လို့ သုံးဂိုးပြတ်အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းကလဲ အိမ်ကွင်းကစားပုံမာကျောတဲ့အသင်းတစ်သင်းဖြစ်ပေမဲ့ အဝေးကွင်းကိုးပွဲမှာတော့ နှစ်ပွဲသာအနိုင်ရခဲ့ပြီး နှစ်ပွဲသရေ၊ ငါးပွဲရှုံးခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာလဲ ပေးဂိုးသုံးဂိုးရှိခဲ့ပြီး တိုက်စစ်ကဂိုးမရခဲ့တာကိုလဲသတိပြုရမှာပါ။ လက်ရှိ ၁၉ ပွဲအပြီးမှာ ရမှတ် ၂၇ မှတ်နဲ့ အဆင့်(၁၀) မှာရှိနေပေမဲ့ ရမှတ်အများစုကို အိမ်ကွင်းပွဲစဉ်တွေမှာသာ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြဂျူရစ်ကတော့ အဝေးကွင်းရလဒ်ဆိုးကိုပြင်ဖို့ကြိုးစားနေတာကြောင့် နောက်ဆုံးအဝေးကွင်းပွဲစဉ်တွေမှာ ပေးဂိုးနည်းလာပေမဲ့ တိုက်စစ်ပိုင်းဂိုးပေါက်ပျောက်ဆုံးနေမှုကို မပြင်နိုင်သေးပါဘူး။ လက်ရှိအကျောပေးမှုကလဲ နာပိုလီကိုအနိုင်ယူထားတဲ့ သူတို့အသင်းခြေစွမ်းပိုင်းနဲ့ ဂျီနိုအာကို သရေရလဒ်ဖြစ်ရင်တောင် ခပ်ပါးပါးပဲရှုံးမဲ့အခြေအနေက သတိထားစရာပါ။ ဒါကြောင့် အိမ်ကွင်းကစားပုံတည်ငြိမ်ပြီး အသင်းကြီးတွေကိုတောင် ထိန်းချုပ်ကစားခဲ့တဲ့ဂျီနိုအာကိုပဲ ရွေးချယ်ရမှာပါ။

### ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မွန်ဇာ | ၁ | - | ၀ | ဂျီနိုအာ |
| ဂျီနိုအာ | ၁ | - | ၁ | ဂျူဗင်တပ် |
| ဆက်ဆူအိုလို | ၁ | - | ၂ | ဂျီနိုအာ |
| ဂျီနိုအာ | ၁ | - | ၁ | အင်တာမီလန် |
| ဘိုလော့နာ | ၁ | - | ၁ | ဂျီနိုအာ |

### တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖရိုစီဝမ်း | ၀ | - | ၀ | တိုရီနို |
| တိုရီနို | ၁ | - | ၀ | အမ်ပိုလီ |
| တိုရီနို | ၁ | - | ၁ | အူဒီးနီးစ် |
| ဗီအိုရင်တီးနား | ၁ | - | ၀ | တိုရီနို |
| တိုရီနို | ၃ | - | ၀ | နာပိုလီ |

## ဘက်တစ်အသင်း အနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေမှာ အကြိုက်တွေ့မိတာကတော့ ဘက်တစ်အသင်းနဲ့ ဂရန်နာဒါအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ နောက်ဆုံးငါးပွဲဆက်မှာ နိုင်ပွဲပျောက်ဆုံးခဲ့ပြီး နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ အဆင့်(၁၉)က ဂရန်နာဒါနဲ့ တွေ့ဆုံနေတာကြောင့် ရမှတ်ရှာဖွေဖို့အခွင့်ကောင်းဖြစ်ပြီး နိုင်ပွဲရှာဖို့ပြင်ဆင်လာမှာပါ။ ဘက်တစ်ဟာ နောက်ဆုံးခြောက်ပွဲဆက်နိုင်ပွဲပျောက်ခဲ့ပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့အသင်းဖြစ်တာကို တွေ့ရမှာပါ။ အိမ်ကွင်းကိုးပွဲမှာ ငါးပွဲနိုင်၊ လေးပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ၁၉ မှတ်ထိ စုဆောင်းနိုင်ခဲ့တာကို သတိပြုရမှာပါ။ အထူးသဖြင့် တိုက်စစ်ပိုင်းက အီဂယ်စီယာ၊ ဝီလံဂျို့စ်၊ ဒီယာအို၊ ပီရက်ဇ်၊ဟန်းရစ်တို့လိုကစားသမားတွေရှိနေတာကြောင့် ဂရန်နာဒါလိုပေးဂိုးများနေတဲ့ခံစစ်ပိုင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။

ဂရန်နာဒါအသင်းဟာ အမှတ်ပေးပွဲ ၁၈ ပွဲအပြီးမှာ နိုင်ပွဲနှစ်ပွဲသာရခဲ့ပြီး ငါးပွဲသရေ၊ ၁၁ ပွဲရှုံးရလဒ်ကြောင့် အဆင့်(၁၉) မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုနှစ်မှ လာလီဂါကိုတန်းတက်လာခဲ့ပေမဲ့ အဓိကပြင်ဆင်မှုတွေမလုပ်နိုင်ဘဲ လက်ရှိကစားသမားအစုအဖွဲ့ကလဲ အထိုင်ကျဖို့ရုန်းကန်နေရတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အသင်းရဲ့ကစားသမားတွေရဲ့စွမ်းဆောင်ရည်က သာမန်အဆင့်သာရှိတာကြောင့် ရလဒ်ကောင်းဖို့ရုန်းကန်နေရပြီး လက်ရှိအချိန်ထိ ခံစစ်ပိုင်းက ပေးဂိုး ၄၀ နဲ့ပေးဂိုးဒုတိယအများဆုံးအသင်းဖြစ်နေတာကို သတိပြုရမှာပါ။ နည်းပြသစ်ကတော့ ပြီးခဲ့တဲ့ကာဒီဇက်နဲ့ပွဲမှာနိုင်ပွဲရှာနိုင်ခဲ့ပေမဲ့ ဘက်တစ်လိုအိမ်ကွင်းကောင်းတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါ့ပြင် ဘက်တစ်ဟာ လက်ရှိအိမ်ကွင်းရှုံးပွဲမရှိသေးသလို ဂရန်နာဒါနဲ့တွေ့ဆုံခဲ့တဲ့ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာလဲ သုံးပွဲစလုံးအနိုင်ရထားတာကိုတွေ့ရမှာပါ။ လက်ရှိအကျောပေးမှုကတော့ ဘက်တစ်က တစ်လုံးနဲ့နိုင်ရင် ဘာမှမဖြစ်နိုင်တဲ့အခြေအနေက ဘက်တစ်အနိုင်ရမှာသေချာပါတယ်။

### ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၂ | - | ၃ | ရီန်းဂျား |
| ဆိုစီဒက် | ၀ | - | ၀ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၁ | ဂျီရိုနာ |
| ဆဲလ်တာဗီဂို | ၂ | - | ၁ | ဘက်တစ် |
| အလာဗက် | ၁ | - | ၀ | ဘက်တစ် |

### ဂရန်နာဒါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | ဂရန်နာဒါ |
| ဂရန်နာဒါ | ၁ | - | ၁ | ဘီလ်ဘာအို |
| ဆဲလ်တာဗီဂို | ၁ | - | ၀ | ဂရန်နာဒါ |
| ဂရန်နာဒါ | ၀ | - | ၃ | ဆီဗီလာ |
| ဂရန်နာဒါ | ၂ | - | ၀ | ကာဒီဇက် |

# ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်၊ တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းနှင့် တပ်မတော်ပညာရေးကျောင်းများအတွက် လိုအပ်သော Boundary Microphone ပစ္စည်း၊ GoPro Camera ပစ္စည်း၊ ပုံနှိပ်စက်သုံးကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးခွဲနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် တင်ဒါပုံစံဖြည့်စွက်ပြီး ၁၇-၁-၂၀၂၄ ရက် နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။ ထိုသို့တင်သွင်းရာတွင် တင်သွင်းသူများအနေဖြင့် တောင်းခံလွှာတစ်ခုချင်းစီ၏ Lot အလိုက် ပစ္စည်းများအားလုံး တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ်၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၆၀၂၇၈၊ ၀၃၁-၇၄၂၇၃၊ ၀၃၂-၃၀၂၇၀၊ ၀၃၃-၇၂၇၈၁၊ ၀၃၆-၃၀၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။


**စာအုပ်စာပေ လူ့မိတ်ဆွေ**


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

**သစ်ပင် စိုက်ပါ တို့ကမ္ဘာ သာယာ လှပ စိမ်းမြမြ**

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ၄၂၄၆ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နေကြာစိုက်ခင်းကိုတွေ့ရစဉ်။

**ကျုံပျော် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ၄၂၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာဧက ၉၄၁၀ ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံ နေကြာ ၄၂၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာဧက ၉၄၁၀ ကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကျုံပျော်မြို့နယ်အတွင်း ဆီထွက်သီးနှံ နေကြာဧက ၉၄၁၀ ထိ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ နေကြာ ၄၂၄၆ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ စိုက်ပျိုးရန်ကျန်တဲ့ ဆီထွက်သီးနှံနေကြာတွေကို လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူတွေအနေနဲ့ ဆီထွက်သီးနှံနေကြာတွေ လျာထားချက်အတိုင်းပြည့်မီအောင် စိုက်ပျိုးဖို့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ကူညီပံ့ပိုးဆောင်ရွက်ပေးနေပါတယ်" ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံ နေကြာဧက ၉၄၁၀ ကို ကျေးရွာ ၂၂ ရွာမှ ဒေသခံတောင်သူများက စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာများ အထွက်နှုန်းကောင်းမွန်စေရန်၊ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုမရှိစေရန်၊ အပင်အားဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာစသည်တို့ကို စနစ်တကျ သုံးစွဲတတ်စေရန် စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

# ချောက်မြို့နယ် ပန်းဘဲ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်ရည်ရွယ်၍ ပန်းဘဲကျေးရွာအုပ်စု ပန်းဘဲ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပန်းဘဲ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ချောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းဘဲကျေးရွာအုပ်စု ပန်းဘဲ(တ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၃ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၄၅ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃ ဒသမ ၈၅ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံ ငွေကျပ် ၁၉ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စီးပွားရေးကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတစ်ဝန်းလုံး၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် နိုင်ငံအတွက် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေး အခြေခံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဆန်နှင့် ဆီများ ပေးအပ်လှူဒါန်းပြီး တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံထောက်ပံ့

**နေပြည်တော် ဇန်နဝါရီ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် နိုင်ငံတော်ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်အတွင်းရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများအတွက် ဆန်၊ ဆီနှင့် အလှူငွေများ လှူဒါန်းကြသည်။

ဦးစွာ နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ခေမာသီဝံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသော ဆရာတော်အရှင်သူမြတ်များထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



## ထူးခြားသည့် ညအပူချိန်များ

၁၁-၁-၂၀၂၄

| | | |
|---|---|---|
| ကျောက်မဲ | ၁ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၁ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၂ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲပိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၄ | ဒီဂရီစင်တီဂရိတ် |

ကျောင်းသားကျောင်းသူများအနေဖြင့် စာကို ကြိုးစားသင်ယူပြီး မိမိအတွက်၊ မိသားစုအတွက်၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူချွန်လူကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက် စာမျက်နှာ - ၂၁

မန္တလေး - ကျောက်မြောင်းကြားတွင် ရေဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကြည့်ရှုသော ခရီးသွားဦးရေများပြားလာ စာမျက်နှာ - ၂

